# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 1 February 2018 ၉၁၈၇



**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

# ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ဆွေးနွေးအကြံပြုချက်များနှင့်အညီ အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများတွင် ပြည့်စုံအောင် ကြိုးပမ်းတင်ပြသွားမည်



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

နေပြည်တော် ဇန်နဝါရီ ၃၁

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် တိုင်းဒေသကြီး ဝန်ကြီးများ ခန့်အပ်ခြင်းကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေကြမ်းအား အတည်ပြုခြင်း၊ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာစောညိုဝင်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်ညွှန့်ညွှန့်ဌေး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးတင်အောင်ဝင်းတို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း လွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ကို ရယူအတည်ပြုသည်။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ** အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးစိုးမင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြကြသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်း၊ ပြည်ပချေးငွေ(၂)ရပ်ပေါင်းသည် ငွေကျပ် ၇၅၉၃ ဘီလီယံ ဖြစ်၍ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ခွင့်ပြုချက်ထက် ငွေကျပ် ၂၅၉၃ ဘီလီယံ ပိုမိုချေးယူခဲ့ခြင်း**နှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမှန်တကယ် ချေးယူနိုင်သည့် ပမာဏ ငွေကျပ် ၅၀၀၀ ဘီလီယံကို သတ်မှတ်ခဲ့ရာတွင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၃



## (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

စာမျက်နှာ » ၃



## ကောလင်းမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်လေ့လာ

စာမျက်နှာ » ၁၀


KBZ BANK

STRENGTH OF MYANMAR

'BEST BANK IN MYANMAR'

Awarded by FinanceAsia 2017

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊

ကြေးမုံ

## စုစည်းညီညွတ်သော တို့ပြည်ထောင်စု

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်ကို ကမ္ဘာ့နိုင်ငံများအားလုံး သိရှိထားကြပြီးဖြစ်သည်။ နှစ်ပေါင်းထောင်ချီရှည်လျားစွာ ဖြတ်သန်းခဲ့သည့် ထိုပြည်ထောင်စုကြီးသည် မည်သည့်အခါကမျှ ယုတ်လျော့သွားသည်မရှိ၊ အချို့ကာလများတွင် ယခုလက်ရှိပြည်ထောင်စုကြီးထက်ပင် ပိုမိုကြီးမားကျယ်ပြန့်သည်ကို တွေ့ရပါသည်။

ပြည်ထောင်စုကြီး ကြီးမားကျယ်ပြန့်ခြင်းသည် ခံ့ညားထည်ဝါမှုနှင့်အတူ ဒေသပတ်ဝန်းကျင်တွင် ဂုဏ်ရှိန်မြင့်မားမော်ကြွားနိုင်ခဲ့ပါသည်။ ပြည်ထောင်စုကြီး မြင့်မားထည်ဝါခြင်းသည် စည်းလုံးညီညွတ်ခြင်း၏ အရင်းခံ အကြောင်းပင်ဖြစ်သည်။ လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်ကျယ်ဝန်းပြီး ရှေးရှေးကာလက ထို့ထက်မက ကျယ်ဝန်းသည်။ တရုတ်၊ လာအို၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများနှင့် ထိစပ်နေသည်။ အတိတ်သမိုင်းကြောင်းကာလ မြန်မာနိုင်ငံ၏ စုစည်းညီညွတ်မှုနှင့် အင်အားတောင့်တင်းခိုင်မာမှုကို အိမ်နီးချင်းအဆိုပါနိုင်ငံများ အသိဆုံးဖြစ်သည်။

ရှေးဦးကာလက မြန်မာနိုင်ငံ၏လူဦးရေမှာ သန်းခုဂဏန်းသာရှိသည်။ နိုင်ငံမှာ ကျယ်ဝန်းပြီး လူဦးရေအနည်းငယ်မျှနှင့် အိမ်နီးချင်းနိုင်ငံများကို ကျော်လွှားနိုင်သည်မှာ ပြည်ထောင်စုကြီးအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုနှင့် ရဲစွမ်းသတ္တိမြင့်မားမှုကြောင့် ဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်ထောင်စုသားအချင်းချင်း အခန့်မသင့်မှုကြောင့် ပဋိပက္ခဖြစ်ပွားမှု အချို့ရှိခဲ့သော်လည်း ပြည်ထောင်စုကြီးကိုမူ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ခဲ့ကြသည့် အစဉ်အလာကောင်းများ ရှိခဲ့သည်။ ကိုယ့်ထီးကိုယ့်နန်းနှင့် ပြည်ထောင်စုကြီးအတွင်း လွတ်လပ်စွာ နေထိုင်ခဲ့ကြသည်။ အချင်းချင်းအင်အားပြိုင်မှုမှအပ မည်သည့် တိုင်းတစ်ပါးကျူးကျော်မှုကိုမျှ လက်မခံခဲ့ကြချေ။ ဤသည်မှာ တိုင်းရင်းသားလူမျိုး ကွဲပြားသော်လည်း ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်အမှန်ပင်ဖြစ်သည်။

၁၉ ရာစုနှစ်ဦးသို့ရောက်သည့်အခါ ကံမကောင်း အကြောင်းမလှ၍လည်းကောင်း၊ စည်းလုံးညီညွတ်မှု လျော့နည်း၍လည်းကောင်း တိုင်းတစ်ပါးနယ်ချဲ့ကျူးကျော်မှု သုံးကြိမ်ပြုလုပ်ပြီးနောက် ပြည်ထောင်စုကြီး တစ်ခုလုံး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ မြန်မာနိုင်ငံသား ပြည်ထောင်စုဖွားတို့သည် တိုင်းတစ်ပါးလူမျိုးခြားလက်အောက်သို့ ကျရောက်ခဲ့ရသည်ကို အနည်းငယ်မျှ လိုလားခြင်းမရှိခဲ့ကြချေ။ အရှည်ဖြစ်တည်ခဲ့သော ပြည်ထောင်စုကြီး ပြန်လည်လွတ်မြောက်ရေးအတွက် တိုင်းရင်းသားအားလုံး အတူပူးပေါင်းလက်တွဲ၍ ကျူးကျော်သူနယ်ချဲ့တို့ကို ညီညီညွတ်ညွတ် တွန်းလှန်ခဲ့ကြရာ လုံးဝလွတ်လပ်သော နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ ရှည်လျားသောသမိုင်းကြောင်းတွင် တိုင်းရင်းသားပြည်သူအားလုံးတို့သည် ညီညွတ်ခဲ့ကြသည်။ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးခဲ့ကြသည်။ မည်သည့်အခါမျှ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းတစ်ခုခု ပဲ့ထွက်သွားမည်ကို လက်မခံခဲ့ကြချေ။ တို့ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ယနေ့ထက်တိုင် စွဲမြဲခိုင်မာစွာ လက်ခံထားဆဲဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်တွင် အကြောင်းအမျိုးမျိုးတို့ကြောင့် ပြည်ထောင်စုသားအချင်းချင်း သွေးကွဲခဲ့ကြသည်။ သွေးကွဲခဲ့ရသည့် သွေးခွဲမှုအကြောင်းရင်းခံများလည်း ရှိသည်။ ပြည်ထောင်စုသားအားလုံးမှာမူ မည်သည့်နည်းနှင့်မျှ သွေးကွဲလိုခြင်း မရှိကြချေ။ သွေးကွဲလျှင် ပြည်ထောင်စုကြီး ယိုင်ယဲ့ချည့်နဲ့ သွားနိုင်ပေသည်။ ပြည်ထောင်စုကြီး ယိုင်နဲ့လျှင် တိုင်းတစ်ပါး စွက်ဖက်မှုများရှိလာမည်။ မျက်မှောက်ကာလ ပြည်ထောင်စု၏ အနေအထားကို သတိထားရှုမြင်ကြရမည်။

မိမိတို့ ပြည်ထောင်စုသား ဘိုးဘွားဘီဘင်များ ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်များကို မမေ့မလျော့ဘဲ လက်ဆင့်ကမ်းအမွေ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းသည် အောင်မြင်ခြင်းနှင့် တည်တံ့ခိုင်မြဲခြင်းဖြစ်၍ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်။ မတူကွဲပြားပြီး သဘောထားကွဲလွဲမှုကြောင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်ပြီး အေးချမ်းသာယာဝပြော၍ တစည်းတလုံးတည်း ဖြစ်ထွန်းနေသည့် ပြည်ထောင်စုကြီး ဖြစ်တည်လာအောင် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အတူလက်တွဲပါဝင်ဆောင်ရွက်ကြရန် လေးစားစွာဖြင့် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

## သံမဏိထုတ်လုပ်မှု တိုးတက်ရေး အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းမြှင့်တင်



**နေပြည်တော် ဇန်နဝါရီ ၃၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယမန်နေ့တွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည့် Developing Steel Industry in Myanmar ဆွေးနွေးပွဲသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော သံမဏိထုတ်ကုန်များ လိုအပ်ချက်သည်လည်း နှစ်စဉ်တိုးတက်လျက်ရှိကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့် စတီးသံပေါင်၊ ရက်မတို့ကို ပြည်ပမှ တင်သွင်းနေရခြင်းကြောင့် ကုန်သွယ်မှုလိုငွေတို့ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်အတွက် နိုင်ငံခြားငွေကုန်ကျမှု သက်သာမည့်အပြင် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာ့စတီးအဆင့်အတန်းကို သတ်မှတ်နိုင်ခြင်း မရှိသေးသည့်အတွက် အရည်အသွေးနိမ့် သံနှင့် သံမဏိထုတ်ကုန်များကိုတင်သွင်း အသုံးပြုနေရကြောင်း၊ မြန်မာ့စတီးအဆင့်အတန်းကို အမြန်ဆုံးသတ်မှတ်ပြဋ္ဌာန်းနိုင်မှသာ ပြည်ပမှ တင်သွင်းနေသော အရည်အသွေးနိမ့် သံမဏိထုတ်ကုန်များကို ကန့်သတ်တားဆီးနိုင်မည်ဖြစ်ကာ ပြည်တွင်း သံမဏိလုပ်ငန်းများ အနေဖြင့်လည်း သတ်မှတ်စံနှုန်းများနှင့်အညီ အရည်အသွေးပြည့်ဝသော သံမဏိထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် ပြည်ပမှ နည်းပညာရှိသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ ယခု ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ သံမဏိထုတ်လုပ်သူများ စုံညီစွာ တက်ရောက်လာကြသည့်အတွက် ကဏ္ဍအလိုက် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာကာ မြန်မာ့သံမဏိ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် လုပ်ငန်းအစီအစဉ် တစ်ခု ချမှတ်အကောင်အထည် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ POSCO Daewoo Myanmar Corporation မှ Chief Researcher ဖြစ်သူ Mr. Chan Wook Park က 'Developing Steel Industry in Myanmar' ခေါင်းစဉ်ဖြင့် ဒေသတွင်း အာဆီယံနိုင်ငံများ၏ စတီးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပုံ အဆင့်ဆင့်နှင့် လက်ရှိမြန်မာနိုင်ငံရှိ သံမဏိစက်ရုံများ၏ ထုတ်လုပ်နေမှု အခြေအနေများ၊ Mr. Kyung Sik Choi က မြန်မာနိုင်ငံရှိ သံမဏိစက်ရုံများ၏ အားနည်းချက်၊ အားသာချက်များနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် အစီအမံများ၊ Mr. Jong Jae Kim က ပြည်တွင်း၊ ပြည်ပ သံမဏိဈေးကွက် အခြေအနေနှင့် ရောင်းချဖြန့်ဖြူးမည့် အစီအမံများကို ရှင်းလင်းရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### တို့ရင်ထဲက တူညီဆန္ဒ

❖ စစ်ဆိုသည်မှာ၊ မရဏာ

စစ်ဆိုသည်မှာ၊ ဒုက္ခာ

စစ်ဆိုသည်မှာ၊ အနိစ္စာ

❖ ခိုင်မာယုံကြည်၊ မြန်ပြည်သူတို့

စစ်ဟူသမျှ၊ မြန်မာ့မြေတွင်

ကင်းစင်စေကာ၊ ဝေဆာပွင့်လန်း

ငြိမ်းချမ်းရေးပန်း၊ ပြည်တစ်ဝန်းတွင်

မနွမ်းမကြွေ၊ မြဲရှင်နေရန်

တို့တွေလက်များ၊ တွဲယှက်ထားပြီး

ရန်များစွာကို၊ ကာကွယ်ပေးကာ

ငြိမ်းချမ်းသာယာ၊ မြန်မာပါဟု

အနာဂတ်တွင်၊ ဖြစ်စေချင်သည်

တို့ရင်ထဲက တူညီဆန္ဒ။ ။

စောရန်ကျော်

**(တတိယအကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ကြိုဆိုဂုဏ်ပြုလျက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရန်ကုန်(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀ မန္တလေး(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၉၀/၉၀၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၁၀/၉၁၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၅/၈၁၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၉၁၅/၉၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၅/၈၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၅/၇၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၀. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၃၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၃၄၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၉၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၈၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၁၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၃. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီး မစ္စတာ စကော့အလန် မာစီရယ်လ်အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၃/၂၀၁၈**
၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၁ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးညီညီ ကို ယင်း၏သဘောဆန္ဒအလျောက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

(၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီ (19th SCI)အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး(19th SCI Meeting)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျကျင်းပခဲ့ရာ ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည့်အတွက် အစည်းအဝေးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများကို ဖိတ်ကြားပြီး ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပခြင်းဖြစ်ပါကြောင်း။

အာဆီယံ ခေါင်းဆောင်များသည် ၂၀၂၀ ပြည့်နှစ်နောက်ဆုံးထား၍ အာဆီယံအသိုက်အဝန်းတစ်ရပ် (ASEAN Community)ကို စတင်ဖော်ဆောင်ရန် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ဘာလီကွန်ကောဒ်-၂ (Bali Concord-2) ကြေညာစာတမ်းကို သဘောတူချမှတ်ခဲ့ကြပါကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့ စည်းမျဉ်းစည်းကမ်းအဖြစ် အာဆီယံပဋိညာဉ်စာတမ်း (The ASEAN Charter)ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် စင်ကာပူနိုင်ငံ၌ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း။

SCI အစည်းအဝေးများတွင် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် မဏ္ဍိုင်အသီးသီးရှိ အစည်းအဝေးများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် လက်ရှိပြန်ကြားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်လျာထားခြင်း၊ စီမံကိန်းများနှင့် စပ်လျဉ်းသည့် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ (ASEAN Cultural Fund) အကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆွေးနွေးညှိနှိုင်းကြခြင်း၊ SCI Meeting အလှည့်ကျကျင်းပမည့်နိုင်ငံ ရွေးချယ်အတည်ပြုခြင်းများစသဖြင့် အများသဘောတူညီချက်ဖြင့် ဆွေးနွေးဆုံးဖြတ်ကြပြီး ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပြန်ကြားရေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးလေ့ရှိပါကြောင်း။

(၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးကို မတ် ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ Sky Star Hotel ၌ ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားနိုင်ရေးအတွက် အကြံပြုဆွေးနွေးစရာများရှိပါက ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးဇေယျာက (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေး အောင်မြင်စွာ ကျင်းပရေးလုပ်ငန်းစီမံချက်နှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များခွဲဝေထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အစည်းအဝေးသို့ လာရောက်မည့် ကိုယ်စားလှယ်များအား ကြိုဆိုနေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးများ ကျင်းပရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အစည်းအဝေးတက်ရောက်မည့် အာဆီယံကိုယ်စားလှယ်များ သွားလာရေးနှင့် စားသောက်ရေးအဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံ၏ ပုံရိပ်ကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက တက်ညီလက်ညီဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရန် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံရှိ ဆီးချိုရောဂါနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရန် မြန်မာနိုင်ငံမှ ဆရာဝန်များအား မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ သိရသည်။

ငွေကြေးအမြတ်အစွန်းအတွက် မဟုတ်ဘဲ ဆီးချိုရောဂါနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရန် မြန်မာနိုင်ငံမှ ဆရာဝန်များအား မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည့် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံဆရာဝန်အသင်း ဟော်မုန်းရောဂါဗေဒပညာရှင်များအသင်း (MSEM)၊ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း (MMDA)၊ အိန္ဒိယနိုင်ငံ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း (PHFI) တို့ ပူးပေါင်းကာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယင်းသို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရသည့် အဓိက ရည်ရွယ်ချက်မှာ အိန္ဒိယနိုင်ငံ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း(PHFI)နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံမှ ဆရာဝန်များ၏ ဆီးချို သွေးချိုရောဂါနှင့် ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို အဆင့်မြှင့်ရန်၊ မြန်မာနိုင်ငံမှ ဆရာဝန်များ၏ ဟော်မုန်းရောဂါနှင့် ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို မြှင့်တင်ရန်တို့ဖြစ်ကြောင်း သိရသည်။

မွမ်းမံသင်တန်းများ ပေးအပ်ပြီး သင်တန်းဆင်း ဆရာဝန်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချို အသင်းချုပ်ကြီး (International Diabetes Federation -IDF) အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ် ရရှိမည်ဖြစ်သည်။ ယင်းအပြင် ဆီးချိုသွေးချိုရောဂါနှင့်ပတ်သက်၍ IDF အသိအမှတ်ပြု သင်ရိုးများကို မြန်မာပြည်တွင် တရားဝင်သုံးစွဲခွင့်ရရှိမည်ဖြစ်ပြီး သင်တန်းများ၊ သင်ရိုးများအတွက် PHFI ကို အခကြေးငွေပေးရန်မလိုအပ်ကြောင်း သိရသည်။ ဆက်လက်၍ နောက်ပိုင်းတွင် ဟော်မုန်းရောဂါနှင့် ပတ်သက်သော သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းများ ပေးအပ်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၂၈ ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ရုံး၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် အိန္ဒိယနိုင်ငံ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း(PHFI)တို့မှ ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **ဝဝ၁**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်း

**မိုးမောက် ဇန်နဝါရီ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖွင့်လှစ်ဆောင်ရွက်သော အခြေခံစားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်က အခြေခံစားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းတက်ရောက်သူများအနေဖြင့် သင်တန်းမှရရှိသော ပညာရပ်များကို လက်တွေ့အသုံးချသွားကြရန်၊ သို့မှသာ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အတိုင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။ **ကြေးမုံ**

# အမေရိကန်သမ္မတ ထရန့် ကွန်ဂရက်တွင် မိန့်ခွန်းပြော




**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၃၀ ရက်တွင် ကွန်ဂရက်၌ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါမိန့်ခွန်းတွင် အခွန်ဖြတ်တောက်မှုနှင့်ပတ်သက်ပြီး ကောင်းမွန်စွာ ကိုင်တွယ်နိုင်ခဲ့ကြောင်း သူ၏စွမ်းဆောင်ရည်ရှိမှုကို အလေးပေးပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြင့်တက်လာစေရန်နှင့် မျှတသော ကုန်သွယ်ရေးစနစ်တစ်ရပ် ပေါ်ထွန်းလာစေရန် ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်ပါတီနှစ်ရပ်၏ ထောက်ပံ့ပေးမှုများ လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အမေရိကန်ပြည်သူများအနေဖြင့် လုံခြုံဘေးကင်းသော ကဏ္ဍစုံတောင့်တင်းခိုင်မာကာ ဂုဏ်ယူဝင့်ကြွားနိုင်သော အမေရိကန်ပြည်ထောင်စု ထွက်ပေါ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတထရန့်က အခွန်ကောက်ခံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အပါအဝင် သူ၏ ပထမသမ္မတသက်တမ်းတွင် ရရှိခဲ့သော အောင်မြင်မှုများကို အလေးပေးပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုသည် ကာလရှည်ကြာကျင့်သုံးခဲ့သည့် နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေပြီး မျှတမှုမရှိသော ကုန်သွယ်ရေးစာချုပ်များကို ဖျက်သိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ဘေးကင်း၊ မြန်ဆန်၊ ယုံကြည်စိတ်ချရသော ခေတ်မီသည့် နိုင်ငံရေးနှင့် စီးပွားရေးစနစ်သစ်တစ်ခုကို ဖန်တီးရာ၌ နိုင်ငံရေးပါတီ နှစ်ရပ်အား ပူးပေါင်းပါဝင်ကြရန် ၎င်းအနေဖြင့် တိုက်တွန်းပြောကြားလိုကြောင်း သမ္မတထရန့်က ဆိုသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စု၏ ပြည်သူ့အကျိုးစီးပွား အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လာမည့်နှစ်များတွင် အနည်းဆုံး ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံ သုံးစွဲခွင့်ပြုရန် ကွန်ဂရက်အား သမ္မတထရန့်က တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတထရန့်အစိုးရ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် ငယ်ရွယ်စဉ်ကစပြီး အမေရိကန်ပြည်ထောင်စုသို့ မိဘများနှင့်အတူတကွ ရောက်ရှိလာသည့် တရားမဝင် ရွှေ့ပြောင်းဒုက္ခသည်များ၏ ကလေးငယ်များကို နိုင်ငံသားအဖြစ် သတ်မှတ်ပေးသည့် မူဝါဒတစ်ရပ်ကို ချမှတ်နိုင်ခဲ့ကြောင်း သမ္မတထရန့်က ဆိုသည်။

ထို့ပြင် မက္ကစီကိုနိုင်ငံနှင့် နယ်နိမိတ်သတ်မှတ်စည်းခြားသည့် ခြံစည်းရိုးတစ်ခု တည်ဆောက်ရေးအတွက် လိုအပ်ငွေပမာဏ ရရှိစေရန် နိုင်ငံရေးပါတီနှစ်ရပ်လုံးက ထောက်ခံအားပေးကြရန် လိုအပ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနျူကလီးယားဒုံးကျည်များက အမေရိကန်ပြည်ထောင်စုအား အချိန်မရွေး ခြိမ်းခြောက်နိုင်ကြောင်း သမ္မတထရန့်က သတိပေးပြောကြားခဲ့သည်။ အမေရိကန်အနေဖြင့်လည်း ထိုကဲ့သို့ ခြိမ်းခြောက်မှုများ မရှိစေရန် ပြုံယမ်းအား ဖိအားအမြောက်အမြား ပေးသွားမည်ဖြစ်ကြောင်း သမ္မတထရန့်က ဆက်လက်ပြောကြားခဲ့သည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံများရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရာတွင် အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က အောင်မြင်စွာ စွမ်းဆောင်နိုင်ခြင်းအတွက် အလွန်ပင် ဂုဏ်ယူမိပါကြောင်း သမ္မတထရန့်က ဆိုသည်။ မည်သို့ပင်ဆိုစေကာမူ စစ်သွေးကြွအဖွဲ့များ ကမ္ဘာမြေပေါ်မှ ကင်းစင်သွားသည့်တိုင် အမြစ်ပြတ် ဆက်လက်ချေမှုန်းရမည်ဖြစ်ကြောင်း သမ္မတထရန့်က ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဆိုချီ၌ ကျင်းပသော ဆီးရီးယားအရေး ဆွေးနွေးပွဲရလဒ် အားတက်စရာကောင်းကြောင်း ကုလအထူးသံတမန်ပြော




**ကုလသမဂ္ဂ ဇန်နဝါရီ ၃၁**

ရုရှားနိုင်ငံ ဆိုချီမြို့၌ ကျင်းပပြီးစီးခဲ့သော ဆီးရီးယားအရေး ဆွေးနွေးပွဲ၏ ရလဒ်နှင့်ပတ်သက်၍ အကောင်းဘက်မှ ရှုမြင်ကာ အားတက်မိကြောင်း ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် စတက်ဖင်ဒီ မစ်ဆူရာက ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် မူကြမ်းရေးဆွဲသည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ရန် ဖော်ပြသော သဘောတူညီချက်ရရှိခဲ့ခြင်းမှာ အားတက်ဖွယ်ရာ ကောင်းလှကြောင်း အထူးသံတမန် မစ်ဆူရာက ပြောကြားသည်။

ရုရှား၊ အီရန်နှင့် တူရကီနိုင်ငံတို့၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ကျင်းပသော ဆိုချီဆွေးနွေးပွဲအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီတစ်ရပ်ဖွဲ့စည်းရန် သဘောတူညီမှုရရှိကြောင်း အထူးသံတမန်က ပြောကြားသည်။

ဆိုချီဆွေးနွေးပွဲ အောင်မြင်မှုသည် ကုလသမဂ္ဂ၏ ဆီးရီးယားအရေးဆိုင်ရာ ဂျီနီဗာလုပ်ငန်းစဉ်အတွက် အထောက်အကူပြုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီ၌ အဖွဲ့ဝင် ၄၅ ဦးမှ ၅၀ အထိ ပါဝင်မည်ဖြစ်ပြီး ဂျီနီဗာမြို့၌ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထူးသံတမန်က အလေးအနက်ထား ပြောကြားသည်။

ကုလသမဂ္ဂက ဦးဆောင်သော ဂျီနီဗာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရ ကုလသမဂ္ဂအထူးသံတမန်၏ အဆိုပြုချက်များကို သဘောတူညီခြင်း၊ ဆွေးနွေးခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီဝင်များအား ရွေးချယ်ရေးလုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ သဘောတူညီမှု ရရှိအောင် ဆက်လက်လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထူးသံတမန်က ပြောကြားသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီ၌ ပါဝင်မည့် ပုဂ္ဂိုလ်များအား စိစစ်ရွေးချယ်နိုင်ရေးအတွက် စံနှုန်းများ သတ်မှတ်ခြင်းကို မကြာမီ မိမိထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနတွင် ဂျပန်ဘာသာစကားဖြင့် သတင်းဝန်ဆောင်မှုစတင်

**တိုကျို ဇန်နဝါရီ ၃၁**

တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနသည် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဂျပန်ဘာသာစကားဖြင့် သတင်းဝန်ဆောင်မှုလုပ်ငန်းကို စတင်မည်ဖြစ်ကြောင်း၊ သတင်းများ၊ သတင်းဓာတ်ပုံများ၊ ဗီဒီယိုနှင့်အသံဖိုင်တို့မှတစ်ဆင့် သတင်းထုတ်ပြန်ခြင်းတို့ အပါအဝင် သတင်းဝန်ဆောင်မှုပေးခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းဌာနဥက္ကဋ္ဌ ကိုင်မင်ကျောက်က ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားသည်။

မိမိတို့ ဆင်ဟွာသတင်းဌာနသည် အဌမမြောက်ဘာသာစကားအဖြစ် ဂျပန်ဘာသာစကားဖြင့် သတင်းဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ စပိန်၊ အာရေဗျနှင့် ပေါ်တူဂီဘာသာစကားတို့ဖြင့်လည်း သတင်းဝန်ဆောင်မှုပေးလျက်ရှိကြောင်း ကိုင်မင်ကျောက်က မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားသည်။ ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သော သတင်းများကို လစဉ်ကြေး၊ နှစ်စဉ်ကြေးဖြင့် ဝယ်ယူလိုသူများအတွက် သတင်းချန်နယ်သစ်တစ်ခုကို ထူထောင်မည်ဖြစ်ကြောင်း ကိုင်က ပြောကြားသည်။

ဆင်ဟွာသတင်းဌာနက နိုင်ငံတကာသတင်းများကို စုစည်းရယူခြင်း၊ တည်းဖြတ်ခြင်း ပြုလုပ်ရာတွင် ဂျပန်ဘာသာစကား အသုံးပြုနိုင်ရန် ဂျပန်ဘာသာစကားသုံး သတင်းဌာနကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆင်ဟွာသတင်းဌာနသည် ပြည်တွင်းနှင့် ကမ္ဘာတစ်ဝန်းတို့တွင် သတင်းဗျူရို ၂၃၀ ကျော်၊ သတင်းစာဆရာ ၄၀၀၀ ကျော်ဖြန့်ကြက်ထားကြောင်း၊ တစ်ရက်လျှင် မာလ်တီမီဒီယာ သတင်းပုဒ်ရေ ၆၀၀၀ ကျော်ကို ဖြန့်ချိပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာသတင်းဌာနသည် လွန်ခဲ့သည့်လက "မီဒီယာဦးနှောက်"ဟု အမည်ပေးထားသော သတင်းလုပ်ငန်းအစီအစဉ်ကို မိတ်ဆက်ခဲ့သည်။ ယင်းသတင်းလုပ်ငန်းအစီအစဉ်မှာ ဉာဏ်ရည်တု နည်းပညာ (အေအိုင်)အသုံးပြု၍ သတင်းအချက်အလက်များ ရယူခြင်း၊ သတင်းအချက်အလက်များ သုံးသပ်ခြင်း၊ ပုံနှင့်ဓာတ်ပုံများ အတည်ပြုခြင်း၊ အသံများ ပေါင်းစပ်ဖွဲ့စည်းခြင်းစသည့် သတင်းထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်တာများကို ခေတ်မီနည်းပညာဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ **ဆင်ဟွာ**

☆ ရှေ့ဖုံးမှ

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေအရ ဖြစ်ပေါ်လာသော ဘတ်ဂျက်လိုငွေ ငွေကျပ် ၃၉၂၈ ဒသမ ၅၅၄ ဘီလီယံအပေါ်တွင် အခြေခံ၍လျာထားခဲ့ခြင်းဖြစ်ပါကြောင်း။

လက်တွေ့အခြေအနေတွင် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းတွင် ဖြစ်ပေါ်လာသော လိုငွေကို ဖြည့်ဆည်းရာ၌ ယခင်ဘဏ္ဍာနှစ်များက ရောင်းချခဲ့သည့် အစိုးရငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များသည် ယခုဘဏ္ဍာနှစ်တွင် သက်တမ်းစေ့ရောက်သဖြင့် ပြန်လည်ရွေးနုတ်ရခြင်းနှင့် ယခုဘဏ္ဍာနှစ်အတွင်း အစိုးရဌာနအဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေအခြေအနေအရ ရငွေထက် သုံးငွေက ပိုမိုခြင်းတို့ကို ပေါင်းစပ်ဖြည့်ဆည်းရခြင်း ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ ရောင်းချခဲ့သည့် စုစုပေါင်းပမာဏမှာ ငွေကျပ် ၇၁၃၄ ဒသမ ၆ ဘီလီယံ ဖြစ်ပြီး ပြန်လည်ရွေးနုတ်ခဲ့သည့် ပမာဏမှာ ငွေကျပ် ၄၈၃၉ ဒသမ ၁ ဘီလီယံ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အသားတင်ဖြည့်ဆည်းမှုမှာ ကျပ် ၂၂၉၅ ဒသမ ၅ ဘီလီယံဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပမှ ချေးယူငွေမှာ ငွေကျပ် ၄၅၈ ဒသမ ၄ ဘီလီယံဖြစ်သဖြင့် ပြည်တွင်းမှ အသားတင်ဖြည့်ဆည်းမှု ငွေကျပ် ၂၂၉၅ ဒသမ ၅ ဘီလီယံ နှင့် တွက်ပါက စုစုပေါင်းချေးငွေမှာ ငွေကျပ် ၂၇၅၃ ဒသမ ၉ ဘီလီယံဖြစ်၍ အမှန်တကယ်ချေးယူနိုင်သည့်ပမာဏ ငွေကျပ် ၅၀၀၀ ဘီလီယံထက် ကျော်လွန်မှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ပြုထားသည့်အတိုင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီဖြစ်ရန် သတိပြုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ်(၂၀)နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအရ **ပြည်ပချေးငွေဖြင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်သည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်း ရည်မှန်းချက်တိုင်း အပြည့်အဝ ထုတ်ယူသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း**နှင့်စပ်လျဉ်း၍ ချေးငွေစာချုပ်ချုပ်ဆိုပြီးသည်နှင့်တစ်ပြိုင်နက် ချေးငွေချက်ချင်း ထုတ်ယူ၍ မရပါကြောင်း၊ ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့်အခါ စာချုပ်အသက်ဝင်ရန် နှစ်ဖက်ဆက်လက်ဆောင်ရွက်ရသည့် ပြည်တွင်းလုပ်ငန်းစဉ်များရှိပါကြောင်း၊ ယင်းတို့ကို ဆောင်ရွက်ပြီးမှသာ ချေးငွေစာချုပ် အသက်ဝင်ပြီး ချေးငွေကို ထုတ်ယူသုံးစွဲနိုင်ပါကြောင်း၊ ချေးငွေကို စတင်သုံးစွဲရန် ထုတ်ယူသည့်အချိန်မှသာ အတိုးကိုလည်း စတင်တွက်ချက်ရခြင်း ဖြစ်ပါကြောင်း။

ဌာနများက ချေးငွေထုတ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ရာတွင် လုပ်ငန်းသဘောသဘာဝအပေါ် မူတည်၍ အကြံပေးငှားရမ်းခြင်း၊ ပစ္စည်းဝယ်ယူခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ ထိုအခါ သက်ဆိုင်ရာ ငွေချေးသူ၏ စည်းမျဉ်းစည်းကမ်းများအပြင် ပြည်တွင်းရှိ ဥပဒေနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်ရန် စနစ်တကျ အဆင့်ဆင့်ဆောင်ရွက်ကြရပါကြောင်း၊ လုပ်ငန်းများအပေါ် မူတည်၍ အသေးစိတ် ဒီဇိုင်းများရေးဆွဲခြင်း၊ အကြံပေးငှားရမ်းရန်နှင့် ပစ္စည်းဝယ်ယူရန်တို့အတွက် တင်ဒါခေါ်ယူခြင်း၊ ရွေးချယ်စိစစ်ခြင်း စသည်တို့ကို ဆောင်ရွက်ကြရပါကြောင်း၊ ထို့ကြောင့် ပစ္စည်းဝယ်ယူရန် မလိုအပ်သော




ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း

စီမံကိန်းများအတွက် ချေးငွေထုတ်ယူမှုသည် လျင်မြန်သော်လည်း ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးငှားရမ်းခြင်းနှင့် တည်ဆောက်ခြင်းတို့ ပါဝင်သည့် စီမံကိန်းများတွင် ထုတ်ယူသုံးစွဲမှုကြန့်ကြာကြသည်ကို တွေ့ရပါကြောင်း။

ယခုအခါ ချေးငွေထုတ်ယူမှု ကြန့်ကြာခြင်းကို ရှောင်ရှားနိုင်ရန် သက်ဆိုင်ရာဌာနများ၌ စီမံကိန်းစီမံခန့်ခွဲသည့် အဖွဲ့များ စနစ်တကျဖွဲ့စည်းခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှု အခြေအနေအား စောင့်ကြည့်အကဲဖြတ် ကြပ်မတ်ရေးအဖွဲ့တို့အား ဖွဲ့စည်းခြင်း၊ စံသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းတို့ကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)က မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးအခြေအနေ၊ ကြွေးမြီဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ သုံးသပ်ချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အထိ ၁၀ နှစ်ကာလအတွင်း ပြည်ပကြွေးမြီပေးဆပ်မှုနှင့် ပြည်ပပို့ကုန် ရငွေအချိုးသည် အများဆုံး ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်နှင့် ပြည်ပကြွေးမြီ ပေးဆပ်မှုနှင့် စုစုပေါင်း ရငွေအချိုးသည် အများဆုံး ၆ ဒသမ ၄ ရာခိုင်နှုန်းခန့်ဖြစ်သဖြင့် ကြွေးမြီပြန်လည်ပေးဆပ်နိုင်စွမ်းအားအတွက် စိုးရိမ်ဖွယ်မရှိသည့် အခြေအနေဖြစ်သည်ကို သုံးသပ်ထားပါကြောင်း၊ သာမန်အားဖြင့် ကြွေးမြီပြန်လည်ပေးဆပ်နိုင်စွမ်းသည် နိုင်ငံတော်၏ ရငွေများဖြစ်သော အခွန်အကောက်ရငွေ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ၊ အခြားရငွေများကို တိုးတက်ကောက်ခံရရှိရေးနှင့် ပြည်တွင်းကျပ်ငွေဖြင့်သာမက နိုင်ငံခြားငွေဖြင့် ဝင်ငွေပိုမိုရရှိရေးနှင့် အသုံးစရိတ်များကို စိစိစစ်စစ် သုံးစွဲနိုင်မှုတို့အပေါ် အဓိကမူတည်နေပါကြောင်း။

ကြွေးမြီနှင့် ဂျီဒီပီအချိုး (Debt to GDP ratio) တွက်ရာတွင် Present Value နှင့် တွက်ပါကြောင်း၊ ၎င်း Ratio ပါ Debt ဆိုသည်မှာ **နှစ်တစ်နှစ်ကုန်ဆုံးသော အချိန်တွင်ရှိသည့် ပေးချေရန်ကျန်ရှိသည့် ပမာဏ (Outstanding)** ကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ချေးငွေစာချုပ်ပမာဏအပေါ် မူတည်၍ ချေးငွေထုတ်ယူရပါကြောင်း၊ ထုတ်ယူသည့်ပမာဏမှ ပြန်လည်ပေးဆပ်ငွေကို နုတ်ပါက ကြွေးမြီလက်ကျန်(Outstanding/ Balance) ကို ရပါကြောင်း၊ ထို့ကြောင့် ချေးငွေထုတ်ယူသည့် ပမာဏ တစ်ခုတည်းဖြင့် စဉ်းစား၍ မရပါကြောင်း၊ **ချေးငွေထုတ်ယူသည့် ပမာဏများသော်လည်း ချေးငွေပေးဆပ်သည့် ပမာဏမှာ နည်းနေရသည်** ဟူသည့် ဆွေးနွေးချက်နှင့် ပတ်သက်၍ ကြွေးမြီပြန်လည်ပေးဆပ်ရာတွင် တစ်နည်းအားဖြင့် အရင်းပေးဆပ်ခြင်းသည် ချေးငွေစာချုပ်ပါ နှစ်ဖက်သဘောတူထားသည့် စည်းကမ်းချက်များအတိုင်း တစ်နှစ်လျှင် ၂ ရစ် သို့မဟုတ် ၄ ရစ် စသည်ဖြင့် ခွဲ၍ ပေးချေရပါကြောင်း၊ ပေးချေရန် စေ့ရောက်သည့် ကာလရောက်မှသာ အရင်းပေးဆပ်ရခြင်းဖြစ်သဖြင့် သူ့အချိန်နှင့်သူလုပ်သွားရမည့် အလုပ်များဖြစ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် အနည်းအများ ရှိနေမည်ဖြစ်ပါကြောင်း။

ပြည်ပချေးငွေ ရယူရာတွင် နိုင်ငံတော်၏မူဝါဒများ၊ အမျိုးသားစီမံကိန်းများ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များနှင့် လိုအပ်ချက်များကို အခြေခံစဉ်းစားရသည့်အပြင် သက်ဆိုင်ရာ ချေးငွေပေးအပ်မည့် ပြည်ပနိုင်ငံ/ အဖွဲ့အစည်းများက ကူညီပံ့ပိုးပေးလိုသည့် နယ်ပယ်၊ ကူညီလိုသည့်ပမာဏ စသည်တို့နှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်မီး စသည့် ကဏ္ဍများတိုးတက်လာမှုသည် ကုန်ထုတ်လုပ်မှုနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း။

ယခုအခါ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့(IFAD)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)တို့မှ ချေးငွေများရယူ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် JICA ချေးငွေဂျပန်ယန်း ၁၅၁၃၅ သန်းရယူ၍ လယ်သမားများနှင့် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများသို့ အတိုးနှုန်းသက်သာစွာရရှိနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် လယ်သမားများသို့ ချေးငွေများ စတင်ထုတ်ချေးပေးလျက်ရှိပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များတွင် ပါဝင်သော ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးရေး၊ ပြည်ပသို့ အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေရောင်းချနိုင်ရေးတို့ကိုလည်း သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်သင့်ပြီး ပြည်တွင်းဈေးကွက်ဖြင့် လုံလောက်မှုမရှိမှသာ ပြည်ပသို့ ထုတ်ဝေခြင်းကို ဆောင်ရွက်သင့်သည်ဟု သုံးသပ်ရပါကြောင်း။

၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်ရှိ ပြည်ပကြွေးမြီလက်ကျန်အခြေအနေမှာ ၁၉၈၈ ခုနှစ် မတိုင်မီက အမေရိကန်ဒေါ်လာ ၄၂၆၅ ဒသမ ၅၆၇ သန်း၊ ၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ အထိ အမေရိကန်ဒေါ်လာ ၂၇၇၂ ဒသမ ၁၁၇ သန်း၊ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ အမေရိကန်ဒေါ်လာ ၂၁၀၅ ဒသမ ၄၀၇ သန်းနှင့် အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၃၀ သန်း ဖြစ်ပါကြောင်း၊ ၁၉၈၈ ခုနှစ် မတိုင်မီကာလနှင့် ၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ ထိ ကာလများတွင် ရယူခဲ့သော ပြည်ပချေးငွေများမှာ ယခုအခါ ဆိုင်းငံ့ကာလ ကျော်လွန်နေပြီဖြစ်သဖြင့် အရင်းများ ပြန်လည်ပေးဆပ်နေရပြီ ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ထိ ကာလတွင် ရယူခဲ့သော ချေးငွေအချို့မှာ ဆိုင်းငံ့ကာလအတွင်းဖြစ်၍ အတိုးများကိုသာ ပေးဆပ်နေပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရယူခဲ့သော ချေးငွေများမှာလည်း အလားတူဖြစ်ပါကြောင်း၊ နိုင်ငံ/အဖွဲ့အစည်းအလိုက်၊ ဝန်ကြီးဌာနအလိုက်၊ အရင်း၊ အတိုးပြန်လည်ပေးဆပ်ရမည့် အစီအစဉ် (Repayment Plan)ကိုလည်း ရေးဆွဲထားရှိပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြရာတွင် ယခင်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များနှင့်အညီ ထပ်မံထည့်သွင်းသင့်သည်များကို ထည့်သွင်းတင်ပြထားပါကြောင်း၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များနှင့်အညီ နောင်နှစ်များတွင်လည်း ထပ်မံတင်ပြမည့် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများတွင် ပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးပမ်းတင်ပြသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၈)**ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းက လွှတ်တော်သို့ အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်၏ သဘောဆန္ဒကိုရယူ၍ **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ** ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၈)**ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်(သတင်းစဉ်)**



# ဩစတြေးလျနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဩစတြေးလျနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။(**ဓာတ်ပုံ**)

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ဩစတြေးလျနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E.Mr. Nicholas Coppel နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဦးကျော်တင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပဲခူးရိုးမ တွန်းတင်ပြတ်ရွေ့မြေလျှင်

## ကျော်ကျော်လင်း (မိုးဇလ)

**မြန်မာနိုင်ငံ၏ ဘူမိရုပ်သွင်အနေအထား**


မြန်မာနိုင်ငံမှာ မြေလျှင်များလှုပ်စေခဲ့သည့် အဓိကအကြောင်းရင်းကြီး နှစ်ရပ်ရှိပါသည်။ မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနေသည့် အိန္ဒိယမြေထုချပ်သည် ယူရေးရှားမြေထုချပ်၏ အောက်သို့ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၄ စင်တီမီတာမှ ၆ စင်တီမီတာနှုန်းဖြင့် ငုံ့လျှိုးဝင်ရောက်နေပါသည်။ အဆိုပါဖြစ်စဉ်ကြောင့် အနောက်ဘက် တွန့်ခေါက်တောင်တန်းရပ်ဝန်း တစ်လျှောက်လျှောတင်ပြတ်ရွေ့ (Reverse fault)များ ဖြစ်ပေါ်လာခဲ့ပါသည်။ အဆိုပါငုံ့လျှိုးတိုးဝင်ရောက်နေသည့်အပိုင်းကို Subduction Zone လို့ခေါ်ပြီး တိုးဝင်နေသည့် အစပိုင်းတစ်လျှောက်ရှိ အပိုင်းများကို Arakan Trench၊ Andaman Trench၊ Sumatra Trench နှင့် Java Trench လို့ ခေါ်ပါသည်။ အနောက်ဘက် ချင်းတောင်တန်း၊ ရခိုင်ရိုးမဒေသမှ အရှေ့ဘက် စစ်ကိုင်းပြတ်ရွေ့အကြားရှိ မြန်မာမြေထုချပ်ငယ်သည် ကပ္ပလီပင်လယ်ရှိ ဖြန့်ကြက်ဗဟိုရပ်ဝန်း (Andaman Spreading Zone)မှ ပျမ်းမျှခြင်း တစ်နှစ်လျှင် ၂ ဒသမ ၅ မှ ၃ ဒသမ ၀ စင်တီမီတာနှုန်းဖြင့် မြောက်ဘက်သို့ ဘေးတိုက်ရွေ့လျားနေပါသည်။ အဆိုပါရွေ့လျားမှုဖြစ်စဉ်ကြောင့် စစ်ကိုင်းပြတ်ရွေ့နှင့်အတူ ဆက်စပ်ဖြစ်ပေါ်သော ဘေးတိုက်ပြတ်ရွေ့များ ဖြစ်ပေါ်လာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ မြေလျှင်လှုပ်ရှားမှုရပ်ဝန်းများကို ခွဲခြားလေ့လာကြည့်လျှင် ဒေသအပိုင်းအခြား သုံးခုရှိနေပါသည်။ ပထမအပိုင်းအနေဖြင့် ချင်းပြည်နယ်နှင့် ချင်းတွင်းမြစ်ဒေသတစ်လျှောက်မှ ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်အတိုင်း ဖြတ်သန်းပြီး ကပ္ပလီပင်လယ်ထဲသို့ ထိုးဆင်းသွားသည့်အပိုင်း ဖြစ်ပါသည်။ ဒုတိယအပိုင်းအနေဖြင့် ကချင်ပြည်နယ် တစ်ဝိုက်မှစ၍ အထက်ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဆင်းသက်လာပြီး စစ်တောင်းမြစ်ဝှမ်းသို့ ဖြတ်သန်းကာ တောင်ဘက် မုတ္တမပင်လယ်ကွေ့ထဲသို့ ဆင်းသက်သွားပါသည်။ တတိယအပိုင်းအနေဖြင့် ရှမ်းပြည်နယ်နှင့် သံလွင်မြစ်ကြောင်းတစ်လျှောက် လှုပ်ရှားနေကြောင်း လေ့လာတွေ့ရှိရပါသည်။ပထမအပိုင်းရှိ မြေလျှင်အများစုကတော့ အိန္ဒိယမြေထုချပ်သည် ယူရေးရှားမြေထုချပ်၏ အောက်သို့ တိုးဝင်နေသောဖြစ်စဉ်နှင့် ကဘော်ပြတ်ရွေ့၊ သဋ္ဌေးချောင်းပြတ်ရွေ့၊ မြောက်ဦးပြတ်ရွေ့၊ နာဂ-ချင်းတောင်တန်းများရှိ ပြတ်ရွေ့ငယ်များနှင့် ရခိုင်ရိုးမတစ်လျှောက်ရှိ ပြတ်ရွေ့ငယ်များ၏ သက်ဝင်လှုပ်ရှားမှုကြောင့် ဖြစ်ပါသည်။ ဒုတိယအပိုင်းရှိ မြေလျှင်အများစုသည် စစ်ကိုင်းပြတ်ရွေ့၊ ငွေးချိုပြတ်ရွေ့၊ ပဲခူးရိုးမရှိ ပြတ်ရွေ့နှင့် အခြားပြတ်ရွေ့ငယ်များ၏ သက်ဝင်လှုပ်ရှားမှုတို့ကြောင့် ဖြစ်ပါသည်။ တတိယအပိုင်းရှိ မြေလျှင်အများစုသည် ကျောက်ကြမ်းပြတ်ရွေ့၊ ကျောက်မဲပြတ်ရွေ့၊ နန့်တင်းပြတ်ရွေ့၊ နန်းမပြတ်ရွေ့၊ မယ်ပိုင်ပြတ်ရွေ့နှင့် အခြားပြတ်ရွေ့ငယ်များ၏ သက်ဝင်လှုပ်ရှားမှုတို့ကြောင့် ဖြစ်ပါသည်။

**ဖြူးမြို့အနီးက မြေလျှင်**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ မြန်မာစံတော်ချိန် ၀၀ နာရီ ၅၆ မိနစ် ၂၃ စက္ကန့်အချိန်မှာ မြန်မာနိုင်ငံ ကမ္ဘာအေးမြေလျှင်စခန်း၏ မြောက်ဘက် ၁၀၇ မိုင်ခန့်အကွာ ဖြူးမြို့၏အနောက်- အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မြေအောက်မြေလျှင်ဗဟိုချက်အနက်(Focal Depth) ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြုပြီး အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၀ ရှိ အင်အားအသင့်အတင့်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွားခဲ့ပါသည်။ အဆိုပါမြေလျှင်လှုပ်ရှားမှုကို ဖြူး၊ တောင်ငူ၊ ပြည်၊ နေပြည်တော်၊ ရန်ကုန်နှင့် ဇီးကုန်း၊ ရွှေတောင်၊ မြန်အောင်၊ ဟသ်ာတ၊ လှိုင်ကော်၊ သထုံ၊ ဘားအံနှင့် တောင်ကြီးမြို့များမှ သတိပြုမိခဲ့ကြပါသည်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ရရှိသော ShakeMap အရ မြေလျှင်ဗဟိုချက်နှင့် အနီးတစ်ဝိုက်ဒေသများတွင် မာကယ်လီစကေးအဆင့် ၆ ခန့်ဖြင့် လည်းကောင်း၊ မြေလျှင်ဗဟိုချက်မှ ၆၀ ကီလိုမီတာခန့် ဝေးသောဒေသများတွင် မာကယ်လီစကေးအဆင့် ၅ ခန့်ဖြင့် လည်းကောင်း၊ ကျန်ဒေသများတွင် မာကယ်လီစကေးအဆင့် ၄ နှင့် ၃ ခန့်ဖြင့် လည်းကောင်း သတိပြုမိခဲ့ကြပါသည်။

> **❝ မြေလျှင်ဆိုသည်မှာ ကြိုတင်သတိပေးချက် ထုတ်ပြန်၍ရသည့် သဘာဝဘေးမဟုတ်ပါ၊ ပြည်သူများ၏ နိုးကြားသည့် အသိ၊ သတိဖြင့် ပါဝင်ဆောင်ရွက်မှု တစ်ခုတည်းကသာ မြေလျှင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်၏ ထိရောက်သည့် ကြိုတင်ပြင်ဆင်မှု ဖြစ်ပါသည်။ ထို့အပြင် အရေးပေါ်အခြေအနေ တုံ့ပြန်မှုစနစ် တိုးတက်လာစေရန်၊ စနစ်ကျသော လုံခြုံရေးစီမံခန့်ခွဲမှုနှင့် ကိုင်တွယ်ဖြေရှင်းမှု ကောင်းမွန်စေရေးအတွက် အရေးပေါ်စီမံခန့်ခွဲမှု နည်းဗျူဟာများ ချမှတ်ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါသည် ❞**




**မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ShakeMap အရ မြေလျှင်ဗဟိုချက်နှင့်အနီးတစ်ဝိုက် ခံစားမှုပြမြေပုံ**

**နောက်ဆက်တွဲမြေလျှင်များ လှုပ်ရှားခဲ့ခြင်း**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လှုပ်ရှားခဲ့သည့် မြေလျှင်က အင်အားအသင့်အတင့်ရှိပြီး စောက်တိမ်လျှင်ဖြစ်သည့်အတွက်ကြောင့် ဖြူး၊ တောင်ငူ၊ ပြည်၊ နေပြည်တော်၊ ရန်ကုန်၊ ဇီးကုန်း၊ ရွှေတောင်၊ မြန်အောင်၊ ဟသ်ာတ၊ သထုံ၊ ဘားအံနှင့် တောင်ကြီးမြို့များရှိ ပြည်သူများ သတိပြုမိခဲ့ကြပါသည်။ မြေလျှင်၏ ပြတ်ရွေ့အမျိုးအစားမှာ တွန်းတင်ပြတ်ရွေ့ အမျိုးအစားဖြစ်ပါသည်။ ပဲခူးရိုးမတွင်ရှိသည့် တွန်းတင်ပြတ်ရွေ့ငယ်ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ စစ်ကိုင်းပြတ်ရွေ့မှာ လှုပ်ရှားသည့် မြေလျှင်လှုပ်ရှားမှုများသည် ဘေးတိုက်ပြတ်ရွေ့ (Strike Slip Fault) အမျိုးအစားများ ဖြစ်ပါသည်။ စောက်တိမ်မြေလျှင် အမျိုးအစားများ၏ သဘောသဘာဝများအရ မြေလျှင်ကြီးလှုပ်ရှားပြီးနောက် နောက်ဆက်တွဲ မြေလျှင်များ ဖြစ်ပေါ်လေ့ရှိပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အတွင်းမှာတော့ အင်အား ၅ ဒသမ ၃ အင်အားအသင့်အတင့်ရှိသည့် နောက်ဆက်တွဲမြေလျှင် သုံးကြိမ်လှုပ်ရှားခဲ့ပြီး အင်အားရစ်(ချ်)တာစကေး ၂ ဒသမ ၀ နှင့် ၄ ဒသမ ၉ အတွင်း နောက်ဆက်တွဲမြေလျှင်ပေါင်း ၄၇ ကြိမ်ခန့် တိုင်းတာနိုင်ခဲ့ပါသည်။


**၂၄ နာရီ စောင့်ကြည့်လျက်ရှိ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေလျှင်ဌာနခွဲ၏ အဓိကတာဝန်အနေဖြင့် မြန်မာနိုင်ငံ ပြည်တွင်းနှင့် ပတ်ဝန်းကျင်နိုင်ငံများတွင် လှုပ်ရှားသော မြေလျှင်များကို စောင့်ကြည့်တိုင်းတာပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် သက်ဆိုင်ရာ မိတ်ဖက်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပြည်သူလူထုထံသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားရန် ဖြစ်ပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေလျှင်ဌာနခွဲ(နေပြည်တော်)တွင် မြေလျှင်လှုပ်ရှားမှုများအား စောင့်ကြည့်တိုင်းတာနိုင်ရန်အတွက် ၂၄ နာရီ တာဝန်ကျအဖွဲ့များဖြင့် အလှည့်ကျတာဝန်ချထားပြီး ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ မြန်မာစံတော်ချိန် ၀၀ နာရီ ၅၆ မိနစ် ၂၃ စက္ကန့်အချိန်တွင် အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၀ ရှိ မြေလျှင်ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တပ်ဆင်ထားရှိသော မြေလျှင်စခန်းများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ ဟားခါး၊ တမူး၊ မြစ်ကြီးနား၊ ညောင်ဦး၊ နမ့်စန်၊ တောင်ကြီး၊ ကသာ၊ နေပြည်တော်နှင့် စစ်တွေ မြေလျှင်စခန်းများမှ တိုင်းတာရရှိခဲ့ပါသည်။ ထို့အပြင် ပြည်ပနိုင်ငံများတွင်ရှိသည့် မြေလျှင်စခန်းပေါင်း ၇၀ခန့်မှလည်း မှတ်တမ်းရရှိခဲ့ပါသည်။

**မြန်မာ့မြေလျှင်ကွန်ရက်**

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြေလျှင်တိုင်းတာမှုလုပ်ငန်းများကို ၁၉၆၄ ခုနှစ်မှစတင်ပြီး တိုင်းတာဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်က စတင်အသုံးပြုခဲ့သောစက်များသည်Analog Seismograph စက်များ ဖြစ်ပါသည်။ ခေတ်မီတိုးတက်လာသည်နှင့်အညီ မိမိတို့ဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ မြေလျှင်တိုင်းတာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ်တွင် တရုတ်မြေလျှင်အုပ်ချုပ်ရေးဗဟိုဌာန(CEA)နှင့် ပူးပေါင်း၍ မြစ်ကြီးနားနှင့် နမ့်စန်မြို့များတွင် Digital မြေလျှင်တိုင်းစက်များကို စတင်တပ်ဆင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် အာရှသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာန (ADPC)နှင့် ပူးပေါင်းပြီး စစ်တွေမြို့တွင် ဒစ်ဂျစ်တယ်မြေလျှင်တိုင်း စက်တစ်လုံးကို ထပ်မံတပ်ဆင်နိုင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်၊ ပုသိမ်နှင့် ဘားအံမြို့များတွင် ဒစ်ဂျစ်တယ်မြေလျှင်တိုင်းစက် သုံးလုံးကို ထပ်မံတိုးချဲ့တပ်ဆင်နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(USAID)၊ အမေရိကန်ဘူမိဗေဒလေ့လာရေးဌာန (USGS) တို့နှင့် ပူးပေါင်းပြီး ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ တမူးနှင့် ဟားခါးမြို့တို့တွင် ဒစ်ဂျစ်တယ်မြေလျှင်တိုင်းစက် ငါးလုံးကို တိုးချဲ့တပ်ဆင်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ အစိုးရ၏ အကူအညီ၊ ထိုင်းနိုင်ငံအခြေစိုက် ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန(RIMES)၏ နည်းပညာ အကူအညီများဖြင့် တောင်ကြီး၊ ညောင်ဦးနှင့် ကသာမြို့များ၌ ဒစ်ဂျစ်တယ်မြေလျှင်တိုင်းစက် သုံးလုံးကို တပ်ဆင်နိုင်ခဲ့ပါသည်။




**ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်နှင့် မြန်မာနိုင်ငံအတွင်းရှိ ပြတ်ရွေ့များ၏ တည်နေရာပြဘူမိဗေဒမြေပုံ(အဝါရောင်မြားသည် India Plate ၏ Moving Direction)**

၂၀၁၆ ခုနှစ်နောက်ပိုင်း၌ ဒစ်ဂျစ်တယ်မြေလျှင်တိုင်းစက်များ တိုးချဲ့တပ်ဆင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံပြည်တွင်းတွင် လှုပ်ရှားခဲ့သည့် အင်အားသေးငယ်သော မြေလျှင်ငယ်လေးများကိုပါ ပိုမိုတိုင်းတာနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံပြည်တွင်း၌ အင်အားအနည်းငယ်ရှိသည့် မြေလျှင် ၆၆ ကြိမ်နှင့် အင်အားအသင့်အတင့်ရှိသည့် မြေလျှင် သုံးကြိမ် လှုပ်ရှားခဲ့ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေလျှင်ဌာနခွဲမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

**မြေလျှင်နှင့် ကမ္ဘာ**

ကမ္ဘာပေါ်တွင် ပျမ်းမျှအနေဖြင့် နှစ်စဉ် အင်အားရစ်(ချ်)တာစကေး ၈ နှင့်အထက် မြေလျှင် တစ်ကြိမ်ခန့်၊ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၀ နှင့် ၇ ဒသမ ၉ ကြားရှိ မြေလျှင် ၁၅ ကြိမ်ခန့်၊ အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၀ နှင့် ၆ ဒသမ ၉ ကြားရှိ မြေလျှင် ၁၃၄ ကြိမ်ခန့်၊ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၀မှ ၅ ဒသမ ၉ ကြားရှိ မြေလျှင် ၁၃၁၉ ကြိမ်ခန့်၊ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၀ နှင့် ၄ ဒသမ ၉ ကြားရှိ မြေလျှင် အကြိမ် ၁၃၀၀၀ ခန့်၊ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၀ နှင့် ၃ ဒသမ ၉ ကြားရှိ မြေလျှင် အကြိမ် ၁၃၀၀၀၀ ခန့် လှုပ်ခတ်လျက်ရှိပါသည်။

**ပူးပေါင်းဆောင်ရွက် ပြည်သူ့အတွက်**

နောက်ဆုံးတင်ပြလိုသည်မှာ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍ မရကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကြိုတင်ကာကွယ်၍ရပါကြောင်း ပြောကြားလိုပါသည်။ အထူးသဖြင့် မြေလျှင်ဆိုသည်မှာ ကြိုတင်သတိပေးချက် ထုတ်ပြန်၍ရသည့် သဘာဝဘေးမဟုတ်ပါ၊ ပြည်သူများ၏ နိုးကြားသည့်အသိ၊ သတိဖြင့် ပါဝင်ဆောင်ရွက်မှု တစ်ခုတည်းကသာ မြေလျှင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်၏ ထိရောက်သည့် ကြိုတင်ပြင်ဆင်မှု ဖြစ်ပါသည်။ ထို့အပြင် အရေးပေါ်အခြေအနေတုံ့ပြန်မှုစနစ် တိုးတက်လာစေရန်၊ စနစ်ကျသော လုံခြုံရေးစီမံခန့်ခွဲမှုနှင့် ကိုင်တွယ်ဖြေရှင်းမှု ကောင်းမွန်စေရေးအတွက် အရေးပေါ်စီမံခန့်ခွဲမှု နည်းဗျူဟာများချမှတ်ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။ မည်သည့် သဘာဝဘေးအန္တရာယ်မဆို တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်ဖြေရှင်း၍မရနိုင်ပါ။ ပြည်သူလူထု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ စည်းစည်းလုံးလုံးဆောင်ရွက်မည်ဆိုလျှင် မည်သည့်သဘာဝဘေးအန္တရာယ်မဆို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# မျှဝေခြင်း၏ နောက်ကွယ်

ဒေါက်ကျော် (မျိုး/ယဉ်/န)

မျက်မှောက်ကာလသည် ပညာခေတ် (Knowledge Age) ဟု ခေါ်ဆိုရလောက်အောင် သတင်းအချက်အလက်နှင့် နည်းပညာ (Information Technology) ၏ တိုးတက်မှုက အံ့မခန်းရှိပေသည်။ ထိုနည်းပညာ စွမ်းပကားကြောင့် ကမ္ဘာကြီး၏အရှေ့နှင့်အနောက်တို့သည် အကြားအလပ်မရှိအောင် ပေါင်းကူးဆက်သွယ်ခြင်းဖြင့် ဆက်စပ်နိုင်ခဲ့ပေသည်။ ဤသည်ကို ကမ္ဘာလုံးဆိုင်ရာလွှမ်းခြုံမှု (Globalization) ဖြစ်စဉ်ဟု မှတ်ချက်ပြုခဲ့ကြပေသည်။ ထို့ကြောင့်ပင် ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအသွင် တင်စားခေါ်ဆိုကြခြင်း ဖြစ်သည်။

ဤကွန်ရက်ဖြာ ဆက်သွယ်တိုးတက်လျက်ရှိသော ယနေ့ကမ္ဘာကြီးတွင် တစ်နိုင်ငံတည်း၊ တစ်စုတစ်ဖွဲ့တည်း သီးခြားသဘောဆောင်ကာ အထီးကျန်ရပ်တည်၍မရတော့။ နိုင်ငံအချင်းချင်း၊ အစုအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ကူးလူးဆက်ဆံမှုများဖြင့် အသိုက်အဝန်းတစ်ခုကို ထူထောင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် လူ့ဘောင်လောက၏ အရေးကိစ္စများကို ရင်ဆိုင်ဖြေရှင်းနေကြရပြီဖြစ်သည်။

ပညာရေးကဏ္ဍတွင်လည်း ထိုနည်းတူပင်။ တက္ကသိုလ်တစ်ခုနှင့်တစ်ခု၊ ပညာရေးအဖွဲ့အစည်း တစ်ခုနှင့်တစ်ခု ပေါင်းစပ်ညှိနှိုင်း၍ ပညာရပ်ဆိုင်ရာကိစ္စများ၊ သုတေသနလုပ်ငန်းဆိုင်ရာကိစ္စများ၊ သင်ကြားရေးဆိုင်ရာကိစ္စများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပေသည်။

အာဆီယံတက္ကသိုလ်များကွန်ရက် (ASEAN University Network-AUN) ၏ ရည်ရွယ်ချက်များတွင်ပါဝင်သည့် "အာဆီယံတက္ကသိုလ်များကြား ပူးပေါင်းဆောင်ရွက်မှုများ (ပူးပေါင်းလေ့လာသင်ယူမှု၊ ပူးပေါင်းသုတေသနပြုမှုနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှု)"ကို အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးသည် ကိုယ်စီကိုယ်စီကြိုးပမ်းအားထုတ်နေကြသည်မှာ အားရကျေနပ်ဖွယ်ကောင်းလှပါသည်။

ထိုထိုသော ကြိုးပမ်းအားထုတ်မှုများကြားတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (NUAC)များသည်လည်း အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၍ MoU နားလည်မှု စာချွန်လွှာများ ရေးထိုးခြင်း၊ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်များအရ ပြည်ပနိုင်ငံရှိ တက္ကသိုလ်များသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ ပြည်ပတက္ကသိုလ်များမှ လာရောက်သည့် ပညာတော်သင်များကိုလည်း လက်ခံသင်ကြားပေးခြင်း၊ လေ့လာရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းစသည့် ပညာရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းအားထုတ်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုသို့ပင် ချဉ်းကပ်ခဲ့ပေပြီ။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သည် ထိုင်းနိုင်ငံ BSRU (Ban Somdejchaopraya Rajabhat University) တက္ကသိုလ်နှင့် MoU ရေးထိုး၍ ASEAN Cultural and Language Learning Program အစီအစဉ်များကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်မှာ ၂၀၁၀ ပြည့်နှစ်ကတည်းကပင် ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် မြန်မာဘာသာစကားနှင့် ထိုင်းဘာသာစကားတို့ကိုလည်းကောင်း၊ မြန်မာရိုးရာအနုပညာ(ဂီတ၊ အက)နှင့် ထိုင်းရိုးရာအနုပညာ (အက)တို့ကိုလည်းကောင်း အပြန်အလှန်သင်ကြားသင်ယူခြင်း အစီအစဉ်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

BSRU တက္ကသိုလ်မှ ထိုင်းကျောင်းသားများကို ဂီတပညာသင်ကြားပေးရာ၌ အဆိုနှင့်အတီးကို သင်ကြားပေးခဲ့သည်။ အတီးပညာရပ်များတွင် စောင်း၊ ပတ္တလား၊ ဆိုင်းစသည့် တူရိယာတို့ကိုလည်းကောင်း၊ အဆိုပညာရပ်တွင် မြန်မာ့မဟာဂီတ၏အခြေခံဖြစ်သော ထံတျာ၊ သီတာ၊ သာယာကြိုးသီချင်းများ၊ မြမန်းဂီရိယိုးဒယား အစရှိသော မဟာဂီတသီချင်းများကို အဆိုရော အတီးပါ ကျွမ်းကျင်ပိုင်နိုင်အောင် သင်ကြားပေးခဲ့ကြပါသည်။ မြန်မာ့အကပညာကို သင်ကြားပေးရာတွင်လည်း တစ်ပင်တိုင်အက (မင်းသား၊ မင်းသမီး) ယိမ်းအကများ၊ မြန်မာ့အကပညာ၏ အခြေခံကကြိုးကကွက်များဖြစ်သည့် ကဗျာလွတ်အကများ၊ နှစ်ပါးသွားအကများ၊ သကြံန်ယိမ်းအကများစသည့် မြန်မာမှု ကကြိုးကကွက်များကို သင်ကြားပေးခဲ့ပါသည်။

ထိုသို့ သင်ကြားပေးရာတွင် ထိုင်းနိုင်ငံ BSRU မှ ကျောင်းသားတို့သည် မြန်မာ့ဂီတကို စိတ်ဝင်တစား သင်ကြားလေ့လာကြသည်ကို တွေ့ရှိရပေသည်။ အထူးသဖြင့် မြန်မာ့ဆိုင်းဝိုင်းကြီး တီးခတ်ပုံနည်းနာများ၊ မြန်မာ့စောင်းတီးခတ်ပုံနည်းနာများကို အလေးထား၍ နှစ်ခြိုက်စွာသင်ယူခဲ့ကြသည်။ စိတ်ဝင်စားမှုရှိ၍ အာရုံပြုနိုင်ခြင်းကြောင့် တတ်မြောက်မှု အားကောင်းသည်။ ပေးသမျှကို ရယူနိုင်စွမ်းရှိသည်။ ၎င်းတို့၏ BSRU တက္ကသိုလ်သို့ပြန်ရောက်လျှင် လေ့ကျင့်တီးခတ်နိုင်ရန်အတွက်လည်း ဆိုင်းဝိုင်းကြီး(ဝိုင်းစုံ)နှင့် စောင်းအလက် ၃၀ ကျော်ကိုလည်း ဝယ်ယူသွားခဲ့ကြပါသည်။ ထူးခြားသည်မှာ BSRU သည် ASEAN Cultural and Language Learning Program ကို ဆောင်ရွက်ရန်ရောက်လာတိုင်း ဆိုင်းဝိုင်းနှင့်စောင်းပညာကိုသာ အဓိကထားသင်ကြားလိုခြင်းနှင့် ဂီတပညာရပ်ကိုသင်ယူသော ကျောင်းသားများ အပြောင်းအလဲမရှိခြင်းပင် ဖြစ်သည်။

ဖော်ပြပါဆောင်ရွက်မှုများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ BSRU တက္ကသိုလ်တွင်လည်းကောင်း အလျဉ်းသင့်သလို ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအနုပညာများကိုမျှဝေရင်း မိမိတို့၏ကြွယ်ဝလှသည့် ယဉ်ကျေးမှုအတွက် ဂုဏ်ယူပီတိဖြစ်ရသကဲ့သို့ ၎င်းတို့၏ဘာသာစကားနှင့် အနုပညာတို့ကို လေ့လာခွင့်ရ၍ ဗဟုသုတ တိုးပွားရပါသည်။ လျော်ကန်သင့်မြတ်သော ဆောင်ရွက်ချက်တစ်ခုပင် ဖြစ်သည်။

မြန်မာ့ဆိုင်းဝိုင်း၏ ပတ်မချောင်ရှိ ခြောက်လုံးပတ်ကဲ့သို့ပင် အဖြည့်အပိုးသဘောသာဖြစ်သည်။ ၎င်းတို့ဆိုင်းတွင် ပတ်မကြီး မပါဝင်ပေ။ ကြေးနှင့်မောင်းကသာ တေးသွားကို ဖန်တီးကာ ဦးဆောင်ရသည်။

မြန်မာ့ပတ္တလားတွင် ပတ္တလားအဆံ ၂၄ ခုရှိသော်လည်း ၎င်းတို့၏ ပတ္တလားတွင် ၂၁ ဆံသာရှိသည်။ မြန်မာ့ဂီတသည် အလူးအလွန့် အကွန့်အမြူးတို့ဖြင့် တီးခတ်သူ၏ ဖန်တီးမှုစွမ်းရည်ရှိလျှင် ရှိသလောက်အစွမ်းပြနိုင်သည်။

မြန်မာ့အနုသုခုမပညာရပ်တွင် ယိုးဒယားသီချင်း (မဟာဂီတဝင်)၊ ယိုးဒယားအကဟူ၍လည်း ရှိနေပါသေးသည်။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်လက်ထက်တွင် ဇင်းမယ်ပဏ္ဏာသလာ ဣန္ဒာဝုဓဇာတ်ကို အီနောင်နန်းတွင်းဇာတ်အဖြစ် မြဝတီမင်းကြီးဦးစနှင့် ဝန်ထောက်ဦးမှိုကလေးတို့က ဘာသာပြန်ဆိုခဲ့ကြသည်။ ဇာတ်ဝင်သီချင်း (ဇာတ်ချင်း)များကို မြဝတီမင်းကြီးက ရေးဖွဲ့ခဲ့သည်ဟု မှတ်သားဖူးပါသည်။ ဤမှစ၍ ယိုးဒယားသီချင်း၊ ယိုးဒယားအကဟူ၍ ဖြစ်လာသည်ဟု ဆိုကြပါသည်။ (စာရေးသူ၏ အယူအဆကား ဇင်းမယ်ပဏ္ဏာ



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ထိုင်းနိုင်ငံ BSRU တက္ကသိုလ် ကျောင်းသားကျောင်းသူများ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြန်မာ့စောင်း တီးခတ်နည်းများ သင်ယူနေကြစဉ်။

**"ပြည်ပနိုင်ငံရှိ တက္ကသိုလ်များသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ ပြည်ပတက္ကသိုလ်များမှ လာရောက်သည့် ပညာတော်သင် များကိုလည်း လက်ခံ သင်ကြားပေးခြင်း၊ လေ့လာရေး ခရီးစဉ်များ အပြန်အလှန် သွားရောက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း စသည့် ပညာရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းအားထုတ်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုသို့ပင် ချဉ်းကပ်ခဲ့ပေပြီ"**

သို့သော် ဆိုစရာတစ်ချက်ရှိပါသည်။ အိမ်နီးချင်းနိုင်ငံများသည် သဘာဝအားဖြင့် ယဉ်ကျေးမှုချင်း၊ ဓလေ့စရိုက်ချင်း နီးနွှယ်ဆက်စပ်လျက်ရှိပါသည်။ ထိုအခါ နီးစပ်သော ယဉ်ကျေးမှုဓလေ့နှစ်ခုအနက် မည်သည်က အဦးအစဖြစ်သနည်း။ မည်သည်က ဆင့်ပွားယူငင်ထားခြင်းဖြစ်သနည်းဟူသော အငြင်းပွားစရာကိစ္စများရှိလာနိုင်ပါသည်။ တစ်စိတ်ကို တစ်အိတ်လုပ်ခြင်း မဟုတ်ပါ။ အစိုးရိမ်လွန်ရန်ကောဟု အပြစ်တင်လျှင်လည်း ခံရပါမည်။

မြန်မာ့တူရိယာများတွင် ဆိုင်းဝိုင်းကြီး၊ ပတ္တလား၊ နှဲ၊ ကြေး၊ မောင်းတို့ရှိသလို ထိုင်းတူရိယာများတွင်လည်း ဆိုင်းဝိုင်းကြီး၊ ပတ္တလား၊ ကြေး၊ မောင်းတို့ရှိနေပါသည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် အသွင်သဏ္ဌာန်ရော ဟန်ပန်အမူအရာပါ တူသယောင်ထင်ရသော်လည်း အနှစ်သာရချင်း ကွာခြားလှပါသည်။ ထည့်သွင်းတီးခတ်သော ပတ်လုံးအရေအတွက်၊ ပတ္တလားအဆံအရေအတွက်၊ သံစဉ်ဖွဲ့စည်းပုံနှင့် တီးခတ်သည့် နည်းစနစ်တို့သာ ကွာပေမည်။ သာဓကဆောင်ရလျှင် မြန်မာ့ဆိုင်းဝိုင်းကြီး၌ ပတ်လုံးအရေအတွက် ၂၁ လုံးပါဝင်သော်လည်း ၎င်းတို့၏ ဆိုင်းဝိုင်းတွင် ပတ်လုံးအရေအတွက် ခုနစ်လုံးသာ ပါဝင်သည်။

မြန်မာ့ဆိုင်းဝိုင်းကြီးတွင်ပါဝင်သော ပတ်လုံးတို့သည် တေးသွား (Melody) ကို ဖန်တီး၍ တစ်ဝိုင်းလုံးကို ဦးဆောင်ဦးရွက်ပြုနိုင်သည်။ ၎င်းတို့၏ ဆိုင်းဝိုင်းထဲရှိ ပတ်လုံး ခုနစ်လုံးမှာ တေးသွားကို မဖန်တီးနိုင်သည့်အပြင်

သလာ ပင်မဇာတ်လမ်းကိုသာ ယူငင်သုံးစွဲပြီး ဇာတ်ဝင်သီချင်း၊ ဇာတ်ဝင်အကနှင့် ဇာတ်စာဇာတ်စကားတို့ကို မြန်မာ့မူဟန်၊ မြန်မာသံတို့ဖြင့် ဖန်တီးခဲ့ပေလိမ့်မည်။ အမည်သညာခေါ်ဝေါ်ရုံမျှသာ ယိုးဒယားသီချင်း၊ အကဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်မည်ဟု ထင်မြင်မိပါသည်။ ဤနေရာတွင် လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ပါသည်။ ဤကိစ္စကို အနုပညာရှင်ကြီးများက သုတေသနပြု၍ တိတိကျကျဖော်ထုတ်သင့်ပါသည်။) သို့သော် မြန်မာတို့၏ ယိုးဒယားသီချင်းနှင့် ယိုးဒယားအကတို့တွင် ၎င်းတို့၏စရိုက်လက္ခဏာများ မပါဝင်ဘဲ မြန်မာ့မူဟန် စရိုက်လက္ခဏာများသာ လွှမ်းမိုးနေကြောင်း တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့်ပင် ၎င်းတို့အား ၎င်းတို့ သိပင်မသိတော့သော ယိုးဒယားသီချင်းနှင့် အကတို့ကို မျှဝေသင်ကြားပေးနေရခြင်းဖြစ်သည်။

ဤသို့ဆိုလျှင် ဖော်ပြခဲ့သောအကြောင်းအရာတို့၌ မည်သည်က အဦးအစ၊ မည်သည်ကဆင့်ပွား ဖြစ်သနည်း၊ တွေးတောချင့်ဖွယ်ရာ၊ အငြင်းပွားချင်ဖွယ်ရာဖြစ်လာနိုင်ပါသည်။ မည်သို့ပင်ဆိုစေ ယခုအခါ ကျွန်ုပ်တို့သည် ၎င်းတို့အား မြန်မာ့သုခုမပညာရပ်များဖြစ်သော မဟာဂီတဝင် သီချင်းများ၊ မြန်မာ့စောင်းနှင့် မြန်မာ့ဆိုင်းဝိုင်းကြီး တီးခတ်မှုနည်းနာများကို ASEAN Cultural and Language Learning Program အစီအစဉ်ဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း မှတ်တမ်းထားရှိနိုင်ရန် တင်ပြရခြင်းဖြစ်ပေတော့သည်။ ။

## ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၃၁**

ရမည်းသင်းမြို့ အင်တိုင်းကျေးရွာအုပ်စု အင်တိုင်းအခြေခံပညာအလယ်တန်းကျောင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသိန်းက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းပြောကြားကာ တာဝန်ခံ ကျောင်းအုပ် ဦးနန္ဒအာကာကျော်က စုံညီပွဲတော်တွင် ကျောင်းသားကျောင်းသူများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ထူးချွန်သူနှင့် အတန်းလိုက် (A) အဆင့် ရရှိသူများအား ဆုများချီးမြှင့်ပေးရခြင်းကို ရှင်းလင်းပြောကြားသည်။ အင်တိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ထူးချွန်သူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ ဆက်)**



## ဝက်ပုတ်အထက(ခွဲ)၌ စာပေဟောပြော

**လယ်ဝေး ဇန်နဝါရီ ၃၁**

နေပြည်တော် လယ်ဝေးမြို့နယ် ဝက်ပုတ်ကျေးရွာ အထက(ခွဲ)၌ ဇန်နဝါရီ ၂၇ ရက် ည ၇ နာရီက စာပေ ဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲ၌ စာရေးဆရာကြီး ချစ်ဦးညိုက "ကဗျာရေးတာ စာရေးတာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမောင်သာချိုက "ဆင်းရဲခြင်းလွတ်ကင်းအောင်" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျေးရွာနေလူငယ်များ အသိပညာရရှိစေရေးအတွက် ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရန် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**
မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်နှင့် အတွင်းရေးမှူးများ၊ Forever Group Co.,Ltd မှ အကြံပေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ Forever Group Co.,Ltd အကြံပေးပုဂ္ဂိုလ် ဦးသိန်းထွန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေး၌ ရုပ်ရှင်ထုတ်လုပ်ရာတွင် အခက်အခဲဖြစ်နေမှုများ၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ရုပ်ရှင်ဥပဒေမူကြမ်းကို မကြာခင် အကောင်အထည်ပေါ်လာစေရန် ဝိုင်းဝန်းကြိုးပမ်းနေမှု၊ ဆင်ဆာကဏ္ဍနှင့်စပ်လျဉ်း၍ ဖြေလျှော့ပေးရန် လိုလားချက်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ဇီဝမျိုးကွဲစာရင်းကောက်ယူခြင်း သုတေသနမှ ငါးမျိုးစိတ်တစ်မျိုး၊ သစ်ခွမျိုးစိတ်တစ်မျိုး၊ အပင်မျိုးစိတ် နှစ်မျိုး ဖော်ထုတ်တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနတို့နှင့် တရုတ်သိပ္ပံအကယ်ဒမီတို့ ပူးပေါင်းစီစဉ်သည့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို နေပြည်တော် Grand Amara Hotel ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အဖွင့်အမှာစကားပြောကြားပြီး ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သုတေသနလုပ်ငန်းများနှင့်ပတ်သက်သည့် သုတေသနစာတမ်းပေါင်း ၁၅ စောင်ကို တင်သွင်းဖတ်ကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့ ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ငါးနှစ်ကြာ သက်တမ်းရှိနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများမှာ ကူမင်းရုက္ခဗေဒဌာန၊ ကူမင်းဇီဝဗေဒဌာန၊ စစ်ဆောင်ပနားအပူပိုင်းရုက္ခဗေဒဥယျာဉ်နှင့် ချန်ဒူးဇီဝဗေဒဌာနတို့ဖြစ်ကြသည်။

ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ အသိပညာပေးရေးလုပ်ငန်းများ၊ အခြားအရှေ့တောင်အာရှ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်အတွက် အရှေ့တောင်အာရှ ဇီဝမျိုးစုံမျိုးကွဲ သုတေသနဌာန (Southeast Asia Biodiversity Research Institute-Chinese Academy of Science) ကို သစ်တောသုတေသနဌာန ရေဆင်း၌ ၂၀၁၆ ခုနှစ် မတ်လတွင် ဖွင့်လှစ်ကာ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဤစီမံကိန်းမှ အဓိကဆောင်ရွက်သော သုတေသနလုပ်ငန်းနယ်ပယ်များသည် အပင်ဇီဝမျိုးစုံမျိုးကွဲ စာရင်းကောက်ယူခြင်း၊ တောရိုင်းတိရစ္ဆာန်များ စာရင်းကောက်ယူခြင်း၊ ရေနေသတ္တဝါများ စာရင်းကောက်ယူခြင်းနှင့် မြန်မာနိုင်ငံရှိ သဘာဝတောထွက် ဟင်းသီးဟင်းရွက်နှင့် ဆေးဖက်ဝင်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သုတေသနလုပ်ငန်းများဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အထောက်အကူပြုနိုင်သည့် လုပ်ငန်းများဖြစ်သည်။

ဆောင်ရွက်ခဲ့သည့် စီမံကိန်းကာလအတွင်း ငါးမျိုးစိတ်သစ် တစ်မျိုး၊ သစ်ခွမျိုးစိတ်သစ် တစ်မျိုးနှင့် အပင်မျိုးစိတ်သစ် နှစ်မျိုးတို့ကို ဖော်ထုတ်တွေ့ရှိကာ နိုင်ငံတကာ အသိအမှတ်ပြုပညာရပ်ဆိုင်ရာ ဂျာနယ်များတွင် ဖော်ပြပါရှိခဲ့သည်။ စီမံကိန်းမှဆက်လက်၍ အပင်မျိုးစိတ်အသစ်များ၊ ရေနေသတ္တဝါမျိုးစိတ်သစ်များ၊ တောရိုင်းတိရစ္ဆာန်များဆိုင်ရာ အချက်အလက်များကို ဖော်ထုတ်ရရှိလာနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုကို အထောက်အကူပြုနိုင်မည့် ကိန်းဂဏန်းအချက်အလက်များကို ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့ ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သတင်းမီဒီယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**




# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား ပြုလုပ်

**စစ်တွေ ဇန်နဝါရီ ၃၁**
မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် မွန်းတည့် ၁၂ နာရီက နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီး မြန်မာဘက်ခြမ်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ BGB 34 တပ်ရင်းမှူး Monzural Hassan Khan ဦးဆောင်သည့်အဖွဲ့နှင့် မြန်မာဘက်မှ နယ်မြေ (၃) တပ်ရင်းမှူး ဒုရဲမှူးကြီး စောဇေယျာလင်း ဦးဆောင်သည့် အဖွဲ့တို့ တက်ရောက်ပြီး နှစ်နိုင်ငံအခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးကြရာတွင် မြန်မာဘက်မှ ဇန်နဝါရီ ၂၃ ရက်မှ စတင်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား လက်ခံမည့်နေရာများတွင် အဆင်သင့်ဖြစ်နေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး လက်ခံရန် အဆင်သင့်ဖြစ်နေသည့် အနေအထားများကို လိုက်လံပြသခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည့်သူများ၏ အမည်စာရင်းကို ကောက်ခံလျက်ရှိကာ အဆင်သင့်ဖြစ်ပါက အထက်ဌာနညွှန်ကြားချက်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ရွှေကူ ဇန်နဝါရီ ၃၁**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ကျေးလက်ဦးစီး (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဦး ဦးဆောင်သော M&E ဆိုင်ရာ စစ်ဆေးရေးအဖွဲ့သည် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် (ငွေလုံးငွေရင်း၊ မွမ်းမံ)ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ရုံးအဆောက်အအုံ၊ ကျေးလက်ရေပေးရေး လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်းလုပ်ငန်းများကို စစ်ဆေးခဲ့သည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့သည် ငွေကျပ် ၈၇ ဒသမ ၃၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရုံးအဆောက်အအုံ RCC နှစ်ထပ် ဆောက်လုပ်ခြင်းလုပ်ငန်းကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးစေရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**



**ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ် လာလောင်းထွီးအုပ်စု ယှက်ကျေးရွာကျောင်း၌ လုံခြုံရေးအသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ မင်းတပ်မြို့မရဲစခန်းမှ စခန်းမှူးတင်ဌေးနိုင်က မူးဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောစဉ်။**

ခရိုင်(ပြန်/ဆက်)

# စီးပွားရေးတက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင်လက်တွေ့ လေ့လာဆောင်ရွက်နိုင်ရေး ညှိနှိုင်း



**နေပြည်တော် ဇန်နဝါရီ ၃၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းရရှိချက်အရ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်များတွင်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဌာန၊ အဖွဲ့အစည်းများတွင် လုပ်ငန်းခွင်လက်တွေ့လေ့လာရေး (Internship)ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက စီးပွားရေးတက္ကသိုလ်များတွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် လုပ်ငန်းခွင်လက်တွေ့လေ့လာရေး (Internship) ဆောင်ရွက်နိုင်ပါက နိုင်ငံတော်၊ တက္ကသိုလ်များ၊ ကျောင်းသား ကျောင်းသူ တစ်ဦးချင်းအနေဖြင့်လည်းကောင်း အလွန်တန်ဖိုးရှိပါကြောင်း၊နိုင်ငံတော်အနေဖြင့် ကျောင်းသား ကျောင်းသူများကို ဦးစားပေး တန်ဖိုးထားပါကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ကျောင်းသား ကျောင်းသူများ ပါဝင်သောကြောင့် အချင်းချင်း ချစ်ကြည်ရင်းနှီးသည့် ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ရရှိနိုင်မှာဖြစ်ကြောင်း၊ လူငယ်များ၏ အနာဂတ်ကို လူငယ်များကိုယ်တိုင် ဖန်တီးနိုင်ရမည် ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများအားလုံးမှ စီးပွားရေးတက္ကသိုလ်တွင် သင်ကြားသော ဘာသာရပ်များနှင့် သက်ဆိုင်သောကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့်လည်း အလွန်အကျိုးရှိမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်း၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လုပ်ငန်းခွင်လက်တွေ့လေ့လာရေးအစီအစဉ်များ၊ ကျောင်းသား ကျောင်းသူများစေလွှတ်မည့် ကိစ္စရပ်များ၊လေ့လာရေးကာလ၊ အုပ်ချုပ်မှုကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား စနစ်တကျထိရောက်စွာနှင့် ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးကို ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**❂ မြန်မာအသင်းမှ**

စိုင်းပြုံးအောင်၊ ပြည့်ဖြိုးမောင်(၂)၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ ခင်ဇော်လင်း၊ ကောင်းချစ်သူ၊ ပြည့်ဖြိုးမောင်(၃)၊ ရဲလင်းထွန်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ကာ ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် အာဆီယံဖူဆယ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် အောင်မြင်မှုရခဲ့ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာ အာရှအဆင့်တွင် ထိပ်တန်းအဆင့်ရောက်နေပြီဖြစ်သောကြောင့် ချန်ပီယံဆုရယူနိုင်ရန် မလွယ်ကူသော်လည်း မြန်မာအသင်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုတို့ရခဲ့သည်။ အောင်မြင်မှုရခဲ့သည့် မြန်မာအသင်းကို နှစ်ကြိမ်စလုံး ပြည်တွင်းနည်းပြဖြစ်သည့် ဦးငွေးမြင့်က ကိုင်တွယ်ခဲ့ပြီး အချိန်တိုကာလအတွင်း အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂ ရက်တွင် လက်ရှိချန်ပီယံ အီရန်အသင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် အီရတ်အသင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တရုတ်(တိုင်ပေ) ၌ ကျင်းပမည့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**

**❒ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်မှ**

ဝင်ပြီး ကူညီတဲ့သဘောမျိုးဖြစ်မယ့် အဖွဲ့အစည်းတွေ ပေါ်ပေါက်အောင်ကြိုးစားသင့်ပါတယ်၊ ပေါ်ပေါက်လာရင်လည်း ပိုပြီးတော့ ထိန်းသိမ်းကြပါ၊ ဒီနည်းဟာ ယနေ့ခေတ် နိုင်ငံတကာမှာ အသုံးပြုနေတဲ့ နည်းဖြစ်တဲ့အတွက် ကိုယ်တိုင်ပါဝင်ပြီး တစ်နိုင်တစ်ပိုင် ထိန်းသိမ်းကြမယ်ဆိုရင် ယနေ့အချိန်ထိ မပြိုမပျက်ဘဲ ကျန်နေတဲ့ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရာရောက်မယ်လို့ထင်ပါတယ်”ဟု ၎င်းက ပြောသည်။

ထို့ပြင် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများအား ပြုပြင်မွမ်းမံရန်တစ်ခုတည်းသာမဟုတ်ဘဲ ယင်းအဆောက်အအုံများ၏ မှတ်တမ်းကို ရယူထိန်းသိမ်းရန်၊ ပြုပြင်မွမ်းမံရန်နှင့် နှစ်ပေါင်းကြာမြင့်လာသည့်အခါ ရေရှည်တည်တံ့ခိုင်မြဲစေရန် လက်ရှိအချိန်ကတည်းက ကြိုတင်ဆောင်ရွက်ထားရန်လည်း လိုအပ်ကြောင်း သိရသည်။

“အရင်တုန်းက ကျွန်တော်တို့လည်း အမှတ်မှားခဲ့တယ်၊ ရှေးဟောင်းအဆောက်အအုံတစ်ခုကို ပြုပြင်နေရုံနဲ့ မရဘူး၊ မှတ်တမ်းယူဖို့လည်း လိုတယ်ဆိုတာကို မန္တလေးမြို့က ရွှေနန်းတော် ကျောင်းကြီးကို အမေရိကန်သံအမတ်ကြီးရန်ပုံငွေနဲ့ ပြုပြင်မယ့် နိုင်ငံတကာပညာရှင်တွေရဲ့ လုပ်ဆောင်ချက်တွေအရ သိခဲ့ရတယ်၊ ဒါကြောင့် နိုင်ငံတကာပညာရှင်တွေနဲ့ ပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းတာက အကျိုးရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာလူမျိုးများ၏ ခေတ်အဆက်ဆက် ဗိသုကာအနုပညာ၊ ပန်းချီ၊ ပန်းပုနှင့် ပန်းဆယ်မျိုးဆိုင်ရာ ပညာရပ်များကို လေ့လာပါက အနုပညာရပ်တစ်ခုတည်းတွင် ကျေနပ်မနေဘဲ မျိုးဆက်တစ်ခုတည်းမှာပင် ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်း စသည်ဖြင့် လက်ရာများကို ဆန်းသစ်တီထွင်ကာ ဖန်တီးနိုင်စွမ်းရှိကြောင်း မန္တလေးမြို့ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ၏ ဗိသုကာလက်ရာသမိုင်းကို လေ့လာပါက သိရှိနိုင်ကြောင်း မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျေးလက်နေတောင်သူများ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာပေးဆွေးနွေး

**အုတ်တွင်း ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်နေတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်း၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ကျေးလက်ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးအသိပညာများဆွေးနွေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ပေါက်တောကျေးရွာ၊ ကျွဲပွဲမြို့နှင့် ဥယျာဉ်တော်ကျေးရွာ လူထုအခြေပြု လေ့လာမှုစခန်းအသီးသီး၌ ကျင်းပခဲ့ကြောင်း



သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက လည်းကောင်း၊ တောင်သူများ၏ စပါး၊ ပဲအမျိုးမျိုးနှင့် အခြားသော စိုက်ပျိုးသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ခြင်း၊ မြေအမျိုးအစားအလိုက် ဈေးကွက်ဝင်သီးနှံများရွေးချယ်ခြင်း၊ ကြုံတွေ့ရလေ့ရှိသော တောင်သူများ၏ အခက်အခဲများနှင့်ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်လာသော တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


# မူခင်းအသိပညာပေး ဟောပြော


**မော်လမြိုင် ဇန်နဝါရီ ၃၁**


မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက မူခင်းအသိ ပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မော်လမြိုင်)မှ ဒုတိယရဲမှူး ဆန်းဦးက လူကုန်ကူးမှုဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြိုင်သာယာနယ်မြေရဲစခန်းမှူး ရဲအုပ်တင်ထွန်းဦးက မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအကြောင်းကိုလည်းကောင်း၊ အမှတ် (၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(မော်လမြိုင်)မှ ရဲအုပ်ဇော်ဇော်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များ၊ နည်းဥပဒေများအကြောင်းကို လည်းကောင်း၊ အမှတ်(၃၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲတပ်ကြပ်ကြီး ကိုကိုနိုင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းကို လည်းကောင်း ဟောပြောကြသည်။

**မြို့နယ်ရဲတပ်ဖွဲ့**



# ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်လေ့လာ






**နေပြည်တော် ဇန်နဝါရီ ၃၁**

ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်၍ ငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လာရောက်လေ့လာကြသည်။

လေ့လာရေးခရီးစဉ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ရှိအစိုးရ စတင်ဖွဲ့စည်းချိန်မှစ၍ အဓိကထားဆောင်ရွက်ခဲ့သည့် ရည်မှန်းချက်(၃)ရပ်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ပင်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် အားလုံး၏သဘောတူညီချက်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး NCA လက်မှတ်ရေးထိုးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နေမှုနှင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်က လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးဖြစ်စဉ်ကိုသိမှ ကိုယ်လုပ်ချင်တဲ့၊ ကိုယ်ဖြစ်ချင်တဲ့ပန်းတိုင်ကို မြင်ပြီးတော့ ကိုယ်လျှောက်နေတဲ့ခရီးကိုလည်း ပြတ်ပြတ်သားသားသိမှာဖြစ်ပါတယ်

**ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခေါင်းဆောင်သည့် ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်၍ ငြိမ်းချမ်းရေးအကောင်အထည်ဖော် ဆောင်ရွက်နေမှု ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ လာရောက်လေ့လာခဲ့ကြသည်။ ထိုသို့လာရောက်လေ့လာခဲ့ကြသူများအနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် လေ့လာရေးအဖွဲ့ဝင်များ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ၎င်းတို့၏အမြင်များကို မေးမြန်းဖော်ပြလိုက်ပါသည်။**

**ဦးမျိုးဇော်အောင်**
**ကောလင်းမြို့နယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ လက်ရှိဖြစ်စဉ်တွေမှာ ပြဿနာအချို့ရှိနေတယ်ဆိုတာ ကြားရတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ ရှေ့ကိုရောက်လာတာတွေလည်း ရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် အားစိုက်ပြီး ကျော်လွှားနေတယ်ဆိုတာ မြင်ရတယ်။ ကျွန်တော့်ဆန္ဒကတော့ တိုင်းပြည်ငြိမ်းချမ်းစေချင်တယ်။ ငြိမ်းချမ်းရေးရမှပဲ တိုးတက်ရာတိုးတက်ကြောင်း အများကြီးပိုလုပ်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရအောင် သူများကို တိုက်တိုက်တွန်းတွန်း ပြောသလို ကိုယ်တိုင်လည်း ထဲထဲဝင်ဝင်ပါနိုင်အောင် ကြိုးစားနေပါတယ်။ ဒီလေ့လာရေးခရီးစဉ်မှာ ပါတဲ့သူတွေဟာ ကျေးရွာအသီးသီးက ပြည်သူတွေကြားထဲ ငြိမ်းချမ်းရေးအသိစိတ်တွေ ရောက်အောင် မျှဝေနိုင်တဲ့သူတွေ ဖြစ်ပါတယ်။ အဓိက ကျွန်တော်တို့ အတ္တတွေကင်းဖို့လိုသလို အားလုံးငြိမ်းချမ်းရေးကို လိုလားဖို့လိုပါတယ်။


ဦးမျိုးဇော်အောင်


ဦးတင်ဆန်း


မဇင်မာသိမ့်

**ဦးတင်ဆန်း**
**ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လူငယ်ဖော်ဆောင်ရေးအဖွဲ့ဝင်**

ကျွန်တော်တို့က လူငယ်တွေကို ငြိမ်းချမ်းရေးဖြစ်စဉ်တွေ သိစေချင်တဲ့အတွက် ဒီကိုရောက်လာခြင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ လူသားလောက တစ်ခုလုံးအတွက် အင်မတန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးကို လူတိုင်းလိုချင်ပါတယ်။ ငြိမ်းချမ်းရေးဟာ လူသားတစ်ရပ်လုံးအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ အားလုံးသိရှိခံစားကြဖို့၊ ကျွန်တော်တို့ မြို့နယ်ပြည်သူတွေ ငြိမ်းချမ်းရေး အသိစိတ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထဲထဲဝင်ဝင်သိရှိနိုင်ဖို့ ဒီကိုလာပြီးတော့ နားထောင်တယ်၊ ပြီးတော့ ထပ်ဆင့်ဖြန့်ဝေမှာ ဖြစ်ပါတယ်။ ဒီနေ့လေ့လာရေးခရီးစဉ်မှာ စုစုပေါင်း ၉၆ ဦး ပါဝင်ပါတယ်။ ဒီလူအင်အားဟာ ကောလင်းမြို့နယ်ရဲ့ နေရာစုံကဖြစ်လို့ တစ်မြို့နယ်လုံး အတိုင်းအတာနဲ့ ထဲထဲဝင်ဝင် သိရှိအောင် မျှဝေဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဇင်မာသိမ့်**
**ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တာဝန်ခံ**

ကျွန်မတို့ အခုငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး လေ့လာတဲ့အခါမှာ မသိသေးတာတွေကို သိခဲ့ရတယ်။ လူငယ်တွေအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အမှန်တကယ် သိသင့်ပါတယ်။ သိမှလည်း ကိုယ်လုပ်ချင်တဲ့၊ ကိုယ်ဖြစ်ချင်တဲ့ပန်းတိုင်ကို မြင်ပြီးတော့ ကိုယ်လျှောက်နေတဲ့ခရီးကိုလည်း ပြတ်ပြတ်သားသားသိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အားလုံးသိသင့်သိထိုက်တယ်လို့ ယုံကြည်ပါတယ်။

**သတင်းအဖွဲ့**



**ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်အထိ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံနိုင်ငံများ အဆင့်မြင့် ကမ်ပိုနည်းပြသင်တန်း တက်ရောက်ရန် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်၊ အသင်းအုပ်ချုပ်သူ ဒေါ်မိမိမော် လက်ထောက်ညွှန်ကြားရေးမှူး (အား/ကာ)နှင့် အဖွဲ့ဝင် စုစုပေါင်း ရှစ်ဦးတို့အား ဇန်နဝါရီ ၃၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။**
ကြေးမုံ



**ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် (၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၉ ရက်က မရမ်းကုန်းမြို့နယ်မှူး ရဲမှူး စိုးအောင် ပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေး ဟောပြောဆွေးနွေးစဉ်။**
ဇာနည်မောင်

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တို့၌ တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရွှေတိဂုံစေတီတော် ၁၃၇၉ ခုနှစ် တပို့တွဲလပြည့် မြန်မာ့ရိုးရာထမနဲဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲနှင့် ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ရင်ပြင်တော် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး ဩဝါဒပါတိမောက်ဒေသနာတော်နှင့် ဩဝါဒပါတိမောက်အနှစ်ချုပ်ကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ရင်ပြင်တော် သောကြာထောင့်ရှိ ထီးတော်ပုံတန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဆရာတော်ကြီးများနှင့် သံဃာတော်များအား ထမနဲ



ဆွမ်းတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ယင်းနောက် ရေစက်ချအနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဦးအောင်မြတ်က ဇေယျမင်္ဂလာ အနုမောဒနာစကား လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားပူဇော်သော ပရိတ်တရားတော်များ နာကြားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ နိုင်ငံတော် ဝိနည်းဓိုရ်၊ နိုင်ငံတော်(သီးခြား) ဝိနည်းဓိုရ် ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်ချတရား နာယူကြသည်။

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၉ ခုနှစ် တပို့တွဲလပြည့် ဩဝါဒပါတိမောက် မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ဩဝါဒပါတိမောက်အခမ်းအနားဆိုင်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ ဩဝါဒပါတိမောက် ရွတ်ဆိုပူဇော်ခြင်း၊ အခါတော်နေ့ အဓိဋ္ဌာန်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်း-ကိုကိုဇော်**

**ဓာတ်ပုံ-ဇော်မင်းလတ်၊ လှမိုး**

# သမဝါယမတက္ကသိုလ်(သန်လျင်)တွင် (၁၂)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**သန်လျင် ဇန်နဝါရီ ၃၁**

သမဝါယမတက္ကသိုလ် (သန်လျင်)၏ (၁၂)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဒက္ခိဏဆောင်မြက်ခင်းပြင်၌ ကျင်းပရာ သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသည် ပျော်ရွှင်စရာအကောင်းဆုံးဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အဖွဲ့များအနေဖြင့် စည်းကမ်းရှိစွာ ယှဉ်ပြိုင်ရန်၊ စည်းစည်းလုံးလုံး အားပေးရန်၊ ယှဉ်ပြိုင်ရာတွင် အမှိုက်သရိုက်နှင့် အကြွင်းအကျန်များကို စနစ်တကျ သိမ်းဆည်းရန် အလေးအနက် မှာကြားလိုကြောင်း၊ ယခုလို မြန်မာ့ရိုးရာထမနဲပွဲ ကျင်းပရခြင်းမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ ချစ်ခင်ရင်းနှီးပြီး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အဖွဲ့ရှစ်ဖွဲ့အား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဖြစ်၍ အနိုင်၊အရှုံး ရှိမည်ကို သိရှိနားလည် သဘောပေါက်ပြီး စည်းလုံးညီညွတ်စွာဖြင့် အားပေးကြစေလိုကြောင်း ပြောကြားသည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ပထမနှစ် ကိုယ်စားပြု အဖွဲ့နှစ်ဖွဲ့၊ တတိယနှစ်နှင့် စတုတ္ထနှစ် ကိုယ်စားပြု အဖွဲ့တစ်ဖွဲ့၊ အထူးပြုဘာသာရပ်များဖြစ်သည့် စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာအထူးပြုဘာသာရပ်မှ တစ်ဖွဲ့၊ အသုံးချစာရင်းအင်းပညာ အထူးပြုဘာသာရပ်မှ တစ်ဖွဲ့၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာအထူးပြုဘာသာရပ်မှ တစ်ဖွဲ့၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာအထူးပြုဘာသာရပ်မှ တစ်ဖွဲ့နှင့် လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ အထူးပြုဘာသာရပ်မှတစ်ဖွဲ့ စုစုပေါင်း အဖွဲ့ရှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။



ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိသည့်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ပထမဆုရရှိသည့် စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ အထူးပြုဘာသာရပ်အဖွဲ့အား ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက လည်းကောင်း၊ ပူးတွဲဒုတိယဆု ရရှိသည့် အသုံးချစာရင်းအင်းပညာ အထူးပြုဘာသာရပ်အဖွဲ့နှင့် တတိယနှစ်နှင့် စတုတ္ထနှစ် ကိုယ်စားပြုအဖွဲ့နှစ်ဖွဲ့အား ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဦးတင်သိန်းနှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါ်မြင့်မြင့်စိန်တို့က လည်းကောင်း၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့များအား ပါမောက္ခ/ဌာနမှူးများက လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲကျင်းပနေစဉ် တက္ကသိုလ် အနုပညာအသင်းမှ အိုးစည်ဗိုးပတ်များ၊ အကများဖြင့် ဖျော်ဖြေအားပေးပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာသင်တန်း မောင်တောမြို့၌ ဖွင့်လှစ်

**မောင်တော ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ သင်တန်းကို မောင်တောမြို့ ကုန်သည်ကြီးများအသင်း ဒေဝါနဒီခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန မောင်တောခရိုင်ဦးစီးမှူး ဦးမောင်မောင်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး (IOM) ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း အမျိုးသားအစီအစဉ်အရာရှိ ဒေါ်အေးသိမ့်သူက သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ဖြစ်ပေါ်ပြီးအရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိစေရန်ဖြစ်ကြောင်း သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် IOM တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ၊ ဌာနဆိုင်ရာဝန်ထမ်း ၃၀ ခန့်ဖြင့် သုံးရက်ကြာ ဖွင့်လှစ်ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းရေးသွင်းခြင်း သင်တန်းဖွင့်

**ညောင်လေးပင် ဇန်နဝါရီ ၃၁**

ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြုလုပ်သော ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းရေးသွင်းခြင်း(၃/၂၀၁၈) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ကြိုးကြာကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ မြို့နယ်ကျေးလက်ဦးစီးမှူး၊ မြို့နယ်မြစိမ်းရောင်ကော်မတီဝင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဆန်းဝေဖြိုး၊ ကော်မတီဝင်ဦးလှမြင့်တို့က ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် ငွေစာရင်းထိန်းသိမ်းရေးသွင်းခြင်းဆိုင်ရာ ဘာသာရပ်များကို အသေးစိတ် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြသည်။

သင်တန်းသို့ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများဖြစ်သော ကြိုးကြာကွင်းကျေးရွာ၊ ဆုံကုန်း၊ ဆုံကွဲကျေးရွာ၊ ကောက်ကွေ့ကျေးရွာ၊ အရှေ့ဇီးကန်ကျေးရွာနှင့် အနောက်ဇီးကန်ကျေးရွာတို့မှ ကော်မတီဝင် သင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ သာယာကုန်း(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်္ဂလာညွန့် (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရွက်ညိုတောင် (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၄၀၈ ကောင်နှင့် ဆိတ် ၇၇၅ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁** ပုလဲမင်းစစ်ဆင်ရေးအရ မူးယစ်တပ်ဖွဲ့စု(၃၅) မြိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက မြိတ်မြို့ ဇေယျာသီရိ(၃)ရပ်ကွက် ခေမာလမ်းနေ မခင်မာချို အိမ်ငှားနေထိုင်သည့် အိမ်တန်းလျားအခန်းအမှတ်(၁) နေအိမ်ဈေးဆိုင်ခန်းကို ရှာဖွေရာ ကွမ်းယာခုံအခင်းကော်ဇောအောက်မှ စိတ်ကြွရူးသွပ်ဆေး ၇၂ ပြား၊ ငွေကျပ် ၁၆၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



ဝင်းနိုင်(ခ)ဘူငယ်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင် မင်းမင်းဖြိုး(ခ)မင်းမင်းနှင့် ဇင်မင်းမြတ်တို့ အိမ်ငှားနေထိုင်သည့် အိမ်တန်းလျား အခန်းအမှတ်(၃) အိမ်ခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ မမိသဲ အိမ်ငှားနေထိုင်သည့် အိမ်တန်းလျား အခန်းအမှတ်(၅)အိမ်ခန်းကို ရှာဖွေရန် ဝင်ရောက်စဉ် မမိသဲမှာ အိမ်အပြင်ဘက်သို့ အထုပ်တစ်ထုပ် ပစ်ချသဖြင့် စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေး ၂၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ မြိတ်မြို့နယ် ပသောင်းတံတားထိပ် မြိတ်-တနင်္သာရီ ကားလမ်းတွင် ဝင်းနိုင်စိုး(ခ)ဘူငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစာမှုန့် ၁၁ ဒသမ ၄၁ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဇန်နဝါရီ ရက်သတ္တပတ်အတွင်း ငွေကျပ်သန်း ၄၃၀ ခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် ဇန်နဝါရီ ၃၁**
အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများကို တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အတွင်း ငွေကျပ်သန်း ၄၃၀ ကျော်ခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အတွင်း တင်သွင်း၊ တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉ ဒသမ ၆၂၅ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးဖမ်းဆီးရမိခဲ့ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၅၁၈ သန်းခန့်)၊ ရန်ကုန်ဆိပ်ကမ်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၀၀၇ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၆၄ ဒသမ ၉၇၁ သန်းခန့်)၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၃၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉ ဒသမ ၉၀၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၄၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၄၆၁ သန်းခန့်)၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၆၅ သန်းခန့်)၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၂၈ သန်းခန့်)၊ မူဆယ်မြို့နယ်(OSS)စစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၁၆၈ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၀၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉ ဒသမ ၆၂၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းသို့ ဖမ်းဆီးရမိခဲ့ရာတွင် ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၈ ရက်က ရေပူအမြဲတမ်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းသို့ ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ ညောင်ခါးရှည်ကျေးရွာအနီးတွင် SKAT ယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Sugar (1x50kg) ၁၃၅ Bags နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၃၂၀ သန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **၀၀၁**

## ဦးဘိုဘိုမင်းသိုက်ကို သတ်ဖြတ်ခဲ့သူအား ဖမ်းဆီးရမိရေး အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**
ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ယိုးငူကျေးရွာနှင့် အောင်ဖြူပြင်ကျေးရွာကြား သရက်ချိုကျေးရွာအနီး ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်(၁၆၉/၀)နှင့် (၁၆၉/၁)ကြား၌ ယာဉ်တစ်စီး လမ်းဘေးထိုးကျနေပြီး ယာဉ်ဘေး၌ လူတစ်ဦးလဲနေကြောင်း သတင်းအရ ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီခန့်တွင် ပုဏ္ဏားကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ CRV ယာဉ်တစ်စီး လမ်းယာဘက်ဘေး ရေမြောင်းအတွင်း၌ ကျောက်တော်ဘက်မှ ပုဏ္ဏားကျွန်းမြို့ဘက်သို့ ဦးတည်လျက် တိမ်းစောင်းနေကာ ယာဉ်အောက်၌ အမျိုးသားတစ်ဦး ပိမိသေဆုံးနေပြီး အနီးတွင် လက်ကိုင်ဖုန်းလေးလုံးနှင့် ငွေ၊ ပစ္စည်းအချို့ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

သေဆုံးသူအား စစ်ဆေးရာ ရင်ညွန့် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲယာနို့အုံအောက် ထိုးသွင်းဒဏ်ရာ တစ်ချက်စီ၊ ဝဲယာလက်ပြင် ထိုးသွင်းဒဏ်ရာ ၁၂ ချက်နှင့် ဝဲမျက်ခုံး ပြတ်ရှဒဏ်ရာတစ်ချက်တို့ တွေ့ရှိရပြီး ယာဉ်ရှေ့ခန်း ခရီးဆောင်အိတ်အတွင်းမှ တွေ့ရှိရသည့် စာရွက်စာတမ်းများအရ သေဆုံးသူမှာ မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုဘိုမင်းသိုက် (လက်ရှိ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး) ဖြစ်သည်ဟု သိရှိရကြောင်း၊ ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က အလောင်းအား ပုဏ္ဏားကျွန်းမြို့နယ် ဆေးရုံကြီးသို့ သွားရောက်ပို့ဆောင်နေစဉ် ကျန်ရှိခဲ့သည့် မော်တော်ယာဉ်မှာ မီးလောင်သဖြင့် ပုဏ္ဏားကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့က သွားရောက်ငြိမ်းသတ်ခဲ့ရပြီး ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဦးဘိုဘိုမင်းသိုက်သည် မြောက်ဦးမြို့ဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးမှုခံယူရန် ဇန်နဝါရီ ၂၅ ရက်တွင် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ ပြန်လည်ရောက်ရှိပြီး စစ်ဆေးခံခဲ့ကာ ဇန်နဝါရီ ၃၀ ရက်တွင် စစ်ဆေးခံမှု ပြီးစီး၍ မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့သို့ ပြန်ရန် CRV မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း၊ အဆိုပါ မော်တော်ယာဉ်မှာ တိမ်ညိုကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်မြင့် (၄၈ နှစ်)ပိုင် လိုင်စင်မဲ့ယာဉ်ဖြစ်ပြီး ဦးဘိုဘိုမင်းသိုက်နှင့်အတူ ဦးကျော်မြင့်၏ သားနှင့် အခြားလူငယ် တစ်ဦး လိုက်ပါသွားကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဦးကျော်မြင့်၏ သားအပါအဝင် လူငယ်နှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း၊ အဆိုပါ ဖြစ်ရပ်နှင့် စပ်လျဉ်း၍ မျက်မြင်သက်သေအချို့၏ ပြောပြချက်အရ မော်တော်ယာဉ်ပေါ်တွင် ဦးဘိုဘိုမင်းသိုက်ပါ လေးဦးပါရှိပြီး ဦးဘိုဘိုမင်းသိုက်မှာ ကားမှောက်၍ ပိမိသေဆုံးခဲ့ကာ ကျန်သုံးဦးမှာ ကားလမ်းအနောက်ဘက်ရှိ တောင်ပေါ်သို့ တက်ပြေးသွားကြောင်း၊ ခဏအကြာတွင် မော်တော်ဆိုင်ကယ်ဖြင့် လူနှစ်ဦး ရောက်ရှိလာပြီး မော်တော်ယာဉ်အား မီးရှို့သွားကြောင်း သိရှိရသည်။

ဦးဘိုဘိုမင်းသိုက်ကို သတ်ဖြတ်ခဲ့သူအား ဖမ်းဆီးရမိရေးအတွက် ပုဏ္ဏားကျွန်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၄၀/၁၁၄ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**








## မောင်တောမြို့၌ မီးလောင်မှုဖြစ်

**မောင်တော ဇန်နဝါရီ ၃၁**
ရခိုင်ပြည်နယ် မောင်တောမြို့ ရွှေဇားအုပ်စု ကမ်းပိုင်နားကျေးရွာတွင် ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်စင် ဦးဆောင်သောအဖွဲ့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ကျေးရွာသူကျေးရွာသားများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှု ဖြစ်စဉ်မှာ မောင်တောမြို့နယ် ရွှေဇားအုပ်စု ကမ်းပိုင်နားကျေးရွာနေ ရာဇောက်ဒူလာ၏နေအိမ်ရှိ မီးဖိုမီးကျန်မှတစ်ဆင့် အနီးရှိဝါးထရံသို့ မီးကူးစက်လောင်ခဲ့ပြီး ၎င်းနေအိမ်နှင့်ဘေးကပ်လျက်ရှိ နေအိမ်ခြောက်လုံးအား မီးကူးစက်လောင်ခဲ့သဖြင့် ရာဇောက်ဒူလာအား ပြင်ဖြူနယ်ခြားစောင့်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မြစ်ကြီးနားခရိုင်၌ ၂၀၁၇ ခုနှစ်တွင် လူသတ်မှု နှစ်ဆခန့်မြင့်တက်

**မြစ်ကြီးနား ဇန်နဝါရီ ၃၁**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်တွင် ၂၀၁၇ ခုနှစ်အတွင်း လူသတ်မှုမှာ ယခင်နှစ်များထက် နှစ်ဆခန့်မြင့်တက်ခဲ့ကြောင်း မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

မြစ်ကြီးနားခရိုင်တွင် ၂၀၁၅ ခုနှစ်အတွင်း အမှုကြီးစုစုပေါင်း ၃၅ မှု၊ လူသတ်မှု ၁၄ မှု၊ ၂၀၁၆ ခုနှစ်တွင် အမှုကြီး ၂၉ မှု၊ လူသတ်မှု ၁၂ မှု၊ ၂၀၁၇ ခုနှစ်တွင်မူ အမှုကြီး ၅၂ မှု၊ လူသတ်မှု ၂၈ မှု ဖြစ်ပွားခဲ့ရာ ယခင်နှစ်နှစ်ထက် နှစ်ဆခန့် မြင့်တက်မှုရှိခဲ့ကြောင်း မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

အဆိုပါ လူသတ်မှုကျူးလွန်သူအများစုမှာ လူလတ်ပိုင်းအရွယ်များက မထင်မှတ်ဘဲ ကျူးလွန်မှုများဖြစ်၍ အများဆုံးဖြစ်ပွားမှုမှာ မြစ်ကြီးနားမြို့နယ်အတွင်းမှဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြစ်ကြီးနားခရိုင်အတွင်း၌ ၂၀၁၅ ခုနှစ်တွင် ကြိုတင်ကာကွယ်မှု စုစုပေါင်း ၈၃၈ မှုနှင့် အခြားအမှု စုစုပေါင်း ၅၂၀ မှု၊ ၂၀၁၆ ခုနှစ်တွင် ကြိုတင်ကာကွယ်မှု စုစုပေါင်း ၈၁၀ နှင့် အခြားအမှု စုစုပေါင်း ၅၁၉ မှု၊ ၂၀၁၇ ခုနှစ်အတွင်း ကြိုတင်ကာကွယ်မှု စုစုပေါင်းအမှု ၁၀၀၀ နှင့် အခြားအမှုစုစုပေါင်း ၅၉၁ မှု ဖြစ်ပွားခဲ့ရာ ၂၀၁၇ ခုနှစ်အတွင်း အမှုဖြစ်ပွားမှုသည် လူသတ်မှု အပြင် အခြားအမှုများ ဖြစ်ပွားမှုမှာလည်း အမြင့်ဆုံးဖြစ်ကြောင်း မြစ်ကြီးနား ခရိုင်ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

ကချင်ပြည်နယ်တစ်ခုလုံးတွင် ၂၀၁၆ ခုနှစ်က မှုခင်းဖြစ်ပွားမှု ၄၃၃၆ မှု၊ ၂၀၁၇ ခုနှစ်တွင် ၅၀၃၅ မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁** တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၀၈ စီး၊ သွင်းကုန် ၁၀၄၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၄၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅ ဒသမ ၀၉၇ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၁၁၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉ ဒသမ ၂၁၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် Nissan ၁၂ ဘီးယာဉ် တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃ ဒသမ ၁၁၁ သန်းခန့် စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လီဗာပူးအသင်း အဝေးကွင်းနိုင်ပွဲရပြီး အာဆင်နယ် ရှုံးပွဲကြုံခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၂၅)၏ အစောပိုင်းပွဲစဉ်များအဖြစ် ဇန်နဝါရီ ၃၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် လီဗာပူးအသင်းသည် အဝေးကွင်းတွင် ဟက်ဒါဖီးလ်အသင်းကို အနိုင်ရရှိခဲ့သော်လည်း လီဗာပူးအသင်းကဲ့သို့ အဝေးကွင်းသို့ သွားရောက်ကစားခဲ့ရသည့် အာဆင်နယ်အသင်းမှာမူ အိမ်ရှင် ဆွမ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ရသည်။

လီဗာပူးအသင်းသည် ယင်းပွဲစဉ်တွင် ဟက်ဒါဖီးလ်အသင်းကို အမ်မရီကန်၊ ဖာမီနိုနှင့် ဆာလက်တို့၏ သွင်းဂိုးများဖြင့် သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းနိုင်ပွဲရရှိခဲ့ခြင်းကြောင့် လီဗာပူးအသင်းမှာ ရမှတ် ၅၀ ရရှိခဲ့ကာ အမှတ်ပေးဇယား၏ အဆင့်(၃)နေရာသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဟက်ဒါဖီးလ်အသင်းမှာ နောက်ဆုံးကစားခဲ့သည့် ခုနစ်ပွဲတွင် တစ်ပွဲမျှ နိုင်ပွဲမရရှိခဲ့သော်လည်း လီဗာပူးအသင်းမှာမူ နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ် ၁၆ ပွဲတွင် ၁၁ ပွဲနိုင်ပြီး ၄ ပွဲ သရေရလဒ် ထွက်ပေါ်ထားကာ တစ်ပွဲသာလျှင် ရှုံးပွဲကြုံထားခဲ့သည့် အသင်းဖြစ်သည်။



ဖာမီနိုသည် ယခုပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်း၏ နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ် ၁၂ ပွဲတွင် ရရှိခဲ့သည့်သွင်းဂိုးများအနက် ၁၀ ဂိုးအထိ ပါဝင်ပတ်သက်မှုရှိခဲ့ပြီး ရှစ်ဂိုးသွင်းယူထားကာ နှစ်ဂိုး ဖန်တီးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆွမ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပွဲစဉ်တွင် အာဆင်နယ်အသင်းသည် မွန်ရီးယဲလ်၏ သွင်းဂိုးဖြင့် အဝေးကွင်းတွင် ဦးဆောင်ဂိုးရရှိခဲ့သော်လည်း တစ်မိနစ်အကြာတွင် ပေးလိုက်ရသည့် ချေပဂိုးအပြင် နောက်ထပ် နှစ်ဂိုး ထပ်မံခွင့်ပြုပေးလိုက်ရခြင်းကြောင့် အာဆင်နယ်အသင်း အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်သည် ဆွမ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ပရီမီယာလိဂ်အဆင့်(၄)စာရင်းဝင်မည့် မျှော်လင့်ချက် ထပ်မံဝေးကွာသွားခဲ့ရပြီး အဆင့်(၄)တွင် ရပ်တည်နိုင်ခဲ့သည့် လီဗာပူးနှင့်လည်း ရှစ်မှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်သည်။ ဇန်နဝါရီ ၃၀ ရက် ညပိုင်းက ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၂၅)၏ အခြားပွဲစဉ်ဖြစ်သည့် ဝက်စ်ဟမ်းနှင့် ခရစ္စတယ်ပဲလေ့တို့ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

**ငွေကြယ် - ရေးသားသည်**

# ဒုတိယဈေးအကြီးဆုံးနောက်တန်းကစားသမား လာပေါ့တီ ဖြစ်လာ

မန်စီးတီးအသင်းသည် ဘီဘာအိုနောက်တန်းကစားသမား လာပေါ့တီအား အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပြီဖြစ်သည်။ လာပေါ့တီသည် မန်စီးတီးသို့ ပြောင်းရွှေ့ကြေး ပေါင် ၅၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် လာပေါ့တီသည် ဒုတိယဈေးအကြီးဆုံး နောက်တန်းကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့ပြီဖြစ်သည်။

လက်ရှိတွင် လီဗာပူးနောက်တန်းကစားသမား ဗန်ဒစ်ခ်သည် ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် ဈေးအကြီးဆုံးနောက်တန်းကစားသမားတစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။

လာပေါ့တီအား ခေါ်ယူခဲ့ပြီးနောက် ဂွါဒီယိုလာ၏ မန်စီးတီးအတွက် ကစားသမားခေါ်ယူမှုတွင် သုံးစွဲငွေကြေးမှာ ပေါင်သန်း ၄၅၀ နီးပါးအထိ ရှိလာခဲ့ပြီး နောက်တန်းတစ်ခုတည်းကိုပင် ပေါင်သန်း ၁၉၀ အထိ သုံးစွဲထားခဲ့ကြောင်းလည်း သိရသည်။

လာပေါ့တီသည် ဘီဘာအိုအသင်းနှင့် အီဘားအသင်းတို့ သရေပွဲဖြစ်ခဲ့သည့် ပွဲစဉ်ကတည်းက ဘီဘာအိုအသင်းတွင် ပါဝင်ကစားပေးခဲ့ခြင်းမရှိပေ။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ကွင်းလယ်ပိုင်းတွင် ဒီဘရိုင်း၊ ဒေးဗစ်ဆေးလ်ဗား၊ ဖာနန်ဒင်ဟို၊ ယာယာတိုရေးတို့ ရှိနေခဲ့သော်လည်း ကွင်းလယ်ပိုင်းကို ထပ်မံအားဖြည့်ရန်အတွက် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဖရက်ဒ်ကို ခေါ်ယူနိုင်ရေး ကြိုးပမ်းသွားမည်ဟု ဆိုသည်။



# ပီအက်စ်ဂျီနှင့် နှုန်းထားတူ ပြောင်းရွှေ့ကြေးဖြင့် မက်ပီကို ခေါ်ယူရန် ရီးယဲလ် ကမ်းလှမ်းခဲ့

ရီးယဲလ်မက်ဒရစ်အသင်းသည် မက်ပီကို ခေါ်ယူနိုင်ရန်အတွက် ပီအက်စ်ဂျီနှင့် နှုန်းထားတူ ကမ်းလှမ်းခဲ့သော်လည်း ကာယကံရှင်ကစားသမားက ရီးယဲလ်၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း မိုနာကိုအသင်း ဒုတိယဥက္ကဋ္ဌ ဗက်ဆာယက်၏ ထုတ်ဖော်ပြောကြားချက်အရ သိရသည်။ မက်ပီသည် ပဲရစ်မြို့ဇာတိဖြစ်ပြီး မွေးရပ်မြေအခြေစိုက်ကလပ်အသင်းက ကမ်းလှမ်းချိန်တွင် ရီးယဲလ်လို ထိပ်တန်းအသင်းကြီး၏ ကမ်းလှမ်းမှုကို လျစ်လျူရှုခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီက တိုက်စစ်မှူး နေမာကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် ခေါ်ယူခဲ့ပြီးဖြစ်ရာ မက်ပီကို အငှားဖြင့်သာ ကနဦးခေါ်ယူခဲ့ပြီး လာမည့်နွေမှသာ ပေါင် ၁၆၂ သန်းဖြင့် အပြီးသတ်ခေါ်ယူမည်ဖြစ်သည်။

မက်ပီသည် ပြီးခဲ့သည့်ဘောလုံးရာသီက မိုနာကိုအတွက် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၆ ဂိုးအထိ သွင်းယူခဲ့ပြီးနောက် ၎င်းအား ပရီမီယာလိဂ်ထိပ်တန်းအသင်းများဖြစ်သည့် မန်စီးတီး၊ အာဆင်နယ်၊ လီဗာပူးနှင့် မန်ယူအသင်းတို့က အလိုရှိခဲ့သလို ရီးယဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီတို့ကလည်း ခေါ်ယူရန် အပြိုင်အဆိုင်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် မက်ပီ၏ မိသားစုက ရီးယဲလ်ကဲ့သို့ ထိပ်တန်းအသင်းကြီးကို အချိန်မတိုင်မီ ပြောင်းရွှေ့ခြင်းက ငယ်ရွယ်လွန်းသည့် ကစားသမားအတွက် ကောင်းကျိုးထက် ဆိုးကျိုးဖြစ်လာမည်ကို စိုးရိမ်ခဲ့ခြင်းက ရီးယဲလ်သို့ ရောက်မလာခဲ့ခြင်း၏ အဓိကအကြောင်းတရားတစ်ရပ် ဖြစ်သည်။

ဗက်ဆာယက်က "မှန်ပါတယ်၊ ရီးယဲလ်ကလည်း သူ့အတွက် ပီအက်စ်ဂျီနဲ့ လစာနှုန်းထားတူ ကမ်းလှမ်းခဲ့ပါတယ်၊ ကျွန်တော်က ဘာကိုမှ ကွယ်ဝှက်ထားချင်စိတ်မရှိသလို အမြဲရှင်းရှင်းလင်းလင်းပဲ ဖြစ်စေချင်ပါတယ်၊ တိုက်ရိုက်ယှဉ်ပြိုင်မှုမျိုးတွေ ကျွန်တော် မနှစ်သက်ပါဘူး"ဟု ဆိုခဲ့ပြီး မက်ပီနှင့် မိသားစုများ၏ ဆုံးဖြတ်ချက်မှာ လေးစားစရာကောင်းကြောင်း ချီးကျူးခဲ့သည်။

**မေလှဲ့သင်း**

# ကက်တလန်ဒါဘီမှာ နိုင်ပွဲယူသွားဦးမယ့် ဘာစီလိုနာ

**၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၂၂**

**ရှိုင်းမင်းမင်း - ရေးသားသည်**

**စပိန်လာလီဂါပွဲစဉ် ၂၂ ကို ဖေဖော်ဝါရီ ၃၊ ၄၊ ၅၊ ၆ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်တယ်။ ဘာစီလိုနာရဲ့ဦးဆောင်မှုဟာ အမှတ်ကွာဟမှုပိုများလာခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ အက်စ်ပန်ညိုနဲ့ ဘာစီလိုနာ၊ အက်သလက်တီကိုနဲ့ ဗလင်စီယာ စတဲ့ပွဲကောင်းတွေက စောင့်ကြည့်ချင်စရာဖြစ်နေပါတယ်။**

**ဆိုစီဒက်စ် - ဒီပို့တီဗို နံနက် ၂း၃၀ (၃-၂-၁၈)**

ဆိုစီဒက်စ်ဟာ လူငယ်ကစားသမားအများစုနဲ့ဖွဲ့စည်းထားပြီး တိုက်စစ်အားပြုကစားတတ်တဲ့အသင်းဖြစ်သလို ဒီပို့တီဗိုကလည်း တိုက်စစ်ကစားပုံထက်မြက်ပါတယ်။ နှစ်သင်းစလုံး လက်တလောမှာ ရလဒ်တွေ ကျဆင်းနေပေမယ့်လည်း ဆိုစီဒက်စ်က ခြေစွမ်းပိုကောင်းပါတယ်။ အိမ်ကွင်းအားသာချက်လည်း ရှိနေတာကြောင့် ဆိုစီဒက်စ်ကသာ နိုင်ပွဲရသွားမှာပါ။

**အီဘား - ဆီဗီလာ ည ၆း၃၀ (၃-၂-၁၈)**

ဆီဗီလာဟာ နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းကောင်းတွေပြန်ရနေခဲ့ပြီး ဘုရင့်ဖလားကွာတားမှာလည်း အက်သလက်တီကိုကို နှစ်ကျော့စလုံးအနိုင်ကစားနိုင်ခဲ့ပါတယ်။ အီဘားကလည်း ခြေစွမ်းမာကျောတဲ့ အသင်းဖြစ်ပြီး အသင်းလိုက်စုဖွဲ့မှု အားကောင်းကောင်းနဲ့ ဆီဗီလာကို ရင်ဆိုင်မှာပါ။ အပြန်အလှန်သွင်းဂိုးတွေမြင်ရဖို့တော့ ခက်နေတဲ့ပွဲပါ။ အိမ်ရှင်အီဘားအသင်းက အနည်းဆုံးသရေကစားသွားနိုင်မှာပါ။

**ဘက်တစ် - ဗီလာရီးယဲလ် ည ၉း၄၅ (၃-၂-၁၈)**

ဘက်တစ်ဟာ တိုက်စစ်ကို အားပြုကစားတတ်တဲ့အသင်းဖြစ်ပြီး ခံစစ်ပိုင်းမှာ အနည်းငယ်အားနည်းမှုရှိနေပါတယ်။ ဗီလာရီးယဲလ်ကတော့ နောက်ပိုင်းပွဲတွေမှာ တည်ငြိမ်တဲ့ခြေစွမ်းတစ်ခုကိုရရှိထားပြီး တိုက်စစ်ပိုင်းမှာလည်း ဘာကာ၊ ကက်စတီလီဂျိုတို့ ခြေစွမ်းကောင်းပြသနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဗီလာရီးယဲလ်ကသာ ဘက်တစ်ကို ဖိအားပေးကာ နိုင်ပွဲလည်း ရယူသွားနိုင်မှာပါ။

**အလာဗက်စ် - ဆယ်တာဗီဂို နံနက် ၀၀း၀၀ (၄-၂-၁၈)**

အလာဗက်စ်ဟာ ကစားပုံလျင်မြန်မှုရှိပြီး ခပ်မာမာကစားတတ်တဲ့အသင်းဖြစ်တယ်။ အလာဗက်စ်တို့ တိုက်စစ်ကို အားပြုကစားတဲ့အချိန်တွေမှာလည်း ထိရောက်မှုရှိပြီး ဂိုးရတတ်ပါတယ်။ ဆယ်တာဗီဂိုကတော့ ခြေတည်ငြိမ်နေပြီး နောက်ပိုင်းပွဲတွေမှာ နိုင်ပွဲတွေပြန်ရနေပေမယ့် အိမ်ရှင် အလာဗက်စ်တို့ ခပ်မာမာပွဲထွက်လာဦးမှာဖြစ်လို့ ဆယ်တာဗီဂို တိုက်စစ်အတွက် အခက်တွေ့နိုင်ပါတယ်။ သွင်းဂိုးနည်းမယ့်ပွဲ ဖြစ်လာနိုင်ပါတယ်။

**လီဗန်တေး - ရီးယဲလ် နံနက် ၂း၁၅ (၄-၂-၁၈)**

စပိန်ဘုရင့်ဖလားပြိုင်ပွဲကနေထွက်ခဲ့ရလို့ ရီးယဲလ်မက်ဒရစ်တို့ စပိန်လာလီဂါကို အထူးအာရုံစိုက်ကစားမှာဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ကြိုးပမ်းမှာပါ။ လီဗန်တေးကတော့ နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းကျဆင်းနေပြီး ရှုံးပွဲတွေများနေတဲ့ အသင်းဖြစ်တယ်။ ရီးယဲလ်တို့အဝေးကွင်းဖြစ်ပေမယ့်လည်း လူစုံပွဲထွက်ကာ နိုင်ပွဲရရှိရေး အားထည့်ကစားမှာပါ။ လီဗန်တေးက ခံစစ်ဦးစားပေးကစားမှာဖြစ်ပေမယ့် ရီးယဲလ်သာ နိုင်ပွဲရသွားမှာသေချာပါတယ်။

**ဂီတာဖေး - လီဂါနက်စ် ညနေ ၅း၃၀ (၄-၂-၁၈)**

ဂီတာဖေးဟာ စပိန်လာလီဂါပြိုင်ပွဲမှာ ခြေစွမ်းကောင်းတွေပြသပြီး အမှတ်ပေးဇယား အလယ်အလတ်မှာရပ်တည်နေတဲ့ အသင်းဖြစ်တယ်။ လီဂါနက်စ်ကလည်း စပိန်ဘုရင့်ဖလားမှာ ရီးယဲလ်မက်ဒရစ်ကို အနိုင်ယူပြကာ ခြေစွမ်းမာကျောမှုကို ပြသထားနိုင်ခဲ့ပါတယ်။ ခြေစွမ်းပိုင်းညီမျှနေပေမယ့်လည်း တိုက်စစ်ကစားဟန်မှာတော့ ဂီတာဖေးက ပိုမိုကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေလို့ ဂီတာဖေး နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

**အက်စ်ပန်ညို - ဘာစီလိုနာ ည ၉း၄၅ (၄-၂-၁၈)**

ဒီနှစ်သင်းဟာ ဒီရာသီအတွင်းမှာ သုံးကြိမ်တွေ့ဆုံထားခဲ့ပြီး ဘာစီလိုနာက အိမ်ကွင်းပွဲစဉ် ၂ ပွဲမှာ နိုင်ပွဲရထားခဲ့ကာ အက်စ်ပန်ညိုက သူတို့အိမ်ကွင်းမှာ တစ်ပွဲနိုင်ပွဲရထားခဲ့ပါတယ်။ ကက်တလန်ဒါဘီပွဲဖြစ်နေတာကြောင့် အကြိတ်အနယ်ရှိလာဦးမှာဖြစ်ပြီး စပိန်လာလီဂါပွဲစဉ်လည်း ဖြစ်နေတာကြောင့် ဘာစီလိုနာတို့ လူစုံပွဲထွက်လာမှာပါ။ အက်စ်ပန်ညိုအိမ်ကွင်းမှာ ဘာစီလိုနာ ဂိုးပြတ်နိုင်မှာပါ။

**ဂျီရိုနာ - ဘီဘာအို နံနက် ၀၀း၀၀ (၅-၂-၁၈)**

ဂျီရိုနာဟာ လာလီဂါမှာ ခြေစွမ်းကောင်းတစ်ခုကိုပြသထားနိုင်တဲ့ အသင်းဖြစ်တယ်။ ဘီဘာအိုကလည်း စပိန်လာလီဂါရဲ့ အသင်းကြီးတစ်သင်းဖြစ်ပြီး ကစားသမားကောင်းတွေနဲ့ တိုက်စစ်ကစားအားကောင်းတဲ့အသင်းဖြစ်တယ်။ ဒါပေမယ့်လည်း ဘီဘာအိုဟာ ခံစစ်ပိုင်းမှာတော့ အားနည်းမှုတွေရှိနေတာကြောင့် ဂျီရိုနာကိုလည်း ဂိုးခွင့်ပြုရဖို့ရှိနေပါတယ်။ အပြန်အလှန်သွင်းဂိုးတွေ မြင်ရနိုင်တာကြောင့် ဂိုးများမယ့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ပါတယ်။

**အက်သလက်တီကို - ဗလင်စီယာ နံနက် ၂း၁၅ (၅-၂-၁၈)**

အက်သလက်တီကိုဟာ ဘာစီလိုနာနဲ့ အမှတ်ကွာဟမှု မြင့်မားလာတာကြောင့် အခုလိုပွဲမျိုးမှာ နိုင်ပွဲရရှိအောင် ကြိုးပမ်းကစားမှာဖြစ်တယ်။ ဗလင်စီယာကလည်း ကစားသမားကောင်းတွေနဲ့ ခြေစွမ်းထက်မြက်နေတဲ့အသင်းဖြစ်တယ်။ ဗလင်စီယာက တိုက်စစ်ထက်မြက်မှုရှိနေလို့ အိမ်ကွင်းမှာ အက်သလက်တီကိုတို့ ခပ်မာမာကစားဟန်နဲ့ ပွဲထွက်လာဦးမှာပါ။ အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့်လည်း အက်သလက်တီကို နိုင်ပွဲကပ်ရနိုင်ပါတယ်။

**လက်ပါးမက်စ် - မာလာဂါ နံနက် ၂း၃၀ (၆-၂-၁၈)**

ဒီနှစ်သင်းက ခြေစွမ်းကွာဟမှုကျဉ်းမြောင်းနေပါတယ်။ မာလာဂါဟာ နောက်ပိုင်းပွဲမှာ အီဘားကို သရေကစားနိုင်ခဲ့သလို လက်ပါးမက်စ်ကလည်း ဗလင်စီယာကိုတောင် အနိုင်ကစားခဲ့ပါတယ်။ လက်ပါးမက်စ်တို့ ခံစစ်ပိုင်းအားနည်းမှုရှိနေပေမယ့်လည်း တိုက်စစ်ပိုင်း ကစားဟန်မှာတော့ထက်မြက်မှုရှိပါတယ်။ မာလာဂါကလည်း နိုင်ပွဲရအောင် တိုက်စစ်ဖွင့်ကစားမှာဖြစ်လို့ အပြန်အလှန်သွင်းဂိုးတွေ မြင်ရနိုင်ပါတယ်။

## အများသိစေရန် ကြော်ငြာ

ကျွန်တော်၏ ဇနီး ခိုင်ဆုဆုလင်း (ခ) အဲနီ [၉/ပဥလ(နိုင်) ၀၁၇၉၁၅] သည် ၂၇-၁-၂၀၁၈ ရက် ညနေ ၃း၃၀ နာရီတွင် ကမာရွတ်(၂)ရပ်ကွက်၊ စံရိပ်ငြိမ်(၄)လမ်း၊အမှတ်-၃၄ နေအိမ်မှ အဖွားအိမ်သို့ သွားရာ ပြန်မရောက်လာပါ။ သား-မောင်အောင်ကောင်းမြတ် နေမကောင်းပါ။ အမြန်ပြန်လာပါ။ လက်ခံထားသူများ ဥပဒေအရ အရေးယူမည်။

**ခင်ပွန်း-ဦးနေထက်ဝင်း**
**[၈/ပခက(နိုင်)၁၈၆၃၆၆]**
**ဖုန်း-၀၉-၇၈၇၉၁၀၉၉၇**

မင်္ဂလာပါ 09-426669001, 09-426669002 Jan 26, Feb 2,9, 16,13,28
45000
Hotel-85000
Cant-100000/ Hotel-140000
Cant-100000/ Hotel-140000
Cant-100000/ Hotel-140000
Cant-120000/ Hotel-160000
Cant-100000/ Hotel-140000
90000
Customer 5%Dis Free-10%Discount

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏
### တည်ဆောက်ရေးလုပ်ငန်းများအတွက်
### ဆွေးနွေးပွဲ ဖိတ်ကြားခြင်း

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအတွက် ဓာတ်အားလိုင်းနှင့်ဖြန့်ဖြူးရေး ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများ(Installation) တင်ဒါခေါ်ယူရန်နှင့် စပ်လျဉ်းသည့်ကိစ္စများကို International Procurement Consultantနှင့် စီမံကိန်းမန်နေဂျာရုံးတို့က ပြည်တွင်းရှိ တည်ဆောက်ရေး လုပ်ငန်းရှင်များသို့ ဆွေးနွေးပြောကြား ညှိနှိုင်းသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် တည်ဆောက်ရေးကုမ္ပဏီများမှ အောက်ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်နိုင်ပါကြောင်းနှင့် တက်ရောက်မည်ဖြစ်ပါက စာရင်းပေးသွင်းနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါ သည်။

ဆွေးနွေးမည့်နေ့ရက် - ၆-၂-၂၀၁၈ ရက်
အချိန် - နံနက် ၁၀ နာရီ
နေရာ - ရတနာခန်းမ ရုံးအမှတ်(၂၇)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
တက်ရောက်လိုပါက - အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းရုံး
စာရင်းပေးသွင်းရန် - ဖုန်း-၀၉-၄၂၀၇၃၃၃၀၀၊ ၀၉-၇၇၇၇၃၀၃၇၇
Email-nep.pmomoep@gmail.com

## နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် ဒေါက်တာဘဒ္ဒန္တ ကုဓိဇလ ၏ သြဝါဒကိုခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့၊ အဟံအဖွဲ့ချုပ် (ရှင်သာမဏေ ကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့)နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းမည့် သာမဏေကျော် အပါး(၁၀၀၀)နှင့် ပင့်သံဃာဆရာတော်ကြီးများ (၂၇)ပါးတို့အား ပူဇော်ပွဲနှင့် နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကြီးအား ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တွင် (၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါ၍ သူတော်စင်အပေါင်း ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံး (၀၉-၄၄၃၀၄၆၇၂၃၊ ၀၉-၂၅၀၀၀၃၂၈၀၊ ၀၁-၂၀၁၇၆၄)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် ကုသိုလ်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

ပျောက်ဆုံးကြောင်း
(MB 833237)
ဖုန်း-၀၉ ...

"ရွှေခရီးသွား" လုပ်ငန်း
• ဆယ်ဘီးမီတာနီး (သို့) အလယ်ရွာတမ်းခြေ (နေ့ချင်းပြန်)
• အားလယ်ရှင်ကိုးဆူ၊ မောင်းမကန်း ...
09-792767573, 09-796324175

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

သုခမ္မမဏိဇောတရေ **ဦးသန်းဌေး(စိုးစံသစ်စက်)**၊ ရွှေညောင်မြို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ ရက် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)အရ **"သီဟသုခမ္မမဏိဇောတရေ"**ဘွဲ့တံဆိပ်တော်ကို ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ကိုကျော်ကျော်-မကူး**
**"ကျော်"ဆောက်လုပ်ရေး အကျိုးဆောင်လုပ်ငန်း**
**ရွှေညောင်မြို့**

ဘုရားဖူးခရီးသွားလုပ်ငန်း
09-260360066, 09-260360006, 09-250570004

Asia Top 09 43164118, 09 424099002, 09 424099004
Feb 2,9,16,23,28

သင်္ချာကျော်ဇိန် M.Sc. (Maths). Final.
Home Visit Maths
Ph:09-250359833, 09-796313677, 09-263451177

## အသိပေးအကြောင်းကြားခြင်း

Polestar Auto Center Services Co.,Ltd သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခွင့်ပြုချက် ရယူထားခြင်းမရှိဘဲ ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများတွင် Care Giver အဖြစ် အလုပ်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းနှင့် ပတ်သက်၍ အလုပ်သင်သင်တန်းသားအနေဖြင့် သွားရောက်နိုင်ရန် လုပ်ဆောင်ရမည့် အစီအစဉ်များရှင်းလင်းပွဲကို ၂၂-၁၂-၂၀၁၇ ရက်တွင် Sule Shangri-La ၌ ပြုလုပ်ခဲ့ပြီး လျှောက်လွှာများခေါ်ယူ၍ သတင်းစာကြော်ငြာတွင် ထည့်သွင်းကြော်ငြာခြင်းကို ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပျောက်ဆုံးကြောင်း
(CDC 95349) (BST)

တင်ဦးတည်ဖြစ်ပါကြောင်း

## ဝမ်းမြောက်ဂုဏ်ယူ အနုမောဒနာပြုခြင်း

ပညာရေး၊ ကျန်းမာရေး၊ ဘာသာ သာသနာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး ကဏ္ဍများတွင်သာမက နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကြုံတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍစုံတွင် လူအား၊ ငွေအားဖြင့် စဉ်ဆက်မပြတ် စွမ်းစွမ်းတမံ ပံ့ပိုးကူညီ လှူဒါန်းပေးလျက်ရှိသော

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း"** အား

၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် **"ပထမ" နေရာမှ (၆)နှစ်ဆက်** ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့ပြီး နိုင်ငံသားကောင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် နိုင်ငံနှင့်ပြည်သူ့အကျိုး၊ ဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ကုံလုံဆရာတော် ဘဒ္ဒန္တဇောတိက**
**ကုံလုံကျောင်းတိုက်၊ ထယ်သွန်းကျေးရွာအုပ်စု၊ ဝင်းတယမြို့နယ်**
**ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တပည့်သာဝကများ**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာ အောင်မြင့်ဦး(ပါမောက္ခ၊ ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် " မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်သည်။ ဤပို့ချချက်သည် မြန်မာစာပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် တက္ကသိုလ်ဝင် စာမေးပွဲကြီးဖြေဆိုရာတွင် ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်စေရန် ရည်ရွယ်ပါသည်။

ဒသမတန်း မြန်မာစာဘာသာရပ်အတွက် ပြဋ္ဌာန်းထားသည့် စာအုပ် ၄ အုပ်ရှိပါသည်။ ယင်းစာအုပ်များမှာ - မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)၊ မြန်မာကဗျာလက်ရွေးစင်၊ မြန်မာစကားပြေလက်ရွေးစင်နှင့် ရေသည်ပြဇာတ်တို့ ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် ကျယ်ကျယ်ပြန့်ပြန့်နှံ့နှံ့စပ်စပ် လေ့လာထားရန် လိုအပ်ပါသကဲ့သို့ စာမေးပွဲဖြေဆိုရာ၌ စာမေးပွဲမေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင်၊ ပေးထားသည့် အချိန်အတိုင်းအတာအတွင်း ကွက်တိဖြေဆိုနိုင်အောင်၊ လေ့လာကျက်မှတ် လေ့ကျင့်ထားရန် လိုအပ်ပါသည်။ ထိုသို့ လေ့လာကျက်မှတ်လေ့ကျင့်နိုင်ရန်အတွက် မြန်မာစာမေးခွန်းပုံစံကို ဦးစွာ ကျေကျေညက်ညက်သိရှိထားရန် လိုအပ်ပါသည်။

မြန်မာစာမေးခွန်းသည် (၃)နာရီမေးခွန်း ဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်းကြီး (၆)ပုဒ် မေးထားပါသည်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ၊အလင်္ကာ (၁)ပုဒ်၊ ကဗျာခမ္မဒိဋ္ဌာန်နှင့်ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေခမ္မဒိဋ္ဌာန်နှင့် စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း (၁)ပုဒ်၊ စာစီစာကုံး မေးခွန်း(၁)ပုဒ် တို့ဖြစ်ပါသည်။ မေးခွန်းအလိုက် ရွေးချယ်စရာများလည်း ပါဝင်မည် ဖြစ်ပါသည်။

မေးခွန်း(၁)သည် မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံသည့်မေးခွန်း ဖြစ်ပါသည်။ မြန်မာသဒ္ဒါ အတွဲ(၂)၊ အခန်း(၆)မှာ အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း (၃) ပိုင်းမှာ (က) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ခ) ဝါစင်္ဂ ဆိုင်ရာသိမှတ်ဖွယ်ရာများ၊ (ဂ) ဝါကျဆိုင်ရာသိမှတ်ဖွယ်ရာများတို့ဖြစ်ကြပါသည်။ မေးခွန်း(၁) တွင် ယင်းကဏ္ဍများကို မေးခွန်းပုဒ်ခွဲ ၃ ခုခွဲပြီး မေးလေ့ရှိပါသည်။ မေးခွန်းပုဒ်ခွဲမေးရာတွင် ကဏ္ဍအလိုက် မေးခြင်းမျိုးမဟုတ်ဘဲ မေးခွန်း ၁ (က)၌ အပိုင်း ၃ ခုစလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းဖော်ပြချက်စသည့် ကျက်မှတ်မှုဆိုင်ရာမေးခွန်းနှင့်၊ မေးခွန်း ၁ (ခ) နှင့် (ဂ) တို့၌ မြန်မာသဒ္ဒါကို မည်မျှနားလည်မှု ရှိ မရှိ၊ မည်မျှ လက်တွေ့အသုံးချနိုင်စွမ်း ရှိ မရှိ ဟူသည့် နားလည်မှုနှင့် ကျွမ်းကျင်မှုတို့ကို စစ်ဆေးအကဲဖြတ်သည့် မေးခွန်း ဖြစ်ပါသည်။

**မေးခွန်း ၁ (က)** တွင် ပြဋ္ဌာန်းသဒ္ဒါစာအုပ် အပိုင်း(၁) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်း ကဏ္ဍ ၃ ခု ၌ ပါဝင်သည့် မူရင်းအရေးအသားများ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စာ စသည့် စာအမျိုးမျိုး၊ အက္ခရာများ၏ယေဘုယျပုံသဏ္ဌာန်၊ ဆလိမ်ပြောင်းလဲပုံ၊ ညပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ ရကောက်ပြောင်းလဲပုံ၊ သပြောင်းလဲပုံ၊ အက္ခရာ ဣ ပြောင်းလဲပုံ၊ အက္ခရာ ဤပြောင်းလဲပုံ၊ အက္ခရာ ဧပြောင်းလဲပုံ စသည့် မြန်မာအက္ခရာများ၏ယေဘုယျ ပုံသဏ္ဌာန်နှင့် အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံများ၊ ဌာန်၊ ကရိုဏ်းနှင့်ပယတ် တို့၏ ဖွင့်ဆိုချက်များ၊ ဌာန်၊ ကရိုဏ်း၊ ပယတ် တို့ကြောင့် ဖြစ်ပေါ်လာသည့် စကားသံအကြောင်း၊ စကားသံဖြစ်အင်္ဂါ၊ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ၊ မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ၊ ဌာန်နှင့် ကရိုဏ်း၊ နှာခေါင်း ဌာန်-လျှာခင် ကရိုဏ်း၊ ပယတ် စသည့် ဌာန်၊ ကရိုဏ်း၊ ပယတ်ကဏ္ဍမှ သိမှတ်ဖွယ်ရာများ၊ ပါဠိဆင့်ရေးနည်းနှင့် ဖတ်နည်းအခန်းမှ ပါဠိဆင့်ရေးနည်းနှင့် ဖတ်နည်း၊ အက္ခရာတူ နှစ်လုံးဆင့်နည်း၊ အက္ခရာကွဲနှစ်လုံးဆင့်နည်း မြန်မာပါဠိဆင့်ရေးနည်းနှင့် ဖတ်နည်းစသည့် အချက်အလက်များကို ထုတ်နုတ် မေးမြန်းလေ့ရှိပါသည်။

အပိုင်း(၂) ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်းမှ ဝါစင်္ဂ အမျိုးမျိုး၏ အကြောင်းကို ခေါင်းစဉ် အမျိုးမျိုးထပ်မံ စိတ်ပိုင်းပြီး အနက်အဓိပ္ပာယ်အရ နာမ် (၄) မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရနာမ် (၄) မျိုး၊ အနက်အဓိပ္ပာယ်အရ ကြိယာ (၃) မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရကြိယာ (၃) မျိုး၊ အနက်အဓိပ္ပာယ်အရကြိယာဝိသေသန(၅) မျိုး၊ ကြိယာ ဝိဘတ် (၂) မျိုး၊ သမ္ဗန္ဓ ၊ ဆက်စပ်ပုံအရသမ္ဗန္ဓ (၃) မျိုး၊ ပုဒ်ပြောင်း ပစ္စည်း (၃) မျိုး စသည်ဖြင့် ဝါစင်္ဂအမျိုးမျိုးတို့၏ ဖွင့်ဆိုချက်နှင့် အမျိုးအစားများအကြောင်းကို မေးလေ့ရှိပါသည်။

အပိုင်း(၃) ဝါကျဆိုင်ရာသိမှတ်ဖွယ်များအခန်းမှ ဝါကျရိုး သတ်မှတ်ချက်၊ ဝါကျရိုးဖွဲ့ပုံအမျိုးမျိုး၊ ဝါကျရော သတ်မှတ်ချက်၊ ဝါကျရော ဖွဲ့ပုံအမျိုးမျိုး၊ အနက်အဓိပ္ပာယ်အရ ဝါကျ(၅)မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျ(၂) မျိုး၊ ပုဒ်အမျိုးအစား (၄)မျိုး၊ ပုဒ်စု အမျိုးအစား (၃) မျိုး စသည်တို့ကိုလည်း မေးလေ့ရှိပါသည်။

သဒ္ဒါမေးခွန်းသည် မေးသည့်အကြောင်းအရာ အမျိုးအစားများပြားစုံလင်သော်လည်း ရွေးချယ်စရာများပါဝင်သည့်အတွက် မိမိစိတ်ကြိုက် အပုဒ်များကို ရွေးချယ်ဖြေဆိုနိုင်မည်ဖြစ်သည်။ ဖြေဆိုရာတွင် ကျက်မှတ်ထားသမျှကို အစီအစဉ်တကျရေးပြရမည်ဖြစ်ပြီး သဒ္ဒါအဓိပ္ပာယ် ဖွင့်ဆိုချက်များကို ဖြေဆိုရာတွင် လိုအပ်သည့် သာဓကများကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။ ထို့ကြောင့် လိုအပ်သည့်နေရာ၌ သာဓကဆောင်နိုင်ရန် သာဓကများကိုလည်း မှတ်သားထားရမည် ဖြစ်သည်။

သာဓကအားဖြင့် - ပေစာ၊ ပုရပိုက်စာကို ဖြေဆိုမည်ဆိုပါက

- ပေစာ၊ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမည်ဟု ယုံကြည်ရကြောင်း၊
- သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်၍ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ကြောင်း၊
- အစောဆုံးအနေဖြင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစု) က ရေးခဲ့သည့် ပေများကို တွေ့နိုင်ကြောင်း၊
- ထို့ကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော် အထိ နှစ်ပေါင်း ၃၀၀ ကျော်အတွင်းရေးသားခဲ့သည့် အက္ခရာတို့၏ ပုံသဏ္ဌာန်ကို ထိုပေပုရပိုက်များတွင်လည်း တွေ့နိုင်ကြောင်း၊ ဟူသည့်အချက်များကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမည် ဖြစ်သည်။

**မေးခွန်း ၁ (ခ)** သည် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်း ဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်း (၆)ခု မေးကာ (၄)ခုကို ဖြေဆိုရပါသည်။ ဤမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် သဒ္ဒါစာအုပ်ထဲမှ လေ့ကျင့်ခန်းများကို အကြိမ်ကြိမ် လေ့ကျင့်ထားရန် လိုအပ်ရုံမက မေးခွန်းကို သေချာစွာဖတ်ပြီး မေးထားသည့်အတိုင်း တိတိကျကျ ဖြေဆိုရန် လိုအပ်ပါသည်။

သာဓကအားဖြင့် အောက်ပါတို့အနက် လေးခုကို ရွေးချယ်၍ ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်နာမ်ဖြစ်ကြောင်း ဖြေဆိုပါဟု မေးသည့် "နေ၊ လက်စွပ်၊ ကူညီမှု၊ အကောင်း၊ မေတ္တာ၊ လွယ်အိတ်" တို့ကို ဖြေမည်ဆိုလျှင် - "နေ"သည် ပင်ကိုနာမ်၊ "လက်စွပ်"သည် ပေါင်းစပ်နာမ်၊ "ကူညီမှု"သည် ကြိယာနာမ်၊ "အကောင်း" သည် ဂုဏ်ရည်ပြနာမ်၊ "မေတ္တာ"သည် ပင်ကိုနာမ်၊ "လွယ်အိတ်" သည် ပေါင်းစပ်နာမ် ဖြစ်ကြောင်း တိကျစွာ ဖြေဆိုနိုင်အောင် ကျက်မှတ် လေ့ကျင့်ထားရန် လိုအပ်ပါသည်။

**မေးခွန်း ၁ (ဂ)** သည် သဒ္ဒါကိုအမှန်တကယ် နားလည် တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်သည့် မေးခွန်းဖြစ်သည်။ ဤမေးခွန်းတွင် (၅)ခု မေးပြီး (၃)ခု ဖြေဆိုရမည်ဖြစ်သည်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားအလိုက် စကားလုံးများကို ပေးထားပြီး ဝါကျဖွဲ့ခိုင်းသော မေးခွန်းမျိုး ဖြစ်လေ့ရှိပါသည်။ ဝါကျတွင်းရှိ စကားလုံးကို မျဉ်းသားပြီး ဝါစင်္ဂအမျိုးအစား ဖြေဆိုခိုင်းခြင်းမျိုးလည်း မေးနိုင်ပါသည်။ ဝါစင်္ဂအလိုက် ပေးထားသည့်စကားလုံးများကို ဝါကျထဲတွင် ကွက်လပ်ဖြည့်ပြီး ဝါစင်္ဂအမျိုးအစား ဖော်ပြခိုင်းခြင်းမျိုးလည်း မေးနိုင်ပါသည်။

သာဓက အားဖြင့်-

- "အပူတပြင်း" ဟူသည့် ကြိယာဝိသေသနကို ဝါကျဖွဲ့ခိုင်းလျှင်-
  "မောင်မောင်သည် ပိုက်ဆံအိတ်ကျပျောက်သွားသဖြင့် အပူတပြင်း ရှာဖွေနေသည်။"
- "တိုင်အောင်" ဟူသည့် အချိန်ဆက်တိုက်ပြဝိဘတ်ကို ဝါကျဖွဲ့ခိုင်းလျှင်-
  "ညီလေးသည် နေ့စဉ် ည ၁၁ နာရီ တိုင်အောင် ကျောင်းစာများကို ကျက်မှတ်လေ့ ရှိသည်။"
- "နိုင်" ဟူသည့် ကြိယာပစ္စည်းကို ဝါကျဖွဲ့ခိုင်းလျှင်-
  " ကျွန်တော်တို့သည် မည်သည့်အလုပ်ကိုမဆို မကြိုးစားလျှင် အောင်မြင်မှု မရနိုင်ပါ။"

စသဖြင့် ဝါကျဖွဲ့ရမည် ဖြစ်သည်။ ဝါကျဖွဲ့သည့်အခါတွင် ဝါကျ ပြည့်စုံ မှန်ကန်ပြီး အဓိပ္ပာယ်ပေါ်လွင်ရန် လိုအပ်ပါသည်။

**မေးခွန်း ၂ (က)** သည် စကားပြေ၊ကဗျာ၊ရေသည်ပြဇာတ်များမှ စာသုံး၊ ပေသုံး၊ ရှေးသုံး ဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ခိုင်းသည့်မေးခွန်း ဖြစ်ပါသည်။ ဤမေးခွန်းတွင် (၈) ခု ပေးထားပြီး (၅)ခု ဖြေရမည် ဖြစ်သည်။ ဖြေဆိုသည့်အခါတွင် ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် လိုအပ်သလို အဓိပ္ပာယ် ဖွင့်ပုံတိကျရန်လည်း လိုအပ်ပါသည်။ ဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် ကိုက်ညီမှန်ကန်သည့် အဓိပ္ပာယ် ဖြစ်ရန်လည်း လိုအပ်ပါသည်။ ဤမေးခွန်းသည် ရှေးသုံးဝေါဟာရများ၏ အဓိပ္ပာယ်ကို မှန်မှန်ကန်ကန် သိရှိခြင်း ရှိ၊ မရှိ စစ်ဆေးသည့် မေးခွန်းဖြစ်သည့်အတွက် ပြဋ္ဌာန်းစာအုပ်များမှ ခက်ဆစ်အဓိပ္ပာယ်များကို သေချာစွာ လေ့လာထားရမည် ဖြစ်ပါသည်။

သာဓကအားဖြင့်-

သိင်္ဃသူ့သမီး စကားပြေမှ "သတင်းစင်" ဟူသည့် ဝေါဟာရကို အနက်ဖွင့်မည်ဆိုလျှင် "အကျင့် စင်ကြယ်သည်" ဟု ဖွင့်ရပါမည်။ "သတင်းစင်" သည် ကြိယာဖြစ်သည့်အတွက် အနက်ဖွင့်ရာတွင်လည်း ကြိယာအနက်သာ ဖြစ်ရပါမည်။ မိမိအဓိပ္ပာယ်နှင့် မိမိဖွင့်ဆိုခြင်းမျိုး၊ သဒ္ဒါအမျိုးအစား မှားယွင်းဖွင့်ဆိုခြင်းမျိုး မဖြစ်သင့်ပေ။ သာဓကအားဖြင့် မြင်စိုင်းရွှေပြည်ကဗျာမှ "စောလူး" ဝေါဟာရကို အနက်ဖွင့်မည်ဆိုပါက "မြင့်မြတ်၊ ပျို့ရွယ်သောမင်း" ဟု ဖွင့်ဆိုရမည် ဖြစ်ပါသည်။ နာမ် ဝေါဟာရဖြစ်သည့်အတွက် ဖွင့်သည့် အနက်သည် နာမ်အနက်သာ ဖြစ်ရပါမည်။

**မေးခွန်း ၂(ခ)** မှာ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ်တို့တွင်ပါဝင်သည့် ဝေါဟာရများအနက် မျက်မှောက်ခေတ်တိုင် အသုံးပြုဆဲဖြစ်သည့် ခေတ်သုံးဝေါဟာရများကို ဝါကျဖွဲ့စေခြင်း ဖြစ်ပါသည်။ ဤမေးခွန်းတွင်လည်း (၈)ခု ပေးထားပြီး (၅)ခု ဖြေဆိုရမည် ဖြစ်ပါသည်။ ပေးထားသည့် ဝေါဟာရသည် အနက်အဓိပ္ပာယ် တစ်မျိုးထက်မက ကွဲပြားမှုရှိနိုင်သော်လည်း မေးခွန်း၏သဘောသဘာဝအရ ဝါကျဖွဲ့ရာတွင် ပြဋ္ဌာန်းစာ၌ သုံးသည့် အဓိပ္ပာယ်မျိုးသာ ဖြစ်ရပါမည်။ ဝါကျဖွဲ့ရာတွင် ဝေါဟာရ၏ အနက်ပေါ်လွင်ပြီး အဓိပ္ပာယ်ပြည့်စုံရန် လိုအပ်ပါသည်။ ကတ္တားမပါသည့် ဝါကျမျိုးလည်း မဖြစ်သင့်ပေ။

သာဓကအားဖြင့်-

ဦးပေါင်းကျားနှင့် မြင်းကျားရှင်စကားပြေမှ "ကြုံးဝါး" ဟူသည့် ဝေါဟာရကိုဝါကျဖွဲ့လျှင်-

- "ညီမလေးသည် ယခုစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရအောင် ဖြေမည်ဟု ကြုံးဝါးနေသည်။" ဟူသည့် ဝါကျမျိုးရေးသားနိုင်ပါသည်။

ရေသည်ပြဇာတ်မှ "ဒလဟော" ဆိုသည့် ဝေါဟာရကိုဝါကျဖွဲ့လျှင်-

- "တောင်ကျချောင်းမှ ရေတို့သည် တောင်အောက်သို့ ဒလဟော စီးဆင်းနေသည်။" စသည်ဖြင့် ရေးသားနိုင်ပါသည်။

ဝါကျဖွဲ့ရာတွင် ပေးထားသည့်ဝေါဟာရ၏ အဓိပ္ပာယ်အသုံးမှန်ကန်ရန်လိုသကဲ့သို့ သဒ္ဒါနေရာလည်း မှန်ရန်လိုပါသည်။ နာမ်စကားလုံးဆိုလျှင် နာမ်နေရာ၊ ကြိယာဆိုလျှင် ကြိယာနေရာ၊ ကြိယာဝိသေသန ဆိုလျှင် ကြိယာဝိသေသနနေရာ စသည်ဖြင့် သူ့နေရာနှင့်သူမှန်အောင် ဝါကျဖွဲ့ရမည် ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၂(ဂ)** သည် အလင်္ကာမေးခွန်း ဖြစ်ပါသည်။ အလင်္ကာ မေးခွန်းတွင် ဝေါဟာရများကို အလင်္ကာအမျိုးအမည်ဖော်ပြလျက် ပေးထားပြီး သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း မေးပါသည်။ ဝေါဟာရ အရေအတွက် (၈) ခုပေးထားပြီး (၅) ခု ဖြေဆိုစေပါသည်။ **အလင်္ကာကို ဖြေဆိုရာတွင် ဥပမာ အလင်္ကာကိုဖြေရာ၌ အနှိုင်းခံနှင့် အနှိုင်းကို မည်သို့ ခိုင်းနှိုင်းဖွဲ့ဆိုထားကြောင်း၊ ရူပကအလင်္ကာကို ဖြေမည်ဆိုလျှင် အနှိုင်းခံနှင့် အနှိုင်းကို မည်သို့ထပ်တူပြုထားကြောင်း၊ ဝက်ဝုတ္တိ အလင်္ကာကိုဖြေလျှင် မည်သို့ တိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိ အလင်္ကာကိုဖြေလျှင် မည်သို့အလွန်အကျူး** ရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေလျှင် မည်သည့် မြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုသည့် သက်ဆိုင်ရာ အလင်္ကာ၏သတ်မှတ်အသုံးအနှုန်းများကို သုံးစွဲပြီး ရှင်းပြရမည် ဖြစ်ပါသည်။

သာဓကအားဖြင့်-

"ရွှေချသလို" ဟူသည့် ဥပမာအလင်္ကာကို ဖြေမည်ဆိုလျှင်-

- ဤအလင်္ကာကို ဦးပုည၏ ရေသည်ပြဇာတ်တွင် ရေသည်ယောကျ်ားက မိမိဘဝ အခြေအနေတိုးတက်လာမည့်အကြောင်းနှင့် ဆက်စပ်၍ ပြောဆိုသည့် စကားအဖြစ် သုံးနှုန်းထားကြောင်း၊
- ဘဝအခြေအနေ ကောင်းမွန်တိုးတက်ပြောင်လက်လာပုံ (အနှိုင်းခံ) ကို ပစ္စည်းရွှေချ၍ ပြောင်လက်လာပုံ(အနှိုင်း)နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း ရှင်းပြဖြေဆိုရမည် ဖြစ်ပါသည်။

အလင်္ကာမေးခွန်းတွင် အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားမှုမရှိသည့် အရေးအဖွဲ့မျိုးကို မေးမည်မဟုတ်သကဲ့သို့ ဝိဝါဒကွဲပြားနိုင်သည့် အရေးအဖွဲ့မျိုးကိုလည်း မေးမည်မဟုတ်ပေ။ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားသည့် အရေးအဖွဲ့မျိုးကိုသာ မေးမည်ဖြစ်ပါသည်။ ဖြေဆိုရာတွင်လည်း ပါဝင်သည့် ပြဋ္ဌာန်းစာ၊ သက်ဆိုင်ရာအလင်္ကာ အမျိုးအစားအလိုက် ပါဝင်ရမည့်သော့ချက် စကားလုံးများ ပါဝင်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း မှန်ကန်စွာ ဖြေဆိုနိုင်မည်ဆိုလျှင် အမှတ်ပြည့် ရရှိမည်ဖြစ်ပါသည်။ အလင်္ကာဆိုင်ရာ စကားအသုံးအနှုန်းများကို လွဲချော်မှုမရှိစေဘဲ မိမိ၏ကိုယ်ပိုင် ရေးသားတင်ပြချက်ဖြင့် ရေးသားဖြေဆိုနိုင်ပါသည်။

မေးခွန်း(၃)မှာ မြန်မာကဗျာလက်ရွေးစင်မှ ကဗျာဆိုင်ရာမေးခွန်းများ ဖြစ်ပါသည်။

၃ (က)သည် ကဗျာ ခမ္မဒိဋ္ဌာန်မေးခွန်းများ ဖြစ်ပါသည်။ ၃(က) ခမ္မဒိဋ္ဌာန်မေးခွန်းများအတွက်-ကဗျာတစ်ပုဒ်ချင်း၏ မိတ်ဆက်တွင်ပါသည့် ကဗျာစာဆိုအကြောင်း၊ ကဗျာရေးသည့်ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနှင့် ကဗျာ့သဘော၊ကဗျာတွင်ပါသည့် အချက်အလက်နှင့် အနက်အဓိပ္ပာယ်၊ ကဗျာနှင့် သက်ဆိုင်သည့် ထူးခြားချက်များ စသည်တို့ကို လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။

ရွှေနှင့်ယိုးမှား ပန်းစကားကဗျာကို ပုဂံခေတ်တွင်ရေးခဲ့ကြောင်း၊ မြင်စိုင်းရွှေပြည်ကဗျာကို ငါးစီးရှင်ကျော်စွာရေးဖွဲ့ခဲ့ကြောင်း၊ ဝိဇ္ဇာသိပ္ပလူ့ကိစ္စကဗျာကို ကိုးခန်းပျို့မှ ထုတ်နုတ်ထားကြောင်း၊ ဌာနီ ပြည်ကြီးကဝေးသနှင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်း၊ စသည်တို့အပြင် ကဗျာမိတ်ဆက်တွင်ပါသည့် ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိသည့် ကဗျာအမျိုးအမည်များ၏ အနက်အဓိပ္ပာယ်များမှအစ သိမှတ်ဖွယ်ရာများကို လေ့လာမှတ်သားထားရမည် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၃(က) ကဗျာမေးခွန်းတို့ကိုဖြေဆိုရာတွင် အထူးသတိပြုရမည့်အချက်မှာ မေးခွန်း၌ (၈) ခုပေးထားပြီး (၅) ခုကိုသာ ရွေးချယ်ဖြေဆိုရခြင်းဖြစ်ရာ မိမိရွေးချယ်ဖြေဆိုလိုက်သည့် (၅) ပုဒ်၏ မေးခွန်းတွင်ပါသည့် နံပါတ်စဉ်ကို မှန်ကန်စွာ ရေးသားရန် လိုအပ်ပါသည်။ (၈) ပုဒ် ပေးထားသည့်အနက် (၅) ပုဒ်ကို သာရွေးချယ်ဖြေဆိုလိုက်သည့်အခါ မေးခွန်း၌ ပေးထားသည့် နံပါတ်အတိုင်း မဟုတ်ဘဲ မိမိဖြေသည့်အမှတ်စဉ်အတိုင်း ၁၊၂၊၃၊၄၊၅ အမှတ်စဉ် တပ်လိုက်မည်ဆိုလျှင် မိမိတပ်လိုက်သည့် အမှတ်စဉ်နှင့် မေးခွန်း၏ အမှတ်စဉ် ကွဲလွဲသွားသည့်အတွက် အမှတ်ဆုံးရှုံးသွားမည် ဖြစ်ပါသည်။ ရွေးချယ်ရန် ပါလာသည့်အခါ မေးခွန်း၏ နံပါတ်နှင့် အဖြေတွင်ရေးသည့်နံပါတ် ကိုက်ညီရမည်ဆိုသည့်အချက်ကို အထူးသတိပြုရမည် ဖြစ်ပါသည်။

**မေးခွန်း ၃ (ခ)** သည် ရှင်းလင်းဆွေးနွေးရသည့်မေးခွန်း ဖြစ်ပါသည်။ ကဗျာတစ်ပုဒ်ချင်း၏ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နှင့် ရရှိသည့်သုတရသများကို လေ့လာထားရမည် ဖြစ်ပါသည်။ အရေးအကြီးဆုံးအချက်မှာ ဖြေဆိုရာ၌ မေးခွန်းနှင့် ဘောင်ဝင်ရန် ဖြစ်ပါသည်။ ကဗျာပါ အကြောင်းအရာကို တိုက်ရိုက်မေးခြင်းလော၊ ကဗျာစာဆိုက မည်သို့ရေးဖွဲ့ထားသည်ကို မေးခြင်းလော၊ ယင်းကဗျာနှင့် ပတ်သက်သည့် မိမိ၏အတွေးအမြင် ခံစားချက်ကို မေးခြင်းလော စသည်ဖြင့် ကွဲကွဲပြားပြား သိရှိရန် လိုအပ်ပါသည်။

စာမျက်နှာ [ ၁၆ ] သို့ »»»

*စာမျက်နှာ [ ၁၅ ] မှ ››››*

သာဓကအားဖြင့်-

တောင်သူကြီး ကဗျာမှပေးသော ရသနှင့်အသိအမြင်ကို တင်ပြပါ ဆိုသည့် မေးခွန်းကို ဖြေမည်ဆိုပါက ရသကိုသာဖြေပြီး အသိအမြင်ကိုမဖြေ၍ မရပေ။ ယင်းကဗျာနှင့် ပတ်သက်သည့် ကဗျာကပေးသော အသိအမြင်ကို ဖြေဆိုရမည် ဖြစ်ပါသည်။

- တောင်သူကြီးသည် ဘေးဘိုးစဉ်ဆက် ဘုရင့်အမှုတော် ထမ်းခဲ့ပုံ၊ ရန်အပေါင်း ဖြိုခွင်းနိုင်ပုံ စသည့် စွမ်းရည်သတ္တိတို့ကို သိရသည့်အတွက် ဝီရရသခံစားရကြောင်း၊
- တိုင်းရေးပြည်မှုပြီးချိန်မှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးပုံ၊ လူပျိုကြီးဘဝ ပျော်မွေ့ပုံ၊ ကျေနပ်ပုံတို့ကို သိရသည့်အတွက် အေးငြိမ်းသည့် သန္တရသ ခံစားရကြောင်း၊
- မြန်မာလူမျိုးတို့သည် တောင်သူလယ်လုပ် ရိုးရာအသက်မွေးမှုတို့ဖြင့် လုပ်ကိုင်ကြသည် ဆိုသည့် အသိအမြင်များ သိမြင်လာကြောင်း၊
- တောင်သူကြီးသည် ချက်ပြုတ်ပြီးသည့်အခါ အပျိုငယ် ရွှေနံကားအောင် စားပါလှည့်ဟု ဖိတ်ခေါ်နေသည့်အတွက် ပြုံးရွှင်ဖွယ် ဟဿရသ ခံစားရကြောင်း၊
- ရိုးသားပွင့်လင်းသည့် မြန်မာတို့၏ စိတ်ဓာတ်နှင့် စရိုက်သည် မြတ်နိုးဖွယ်ကောင်းသည် ဆိုသော အသိအမြင်များရရှိကြောင်း ဖော်ကျူးတင်ပြရမည် ဖြစ်သည်။

ထို့ကြောင့် ကဗျာမေးခွန်းကို ဖြေသည့်အခါ၌ မေးခွန်းတွင်ပေးထားသည့် တောင်သူကြီးကဗျာမှရသနှင့် အသိအမြင်ဟူသည့် (၂)ပိုင်းကို (၂)ပိုင်းစလုံး ပါအောင် ပြည့်စုံစွာ ဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အချက်တစ်ချက်စီကို ရသတစ်လှည့်၊ အသိအမြင်တစ်လှည့် ဖြေဆိုနိုင်သကဲ့သို့ ရသတစ်ပိုင်း၊ အသိအမြင်တစ်ပိုင်းလည်း ဖြေဆိုနိုင်ပါသည်။ ဖြေဆိုတင်ပြမှုသည် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်အတင်အပြသာ ဖြစ်သင့်ပါသည်။ ကဗျာစာသား အကိုးအကား ကောက်နုတ်ချက်များကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြသင့်ပါသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ကဗျာမေးခွန်းရှည် ဖြေဆိုနိုင်ရန်အတွက် ပြင်ဆင်ရာ၌ ကဗျာတစ်ပုဒ်၏ အဓိကကျသည့် အချက်အလက်နှင့် ပေါ်လွင်ကောင်းမွန်သည့် ကဗျာစာသား ကောက်နုတ်ချက်တို့ကို ထုတ်နုတ်ကျက်မှတ်ထားသင့်ပါသည်။ ကဗျာတစ်ပုဒ်ကို ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်သည့်အတွက် အဓိကကျသည့်အချက်နှင့် ကောင်းမွန်သည့် စာသားကောက်နုတ်ချက်များကို အမိအရ ကျက်မှတ်ထားမည်ဆိုလျှင် မည်သည့်ရှုထောင့်ကမေးသည်ဖြစ်စေ မိမိ၏ ကိုယ်ပိုင် အတင်အပြဖြင့် အံဝင်ခွင်ကျ ဖြေဆိုနိုင်မည် ဖြစ်ပေသည်။ ထိုသို့မဟုတ်ဘဲ အဆင်သင့် အဖြေအမျိုးမျိုးကို အစအဆုံး ကျက်မှတ်နေမည်ဆိုလျှင် ပုဒ်ရေများစွာ ကျက်မှတ်နေရမည့်အပြင် မိမိကိုယ်ပိုင် အတင်အပြလည်း ဖြစ်မလာသည့်အတွက် ကောင်းမွန်သည့် ရမှတ်ကို ရရှိနိုင်မည် မဟုတ်ပေ။

**မေးခွန်း ၄** သည် မြန်မာစကားပြေလက်ရွေးစင်မေးခွန်း ဖြစ်ပါသည်။ မေးခွန်း ၄ တွင် (က) နှင့် (ခ) နှစ်ပိုင်းပါဝင်ပါသည်။

**မေးခွန်း ၄ (က)** သည် ကဗျာမေးခွန်း ၃ (က) ကဲ့သို့ပင် ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါသည်။ စကားပြေ ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြေဆိုရန်အတွက်လည်း - စကားပြေတစ်ပုဒ်ချင်း၏ မိတ်ဆက်တွင်ပါသည့် စာရေးသူအကြောင်း၊ ထုတ်နုတ်သည့် မူရင်းစာအုပ်၊ စကားပြေ၏ဆိုလိုချက် အကြောင်းအရာ၊ စကားပြေ ရေးသည့်ခေတ် စသည့် စကားပြေဆိုင်ရာအချက်အလက်များကို လေ့လာကျက်မှတ်ထားရမည် ဖြစ်သည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရရှိသည့် မေးခွန်းဖြစ်ပါသည်။

စကားပြေဓမ္မဓိဋ္ဌာန်ကို မေးရာတွင် စကားပြေနှင့်သက်ဆိုင်သည့် မှတ်သားဖွယ်ရာများကို ထုတ်နုတ်မေးလေ့ရှိပါသည်။ ဥပမာ - သိင်္ဃသူ့သမီးသည် မထိလို၏ မြေးဖြစ်ကြောင်း၊ ကျောင်းနေ ရဟန်း သံဃာ တို့အတွက် လယ်၊ဥယျာဉ်နှင့် ကျွန်များ လှူကြောင်း၊ စီးချင်းတိုက်ပွဲစကားပြေကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ထုတ်နုတ်ထားကြောင်း၊ ဦးပေါင်းကျားနှင့်မြင်းကျားရှင် စကားပြေတွင် "ငါမအိုသေး" ဟု မိန့်တော်မူသော မင်းကြီးမှာ အလောင်းစည်သူဖြစ်ကြောင်း၊ မိတဆိုးရှင်ပြုစကားပြေသည် ကိုထွန်းကျော်၏သား ရှင်လောင်း ငပု၏ရှင်ပြုပွဲကို အသေးစိတ်ရေးထားသော စကားပြေဖြစ်ကြောင်း၊ ပတ္တမြားကျောက်စီဓား ဝတ္ထုတိုတွင် သူရဲကောင်းတို့၏ လေးစားထိုက်သော ဂုဏ်ရည်ကို ပေါ်လွင်စွာရေးဖွဲ့ထားကြောင်း စသည့် စကားပြေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ထုတ်နုတ်ကာ ဓမ္မဓိဋ္ဌာန် မေးခွန်းတို အဖြစ် မေးမြန်းလေ့ရှိပါသည်။

မေးခွန်း ၄ (က) စကားပြေဓမ္မဓိဋ္ဌာန်မေးခွန်းသည် မေးခွန်း ၃(က) ကဗျာ ဓမ္မဓိဋ္ဌာန် မေးခွန်းကဲ့သို့ပင် ရွေးချယ်စရာများပါဝင်သည့်အတွက် မေးခွန်းတွင် ပေးထားသည့် မေးခွန်းနံပါတ်နှင့် အဖြေကိုရွေးချယ်ဖြေဆိုသည့် နံပါတ် တူညီရန် အထူးသတိပြုရမည် ဖြစ်ပါသည်။

**မေးခွန်း ၄ (ခ)** သည် ရှင်းလင်းဆွေးနွေးရသည့် စကားပြေမေးခွန်းဖြစ်ပါသည်။ စကားပြေ တစ်ပုဒ်ချင်း၏ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနှင့် သုတရသ သင်ခန်းစာ စသည်တို့ကို လေ့လာရမည် ဖြစ်သည်။ ဤမေးခွန်းတွင်လည်း ကဗျာအပုဒ်ရှည်မေးခွန်းကဲ့သို့ပင် မေးခွန်း၏ ဦးတည်ချက်ကို ကွဲကွဲပြားပြား သိရှိရန် လိုအပ်ပါသည်။ မေးထားသည့်မေးခွန်းသည် အကြောင်းအရာကို ဦးတည်မေးခြင်းလော၊ အရေးအဖွဲ့ကို ဦးတည်မေးခြင်းလော ဆိုသည့်အချက်ကို ကွဲပြားစွာ နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။ မိမိ လေ့လာကျက်မှတ်ထားသည်များကို မေးခွန်းနှင့် အံဝင်ခွင်ကျဖြေဆိုနိုင်ရန် အထူးအရေးကြီးပါသည်။

၄ (ခ) မေးခွန်း သာဓကအနေဖြင့် "မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်း စကားပြေမှ ရရှိသော ဘဝသင်ခန်းစာကို လေ့လာတင်ပြပါ" ဟူသည့် မေးခွန်းကို ကောက်နုတ်တင်ပြလိုပါသည်။

ဤမေးခွန်းကိုဖြေဆိုသည့်အခါတွင် မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းသည် ဒွန်တွဲလျက်ရှိကြောင်း၊ မည်မျှ ခွန်အားဗလ ပြည့်စုံစေကာမူ မမှန်မကန် ပြုလုပ်ထားပါက ရဲရင့်ခြင်းများ ပျောက်ဆုံးသွားတတ်ကြောင်း၊ ခွန်အားနည်းစေကာမူ မှန်ကန်ခြင်းရှိက ရဲရင့်ခြင်း ပြည့်ဝကြောင်း ဟူသည့် စကားပြေတွင်ပါရှိသည့် ဘဝသင်ခန်းစာယူဖွယ်အချက်အလက်များကို ထိထိမိမိ ထုတ်နုတ်တင်ပြရမည် ဖြစ်ပေသည်။

ဤစကားပြေသည် လွတ်လပ်ရေးခေတ်တွင် စာရေးဆရာကြီးသော်တာဆွေ ရေးသားခဲ့သည့် ဝတ္ထုတိုတစ်ပုဒ်ဖြစ်ကြောင်း၊ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းတို့ ဒွန်တွဲနေပုံကို ဖော်ကျူးလိုသည့် ရည်ရွယ်ချက်ဖြင့် သရုပ်ဖော်ရေးသားထားခြင်း ဖြစ်ကြောင်း၊ နိဒါန်းပျိုးကာ ခွန်အားဗလနှင့်ပြည့်စုံပြီး ရွာတွင်ဩဇာရှိသည့် သူကြီးဦးအောင်ဒွန်း၊ လင်ငယ်ထားတတ်သူ မချောဖြူ၊ မချောဖြူ၏ ယောက္ခမ အမယ်အိုကြီးတို့ကို ဇာတ်အိမ်ဖွဲ့ကာ မှန်ကန်မှုရှိလျှင် ရဲရင့်မှုရှိကြောင်း၊ မှန်ကန်မှု ပျောက်ဆုံးလျှင် ရဲရင့်ခြင်း ပျောက်ကွယ်ရကြောင်း၊ ဘဝတွင်ဆုံးဖြတ်ချက်မှားယွင်းလျှင် အရှုံးများနှင့်ရင်ဆိုင်ရတတ်ကြောင်းကို မှတ်သားဖွယ်ဖြစ်အောင် ရေးသားတင်ပြရမည် ဖြစ်သည်။

**မေးခွန်း ၅** သည် ရေသည်ပြဇာတ်မေးခွန်း ဖြစ်ပါသည်။ မေးခွန်း ၅ မေးခွန်းတွင် (က) နှင့် (ခ) ၂-ပုဒ် မေးပါသည်။ မေးခွန်း ၅ (က) သည် စကားစပ်မေးခွန်းဖြစ်သည်။ စကားစပ်ကို ဖြေသည့်အခါ ပေးထားသည့်စာပိုဒ်သည် မည်သည့်အခန်းက စကားဖြစ်သည်၊ မည်သူက မည်သူ့ကို မည်သည့်အချိန် မည်သည့်နေရာတွင် မည်သည့် အကြောင်းနှင့်စပ်ပြီး မည်သို့ပြောဆိုသည်ကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးသားရမည် ဖြစ်သည်။ စကားစပ် မေးခွန်းကို ဖြေနိုင်ရန်အတွက် ပြဇာတ်ကို ကျေညက်အောင် လေ့လာထားရမည် ဖြစ်သည်။

စကားစပ်ဖြေဆိုရာတွင် သတိပြုရမည့်အချက်မှာ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရန် ဖြစ်သည်။ မပါသည့် စကားကို ဖြည့်စွက် ထည့်သွင်းရေးသားခြင်းမျိုးလည်း မဖြစ်သင့်ပေ။ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေသည့်အခါတွင် မိမိစကားပြေဖြင့် ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်ရာ ဤမေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် ပြဇာတ်ကို ကျေညက်အောင် လေ့လာထားရုံမက မိမိစကားဖြင့် ပြန်လည် ရေးသားတင်ပြနိုင်ရန် လေ့ကျင့်ထားရန်လည်း လိုအပ်ပါသည်။

မေးခွန်း(၅) ပုဒ်ခွဲ (ခ) သည် ရေသည်ပြဇာတ်၏ အကြောင်းအရာကဏ္ဍကို မေးသည့် မေးခွန်းဖြစ်ပါသည်။ ပြဇာတ်၏အကြောင်းအရာကဏ္ဍကို ၂ပိုင်း ခွဲနိုင်ပါသည်။ ဇာတ်လမ်းအဖြစ်အပျက်ပိုင်းနှင့် ဇာတ်ဆောင်များအကြောင်း၊ဇာတ်ဆောင်များ၏ စရိုက်သဘာဝအဖွဲ့များ ဖြစ်ပါသည်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းတွင် အပိုင်း ၅ ပိုင်းရှိသည်။ (၁) ရေသည် ယောက်ျားနှင့် ရေသည်မိန်းမ ဆင်းရဲပုံ၊ (၂) ရေသည်ယောက်ျား ငွေလေးရွေးတပ်မက်ပုံ၊ (၃) ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ၊ (၄) အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနှင့် (၅) တောထွက်ရန်ပြောဆိုပုံတို့ ဖြစ်ပါသည်။

ထိုဇာတ်လမ်းအဖြစ်အပျက်(၅)မျိုးကို အကြောင်းအရာကဏ္ဍတွင် မေးပါသည်။ ကျန်အပိုင်း တစ်ပိုင်းမှာ ဇာတ်ဆောင်စရိုက်အဖွဲ့ဖြစ်ပါသည်။ ဇာတ်ဆောင်စရိုက်တွင် ရေသည်ယောက်ျား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီး ဟူသည့် ဇာတ်ဆောင် ၃ ဦး၏ စရိုက်များကို မေးလေ့ရှိပါသည်။

ရေသည်ပြဇာတ် အကြောင်းအရာမေးခွန်းကို ဖြေသည့်အခါတွင် ဇာတ် မူရင်း စာသားအတိုင်း မရေးရပေ။ မေးသည့် မေးခွန်းနှင့် မသက်ဆိုင်သည့် အချက်အလက်များကိုလည်း ဖြည့်စွက်ထည့်သွင်း မရေးရပေ။ သို့ရာတွင် ရေသည်ပြဇာတ် စာဆိုဦးပုည၏ မူရင်း စကားလုံးများ၊အသုံးအနှုန်းများ၊ စာသားကောက်နုတ်ချက်များကို ထည့်သွင်းသုံးစွဲရေးသားရမည် ဖြစ်သည်။ ဖြေဆိုသည့်အခါတွင် ကိုယ်ပိုင် စကားပြေဖြင့် ရေးသားရမည် ဖြစ်ပါသည်။

သာဓကအနေဖြင့် အကြောင်းအရာမေးခွန်းဖြစ်သည့် ရေသည်ယောက်ျား၏ ပုံပန်းသွင်ပြင်နှင့် ဘဝသရုပ်ကို ဖြေဆိုမည်ဆိုလျှင် ရေသည်ယောက်ျား၏ ရုပ်အဆင်း အသွင်အပြင်၊ ဝတ်စားဆင်ယင်ပုံနှင့် ဘဝအခြေအနေတို့ကို ပေါ်လွင်အောင် ရေးသားဖြေဆိုရပါမည်။ သေးငယ်လွန်းလှသည့် သျှောင်ဆံထုံး၊ မွဲခြောက်စုတ်ဖွာနေသည့် ဆံပင်၊ စုတ်ချာ ညှံ့ဖျင်းလှသည့် ခါးဝတ်ပုဆိုးကို ဝတ်ဆင်ထားပုံ၊ ထမင်းနှင့် ချဉ်ပေါင်ကိုသာ စားသောက်ရသည့် ဘဝ၊ ခြိုးခြိုးခြံခြံနှင့် ငွေလေးရွေး စုဆောင်းထားနိုင်ပုံ စသည့် ရေသည်ယောက်ျား၏ ဘဝအခြေအနေတို့ကို ပြဇာတ်ပါ ဇာတ်လမ်းနှင့်ဆက်စပ်ပြီး ရေးသားရမည်ဖြစ်ပါသည်။

**မေးခွန်း(၆)**သည် စာစီစာကုံးမေးခွန်းဖြစ်သည်။ စာစီစာကုံးသည် မြန်မာစာ မေးခွန်းလွှာတွင် အမှတ်အများဆုံးပေးသည့် မေးခွန်းဖြစ်ပါသည်။ အမှတ်(၂၀) ပေးပါသည်။ ခေါင်းစဉ် ၃ ခု ပေးထားပြီး နှစ်သက်ရာတစ်ခုကို ဖြေဆိုရမည်ဖြစ်ပါသည်။ ခေါင်းစဉ် ၃ ခု လုံးတွင် ပုံကြမ်းအချက်အလက်များ ပေးထားသည့်အတွက် ရေးသားဖြေဆိုရာတွင် ပုံကြမ်း အချက်အလက်များကို အခြေခံပြီး ရေးရမည် ဖြစ်သည်။

စာစီစာကုံးသည် တစ်ပုဒ်လုံး အစအဆုံးအလွတ်ကျက်မှတ်ထားရမည့် စာမျိုး မဟုတ်ဘဲ ကျက်သင့်သည့် အချက်အလက်များကိုကျက်၊ မှတ်သင့်သည့် အချက်အလက်များကို မှတ်ပြီး မြန်မာစာ အရေးအသားဆိုင်ရာ နည်းနာများဖြင့် အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ဆည်းပူးထားရမည့် ကျင့်စာ ဖြစ်သည်ဆိုသည်ကို နားလည်ထားရမည် ဖြစ်သည်။ စာစီစာကုံးဟူသည် စာကိုပြေပြေပြစ်ပြစ် စီကုံး ရေးသားရသည့် စကားပြေအဖွဲ့ ပုံစံတစ်မျိုးဖြစ်သည်။ စကားပြေအရေးအသားတွင် စာဟန်နှင့် ပြောဟန် ဟူ၍ ဟန်နှစ်မျိုးရှိသည့်အနက် စာစီစာကုံး ရေးသားရာ၌ စာဟန်ကိုသာ အသုံးပြုရမည် ဖြစ်သည်။

စာစီစာကုံးအမျိုးအစားကို အဖွဲ့ပုံသဏ္ဍာန်အရ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆို ရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ဟု ၄ မျိုးခွဲ လေ့ရှိပါသည်။ စာစီစာကုံးအမျိုးအစား ၄ မျိုးအနက် မည်သည့် အမျိုးအစား၊ မည်သည့်ခေါင်းစဉ်သည် မိမိနှင့် သင့်လျော်သည့် စိတ်ကြိုက်ခေါင်းစဉ်ကို မှန်ကန်စွာ ရွေးချယ်ရမည် ဖြစ်သည်။ စာမေးပွဲမေးခွန်းတွင် ပေးထားသည့်ခေါင်းစဉ်များသည် ကျောင်းသူ ကျောင်းသားများ စိတ်ကြိုက်ရွေးချယ်နိုင်ရန်အတွက် စာစီစာကုံးအမျိုးအစားများ မျှတစွာ ပေးထားလေ့ရှိပါသည်။

ခြုံ၍တင်ပြရလျှင် မြန်မာစာဘာသာရပ်မေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးမှတ်ရရန်အတွက် ကျက်မှတ်နိုင်မှုအပြင် စာလုံးပေါင်းသတ်ပုံ မှန်ကန်မှု၊ တစ်ချောင်းပုဒ်၊ ပုဒ်မ စသည့် သင်္ကေတများကို တိကျမှန်ကန်စွာ အသုံးပြုတတ်မှု၊ ဆီလျော်သော စကားအသုံးအနှုန်း ရွေးချယ်တတ်မှု၊ ပုဒ်အထားအသို မှန်ကန်မှု၊ ဝါကျဖွဲ့ထုံး မှန်ကန်မှု၊ ဝါကျတစ်ခုနှင့်တစ်ခု ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပိုဒ်ဖွဲ့ပုံကောင်းမွန်မှု၊ စာပိုဒ် တစ်ပိုဒ်နှင့် တစ်ပိုဒ် ပြေပြစ် ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာတစ်ပုဒ်လုံးသည် ဆိုလိုချက်ကို ရှင်းလင်းစွာ ပေါ်လွင်စေမှု စသည်တို့နှင့် ပြည့်စုံရန် လိုအပ်ပါသည်။ ထို့ပြင် လက်ရေး လက်သား သပ်ရပ်သန့်ရှင်းမှု၊ ဖျက်ရာ၊ ခြစ်ရာ ကင်းစင်မှု၊ သေသပ်စွာမျဉ်းသားမှု စသည့် သေသေသပ်သပ်ရေးသားဖြေဆိုနိုင်ရန်လည်း အရေးကြီးပါသည်။

ယခု ရေးသားတင်ပြချက်များသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် အထောက်အကူ ဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။ ကျောင်းသူ ကျောင်းသား အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေဟု ဆန္ဒပြုရင်း ယခု ပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

# ဇမ္ဗူသီရိမြို့နယ်၌ သစ်ရွက်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြ

**နေပြည်တော် ဇန်နဝါရီ ၃၁**

သစ်ရွက်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု JICA စံပြစိုက်ကွင်း၌ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် ဝန်ထမ်းများ၊ နေပြည်တော် ရှစ်မြို့နယ်မှ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်က သစ်ရွက်စိမ်းမြေဩဇာကို အသုံးပြုခြင်းသည် အရင်းနည်းပြီး အမြတ်များသော စနစ်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ကိုယ်တိုင်ထုတ်လုပ်အသုံးပြုနိုင်သဖြင့် မြေဩဇာအတွက် ငွေကုန်မှုနည်းပါးသွားမည်ဖြစ်ကြောင်း၊ သဘာဝမြေဩဇာများကို သုံးစွဲလာသည်နှင့်အမျှ မြေဆီလွှာတွင် နိုက်ထရိုဂျင်တိုးတက်စေပြီး မြေဆီ၊ မြေဩဇာများလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စရိတ်နည်းနည်းနှင့်



သီးနှံအထွက်တိုးလိုလျှင် သစ်ရွက်စိမ်းမြေဩဇာကို အလေးထားသုံးစွဲစေလိုကြောင်း ပြောကြားသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန် လျာထားဧက ၈၀၀ အနက် မတ်ပဲ ပဲလွန်း၊ ပဲပိစပ်နှင့် ပိုက်ဆံလျှော်တို့ဖြင့် သစ်ရွက်စိမ်းမြေဩဇာအသုံးပြုမည့် ဧက ၈၀ ရှိကြောင်း၊ မြေဆီလွှာဌာန သုတေသနပြု တွေ့ရှိချက်များအရ သစ်ရွက်စိမ်းမြေဩဇာအား ထယ်ထိုးနှစ်မြှုပ်ထားသည့် အပင်အသက်မှာ (၄၀ မှ ၄၅) ရက်သား အချိန်ဖြစ်ကြောင်း၊ ထယ်ထိုးနှစ်မြှုပ်ထားပြီး အနည်းဆုံး ၁၀ ရက်အကြာ ဆွေးမြည့်စေပြီးမှ ပင်မစိုက်ပျိုးမည့် သီးနှံများကို စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မြေအတွင်း၌ မြေဆွေးဓာတ်ကြွယ်ဝစေရန် သဘာဝမြေဩဇာထည့်မည်ဆိုပါက တစ်ဧက ငါးတန်ထည့်ပေးနိုင်မှ မြေဆီမြေဩဇာ တိုးတက်ကောင်းမွန်လာမည်ဖြစ်သောကြောင့် သစ်ရွက်စိမ်းမြေဩဇာကို အသုံးပြုစေလိုကြောင်း ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်အောင်က ပြောသည်။

**သန့်မောင်**



**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတလည်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်အင်ဂျင်နီယာ ဦးကျော်မင်းထွေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဇန်နဝါရီ ၂၉ ရက်တွင် ပေါင်းတလည်မြို့ မြောက်ပိုင်းရပ်ကွက်၌ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။** ၁၄၇

# စစ်တောင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခွဲက ပဲခူးခရိုင် ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာ စစ်တောင်းမြစ်ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်က တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား တည်ဆောက်ရေးရှင်းလင်းဆောင်၌ စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က ကမ်းပြိုမှုများကြောင့် ကျေးရွာများ၊ စိုက်ပျိုးမြေများ၊ လူနေအိမ်နှင့် သာသနိကအဆောက်အအုံများ ပျက်စီးခြင်း၊ ပြောင်းရွှေ့ပေးရခြင်းများ ဆောင်ရွက်ပေးရကြောင်း၊ ကမ်းပါးပြိုကျမှုများသည် ရေစီးကြောင်းပြောင်းလဲမှုကြောင့်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုသည် အခြေခံကျသည့် အချက်တစ်ခုဖြစ်ကြောင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နောင်အနာဂတ်တွင် ဖြစ်ပေါ်နိုင်သည့် မြစ်ကြောင်းပြောင်းလဲမှုကိုပါ ထည့်သွင်း စဉ်းစားဆောင်ရွက်စေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ကွင်းဆိပ်ကျေးရွာ (စစ်တောင်းမြစ်) ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး ဘိုးပိုင်အခြေပြုကျောက်စီ မြေထိန်းနံရံ ပေ ၁၂၀၀ နှင့် သဲအိတ်ခံကျောက်စီ ရေကြောင်းပိတ်ရေကာ ၂၄၀ မီတာ တည်ဆောက်ခြင်းလုပ်ငန်းများအား စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ထမနဲထိုးပြိုင်ပွဲကျင်းပခြင်းဖြင့် စည်းလုံးညီညွတ်မှု၏အင်အား အကျိုးသက်ရောက်မှုကို သိရ

**တောင်ကြီး ဇန်နဝါရီ ၃၁**

၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ အဝေးရာမီးပုံးပျံကွင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို အစဉ်အလာမပျက် ကျင်းပရသည့် ရည်ရွယ်ချက်မှာ ယာဂု(ခေါ်)ထမနဲဖြင့် မြတ်စွာဘုရားရှင်နှင့် တပည့်သား သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း၍ ကောင်းမှုကုသိုလ်ပြုလုပ်ရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းရန်၊ ထမနဲထိုးပြိုင်ပွဲကို ကျင်းပခြင်းဖြင့် စည်းလုံးညီညွတ်မှု၏ အင်အားအကျိုးသက်ရောက်မှုကို သိရှိစေရန် ပြောကြားသည်။



ဆက်လက်၍ ထမနဲထိုးပြိုင်ပွဲကွင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်အသင်းများအား ဆုချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဧည့်ပရိသတ်များအား ထမနဲထုပ်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၃၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပထမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်အုပ်စု အေးမြသာယာနယ်မြေရှိ ဘောလုံးအားကစားကွင်းအတွင်း ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဒိတ် (ခ) ခင်မောင်မြင့်၊ ပြည်နယ် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းသားများ၊ ဒေသခံ ပြည်သူများ အင်အား ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားကာ အမှတ်ပေးဒိုင်ချုပ်၊ ပြည်နယ် သာသနနှင့်ဂုဟာအသင်း ဥက္ကဋ္ဌ ဦးညွန့်ရွှေက ပြိုင်ပွဲဝင် စည်းကမ်းများနှင့် အမှတ်ပေးဇယားပုံစံများကို ရှင်းလင်းပြောကြားပြီး ဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများ၏ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရ ပညာရေးအသင်း၊ ဒုတိယဆုရ ပမ္မတီးရပ်ကွက်အသင်းနှင့် တတိယဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းတို့အား ပြည်နယ်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဆုများနှင့် အမှတ်တရလက်ဆောင် အကျီများ ပေးအပ်ခဲ့ကာ ပြိုင်ပွဲသို့ အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

# လယ်ယာမြေတိုင်ကြားမှုများအား စိစစ်ပြီး မြေဧက ၂၅၀ ကျော် မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သိမ်းဆည်း လယ်ယာမြေများနှင့်ပတ်သက်၍ တိုင်ကြားမှုပေါင်း ၁၀၀၀၀ ကျော်ရှိသည့်အနက် တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက စိစစ်ပြီးဖြစ်သည့် အမှုပေါင်း ၇၅၀ ဖြစ်ပြီး မြေဧက ၂၅၀ ကျော်ကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများက ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလ တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများက ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) တွင် ကျင်းပခဲ့ပြီး မြေဧက ၂၅၀ ကျော် ကို မူလပိုင်ရှင်များဖြစ်သည့် တောင်သူ ၄၄ ဦးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် မူလတောင်သူ ၄၄ ဦးထံသို့ မြေဧက ၂၅၃ ဒသမ ၄၂၀ ဧက ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအတွင်းရှိ သိမ်းဆည်းလယ်ယာမြေများအား ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ယင်း မြေဧက ၂၅၃ ဒသမ ၄၂၀ ဧကကို ပြန်လည်လွှဲပြောင်းခဲ့သည့် ဌာနများမှာ လျှပ်စစ်ဝန်ကြီးဌာနမှ သုည ဒသမ ၅၀၄ ဧက၊ မွေးမြူရေး ကျေးလက်ဝန်ကြီးဌာနမှ သုည ဒသမ ၃၇၆ ဧက၊ မြန်မာ့သစ်လုပ်ငန်းမှ ၁ ဒသမ ၅၃၀ ဧက၊ လေထီးသင်တန်းကျောင်းမှ ၃၀ ဒသမ ဝ၆၀ ဧက၊ ပင်မထောက်ပံ့ရေးတပ်မှ ၁၀ ဒသမ ၂၅၀ ဧက၊ ခမရ(၇၀၆) မှ ၁၅ ဒသမ ၇၈၀ ဧက၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၁၉ ဒသမ ၈၄၀ ဧက၊ စီးပွားကူးသန်းဝန်ကြီးဌာနမှ ၅ ဒသမ ၁၉ ဧက၊ မြန်မာ့သစ်လုပ်ငန်းမှ ၁၆၉ ဒသမ ၈၉၀ ဧက တို့ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိစစ်ရန် ကျန်ရှိနေသေးသည့် အမှုပေါင်း ၁၀၀၀၀ ကျော်အား လာမည့် တစ်နှစ်ခွဲအတွင်း အားလုံးပြီးစီးအောင် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့မြေအဖြစ် သိမ်းဆည်းခံခဲ့ရသည့် လယ်မြေများကိုလည်း အမြန်ဆုံး လျော်ကြေးပေးအပ်နိုင်ရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

**ဝဝ၁**

# ရန်ကုန်တောင်ပိုင်းခရိုင် ကလေးစာပေပွဲတော် ဆုချီးမြှင့်ပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ကလေးများ စာအုပ်စာပေ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း ပူးပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရှိစေရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရေးရည်ရွယ်ချက်များဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကလေးစာပေပွဲတော်ကို နှစ်ရက်တိုင်ကျင်းပခဲ့ပြီး ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဆုချီးမြှင့်ပွဲကို သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ကလေးစာပေပွဲတော် ပြိုင်ပွဲများဖြစ်သော ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲစသည့် ပြိုင်ပွဲအသီးသီးမှ ဆုရရှိသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင် ပညာရေးမှူး ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# နွေစပါးစိုက်ပျိုးချိန်တွင် ရွှေဘိုမြောင်းမတော် ကျိုးပေါက်မှုမဖြစ်စေရေး မြေထိန်းနံရံများပြုပြင်

**ခင်ဦး ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် နွေစပါးစိုက်ပျိုးချိန် ရွှေဘိုမြောင်းမတော် ကျိုးပေါက်မှုမဖြစ်စေရေးအတွက် မြေထိန်းနံရံများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရွှေဘိုမြောင်းမတော်သည် ၂၀၁၇ ခုနှစ် မိုးရာသီတွင် ပေတိုင်အမှတ် ၂၀/၀ မှ ၅၅/၀ အတွင်း တူးမြောင်းပေါင်မြေများ လျှောကျခြင်းများဖြစ်ပေါ်ခဲ့သဖြင့် နွေစပါးရေပေးချိန်တွင် တူးမြောင်းပေါင် ကျိုးပေါက်မှု အန္တရာယ်မဖြစ်ပေါ်စေရန်နှင့် ဆည်ရေများအလေအလွင့်မဖြစ်ပေါ်စေရန် စက်ယန္တရားများဖြင့် တူးဖော်ပြီး ကျောက်ခြင်း မြေထိန်းနံရံများ ပြုပြင်ဆောင်ရွက်နေကြောင်း၊ အဆိုပါမြောင်းမှာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါး ဧက ၁၁၂၀၅၀ နှင့် အခြားသီးနှံ ဧက ၆၄၃၀၀၊ စုစုပေါင်း ဧက ၁၇၆၃၅၀ စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးအရာရှိ(ကာဘိုး) ဦးထွန်းထွန်း၏ပြောကြားချက်အရ သိရသည်။

ဆက်လက်ပြီး အဆိုပါအဖွဲ့သည် ရွှေဘိုတူးမြောင်းပေါ်ရှိ ငါးရုံကြီးတံတားအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၄၂၀ ဖြင့် ဆောင်ရွက်နေသော သံကူကွန်ကရစ်တံတား ဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါတံတားမှာ ကာဘိုး၊ ခင်ဦး၊ ရွှေဘိုသို့ ဆက်သွယ်ထားပြီး တူးမြောင်းပေါ်မှ သွားလာနေသော လမ်းဖြစ်ကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

# ကင်မရာငါးလုံးပါဝင်လာနိုင်ဖွယ်ရှိသည်ဟူသော Nokia10 စမတ်ဖုန်းသစ်၏ သတင်းအချက်အလက်အချို့ပေါက်ကြားထွက်ပေါ်



ပြိုင်ဆိုင်မှုပြင်းထန်လာသော နိုင်ငံတကာစမတ်ဖုန်းနည်းပညာလောကတွင် ၂၀၁၇ အကုန်နှင့် ၂၀၁၈ ခုနှစ် နှစ်ဦးကာလအတွင်း ဖုန်းမျက်နှာပြင်နှင့် ကင်မရာစနစ်ပိုင်းများ သိသာစွာပြိုင်ဆိုင်လာကြသည့် ကာလတစ်ခုအဖြစ် လေ့လာသူများကသတ်မှတ်ထားကြသည်။ အချိန်အတော်အတန်ကြာ နောက်ချန်နေရစ်သော Nokia အမှတ်တံဆိပ်သည် စမတ်ဖုန်းလောကသို့ တစ်ဖန်ပြန်လည်ဝင်ရောက်လာပြီး နည်းပညာမြင့် စမတ်ဖုန်းအမှတ်တံဆိပ်များကို အဘက်ဘက်မှ ရင်ဆိုင်လာနေသည်ကိုလည်း တွေ့မြင်နေရသည်ဟု ကျွမ်းကျင်သူများက မှတ်ချက်ပြုနေသည့်အချိန်တွင် အခြားစမတ်ဖုန်းများထက် ကင်မရာပိုင်းတွင် ပိုမိုသာလွန်နိုင်ဖွယ်ရှိသည့် ကျောဘက်ကင်မရာငါးလုံးအထိ ပါဝင်လာနိုင်ဖွယ်ရှိသော Nokia 10 အမျိုးအစားစမတ်ဖုန်းအသစ်တစ်မျိုး မိတ်ဆက်လာဖွယ်ရှိသည်ဟူသော သတင်းအချက်အလက်အချို့မှာ စမတ်ဖုန်းလောကတွင် သတင်းများ ပေါက်ကြားထွက်ပေါ်လာသည်။

ဂျာမနီနိုင်ငံရှိ မူပိုင်ထုတ်လုပ်ခွင့်ဆိုင်ရာရုံးမှတစ်ဆင့် ၎င်းစမတ်ဖုန်း၏ ဒီဇိုင်းပုံကြမ်းမှာ ပေါက်ကြားထွက်ပေါ်လာသည်ဟုသိရပြီး အဓိကကင်မရာတစ်လုံးကို အခြားကင်မရာလေးလုံးမှဝန်းရံထားသည့် ဒီဇိုင်းပုံကြမ်းဖြစ်ကာ အဆိုပါဒီဇိုင်းမှာ ယခင်က Nokia မှထုတ်လုပ်ခဲ့ဖူးသည့် Lumia 1020 ၏ ဒီဇိုင်းနှင့် ဆင်တူသည်ဟု သိရသည်။ Penta-Camera အမည်ရ ကျောဘက် ကင်မရာငါးလုံးပါဝင်လာနိုင်ဖွယ်ရှိပြီး တစ်လုံးစီတွင် မတူညီသည့် Lens များဖြင့် ထွက်ပေါ်လာဖွယ်ရှိကာ ၎င်းကင်မရာများအား စမတ်ဖုန်း Multi-Lens များထုတ်လုပ်ပေးသည့် ZEISS အမည်ရကုမ္ပဏီနှင့် Nokia တို့ ပူးပေါင်းလုပ်ဆောင်နေသည်ဟုသိရသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ဂျာမနီနိုင်ငံတွင် အဆိုပါစမတ်ဖုန်းသစ်အား မိတ်ဆက်သွားနိုင်ဖွယ်ရှိကာ အဓိကကင်မရာကို ကျန်ကင်မရာလေးလုံးတွင်ပါဝင်သော Lens များမှအထောက်အပံ့ပေးသွားမည်ဖြစ်ပြီး ၎င်းကင်မရာများ၏ အောက်ဘက်တွင် လက်ဗွေစနစ်ထည့်သွင်းပေးထား၍ Snapdragon မှ နောက်ဆုံးထွက် 845 SoC နှင့် ယနေ့ကာလ စမတ်ဖုန်းများတွင် ခေတ်စားလျက်ရှိသော ဘေးပေါင်ပျောက်နီးပါးမျက်နှာပြင် ပါဝင်လာနိုင်ပြီး ၎င်းစမတ်ဖုန်းနှင့် အတူ Nokia ၏ အခြားစမတ်ဖုန်းအမျိုးအစားဖြစ်သည့် Nokia 7 Plus ၏ ဒီဇိုင်းပုံကြမ်းများလည်း သတင်းပေါက်ကြား ထွက်ပေါ်ခဲ့သည်ဟု သိရသည်။

ALEX

## Yun စနစ်ပါဝင်သော Nokia ၏တတိယအမျိုးအစား N3310 ကိုမိတ်ဆက်

4G LTE စနစ်ကို အခြားစမတ်ဖုန်းများသို့ အထောက်အပံ့ပေးနိုင်သော Nokia 3310 တတိယအမျိုးအစားကို တရုတ်နိုင်ငံတွင် စတင်မိတ်ဆက်



ပေးလိုက်ပြီဖြစ်သည်။ 4G စနစ်ရရှိနိုင်သော SIM ကတ်တစ်မျိုးထည့်သွင်းအသုံးပြုနိုင်ကာ ၎င်းဟန်းဆက်မှတစ်ဆင့် Wi-Fi Hotspot ပြန်လည်ထုတ်လွှင့်ပေးနိုင်ပြီး အခြားစမတ်ဖုန်းနှင့် မိုဘိုင်းလ်အင်တာနက် ချိတ်ဆက်ကာ အသုံးပြုနိုင်မည်ဖြစ်သည်။ Yun OS ဟု အမည်ရသော စနစ်တစ်မျိုးထည့်သွင်းပေးထားသည်ဟုသိရသည်။

အဆိုပါ Yun OS တွင် Android App များအသုံးပြုနိုင်ဖွယ်ရှိပြီး တိကျသည့် အချက်အလက်များကို ထုတ်ပြန်ထားခြင်းမရှိဟု လေ့လာသူများက ဆိုသည်။ တရုတ်နိုင်ငံတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး အခြားနိုင်ငံများရှိ 4G ကွန်ရက်များတွင် အသုံးပြုနိုင်ရန်လည်း စမ်းသပ်၍ထုတ်လုပ်ရောင်းချပေးသွားမည်ဖြစ်ကာ ယခင်ထုတ်လုပ်ရောင်းချပေးခဲ့သည့် ဖုန်းအမျိုးအစားနှင့် ပုံစံဒီဇိုင်းနှင့် ပါဝင်သည့်လုပ်ဆောင်ချက်များတူညီပြီး ထည့်သွင်းပေးထားသည့် Yun OS မှာ Android စနစ်နှင့် တူညီသည့်ပုံစံမျိုးရှိကာ ဈေးနှုန်းအတိအကျကို ကြေညာထားခြင်းမရှိဟု သိရသည်။

ALEX

## ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသား ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များသည် ဇန်နဝါရီ ၃၁ နံနက် ၉ နာရီမှ စတင်၍ မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ လေကြောင်းခရီးဖြင့်လည်းကောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ အသီးသီးရောက်ရှိလာကြသည်။

အဆိုပါ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအား (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် လှိုက်လှဲစွာကြိုဆိုကြပြီး တည်းခိုဆောင်များအလိုက် နေရာချထားရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအနက် ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ရောက်ရှိခဲ့ကြပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်အဖွဲ့များသည် မွန်းလွဲပိုင်းတွင် အသီးသီးရောက်ရှိကြမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



# သတင်းထောက်တွေရဲ့ ဝေဖန်မှုကို ခံခဲ့ရတဲ့ ဆူဇီ



ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်တစ်ဦးအဖြစ်အထိပါ အောင်မြင်လာခဲ့တဲ့ ဆူဇီဟာ လတ်တလောမှာတော့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး သတင်းထောက်တွေနဲ့တွေ့ဆုံကာ မိတ်ဆက်ရှင်းလင်းခဲ့တာဖြစ်ပါတယ်။ ဒီပွဲမှာတော့ ဆူဇီဟာ သတင်းထောက်တွေရဲ့ မေးခွန်းတွေကို ပြေလည်အောင်ဖြေကြားနိုင်ခဲ့ခြင်းမရှိဘဲ မေးခွန်းနဲ့ ဆီလျော်မှုမရှိတဲ့ အဖြေတွေကိုသာ တစ်ချိန်လုံးပေးနေတဲ့အပေါ် သတင်းထောက်တွေက ဆူဇီဟာ ပရော်ဖက်ရှင်နယ်တစ်ဦး မပီသကြောင်း ဝေဖန်ခဲ့မှုတွေ ကျယ်ကျယ်လောင်လောင်ပေါ်ထွက်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၉ ရက်မှာတော့ ဆူဇီဟာ သူ့ရဲ့ဒုတိယမြောက် တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်တဲ့ “Faces of Love”နဲ့ ပတ်သက်ပြီး သတင်းထောက်တွေနဲ့ ဆိုးလ်မှာ တွေ့ဆုံခဲ့တာပါ။ ဒီလိုတွေ့ဆုံစဉ်မှာတော့ သတင်းထောက်တွေက ဆူဇီရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး မေးခွန်းတွေ မေးမြန်းခဲ့ကြသလို ပုဂ္ဂိုလ်ရေးဆိုင်ရာ မေးခွန်းတွေပါ မေးမြန်းခဲ့ကြတာဖြစ်ပါတယ်။ ဒီလို တေးအယ်လ်ဘမ်သစ်နဲ့ ကိုယ်ရေးကိုယ်တာမေးခွန်းတွေကို ကြားခဲ့ရချိန်မှာတော့ ဆူဇီဟာ သင့်တော်တဲ့ အဖြေမျိုး မပေးနိုင်တဲ့အပြင် ဆီလျော်မှုမရှိတဲ့အဖြေတွေနဲ့ ပြန်လည်ဖြေကြားခဲ့တာကြောင့် လတ်တလောမှာ အသက်(၂၃)နှစ် အရွယ်ရှိပြီဖြစ်ကာ အနုပညာသက်တမ်း ကိုးနှစ်ခန့်ရှိပြီဖြစ်တဲ့ ကြယ်ပွင့်ဟာ ပရော်ဖက်ရှင်နယ် မပီသကြောင်း သတင်းသမားတွေက ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။

ဆူဇီဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ဘယ်လိုအချစ်တွေကို ပုံဖော်သွားမှာလဲဆိုတဲ့ မေးခွန်းကိုတောင်မှ ကောင်းမွန်စွာ ဖြေကြားနိုင်ခြင်းမရှိခဲ့တာပါ။ ယင်းမေးခွန်းကို ဆူဇီက “၂၅ နှစ်အရွယ်မှာ အချစ်ဆိုတာ”လို့ ပြောကြားပြီး အချိန်အတော်ကြာ တိတ်ဆိတ်နေခဲ့ရင်းက နောက်ဆုံးမှာတော့ တောင်းပန်ပါတယ်ဆိုတဲ့အဖြေကိုသာ ပြန်လည်ပေးကာ မေးခွန်းနဲ့လိုက်ဖက်တဲ့ အဖြေကိုတော့ ဖြေကြားသွားခဲ့ခြင်းမရှိပါဘူး။ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ပြုလုပ်တဲ့ပွဲဖြစ်ပေမယ့် တေးအယ်လ်ဘမ်နဲ့ ပတ်သက်တဲ့မေးခွန်းတွေကိုတောင်မှ ဆူဇီက ဖြေကြားနိုင်ခြင်းမရှိတာပါ။ ဒီအတွက် ဆူဇီဟာ ကြိုတင်ပြင်ဆင်မှုနဲ့ စကားပြောစွမ်းရည် အလွန်ကိုနည်းပါးကြောင်းနဲ့ ကြယ်ပွင့်တစ်ဦးရဲ့ အရည်အချင်းမပြည့်ဝကြောင်း ဝေဖန်ခံခဲ့ရပါတယ်။

ပုဂ္ဂိုလ်ရေးဆိုင်ရာမေးခွန်းဖြစ်တဲ့ မင်းသား လီမင်ဟိုနဲ့ လမ်းခွဲလိုက်ရတဲ့အကြောင်းကို မေးမြန်းခဲ့ရာမှာလည်း ဆူဇီက မရေမရာဆိုခဲ့ပြန်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ တေးဂီတအဖွဲ့ “MissA”ကို ဖျက်သိမ်းလိုက်တဲ့အပေါ် မေးခွန်းမေးခဲ့ရာမှာလည်း ဆူဇီက ဒီလိုအဖွဲ့ဖျက်သိမ်းခဲ့တာဟာ သူ့အတွက်တော့ အခွင့်အရေးတစ်ရပ်ဖြစ်တယ်လို့ ဖြေကြားခဲ့ပါတယ်။

လတ်တလောပြုလုပ်ခဲ့တဲ့ပွဲဟာ ဆူဇီအနေနဲ့ တေးဂီတအဖွဲ့ဖျက်သိမ်းတာတွေ၊ ချစ်သူအဖြစ် အချိန်အတော်ကြာလက်တွဲလာတဲ့ မင်းသား လီမင်ဟိုနဲ့လမ်းခွဲခဲ့တာတွေ စတဲ့ ပရိသတ်တွေကို ရိုက်ခတ်ခဲ့တဲ့ သတင်းတွေ ပေါ်ထွက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် သတင်းထောက်တွေနဲ့ တွေ့ဆုံခဲ့တဲ့ပွဲဖြစ်ပါတယ်။ ဒါ့အပြင် ဒီလိုသတင်းတွေဖြစ်ခဲ့ပြီး သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ပြန်လည်ထုတ်လွှင့်ပြီးနောက် ပြုလုပ်ခဲ့တဲ့ပွဲလည်းဖြစ်ပေမယ့် ဆူဇီရဲ့ ကြိုတင်ပြင်ဆင်မှုအား အလွန်နည်းခဲ့ခြင်းက ပရိသတ်ကို စိတ်ပျက်စေခဲ့ပါတယ်။ အချို့သောပရိသတ်တွေက ဆူဇီဟာ ရုပ်ကလေးလှပေမယ့် အသိပညာ ဗဟုသုတ လုံးဝမရှိသူတစ်ဦးဖြစ်ကြောင်း၊ အချို့ကလည်း သူ့ကို စကားပြောစွမ်းရည်အတွက် လေ့လာစေလိုကြောင်း အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် ဝေဖန်မှုတွေပြုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် စုစည်းသည်**

# ဘောဘုတ်ရဲ့ အကျော်ကြားဆုံးတေးသီချင်းတွေမှာ သီတင်းပတ် ကိုးပတ်ဆက်တိုက် ရပ်တည်နိုင်ခဲ့တဲ့ BTS

တောင်ကိုရီးယားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS” ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “MIC Drop (Steve Aoki Remix)”ဟာ ဘောဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းမှာ ပါဝင်ခဲ့တာ ပြီးခဲ့တဲ့ သီတင်းပတ်မှာဆိုရင်ဖြင့် ကိုးပတ်ဆက်တိုက် နေရာရလာခဲ့ပါပြီ။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ အဆိုပါ တေးသီချင်းဟာ အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ် ၈၄ နေရာမှာ ရပ်တည်နေခဲ့တာဖြစ်ပါတယ်။ ယခင်သီတင်းပတ်တွေမှာတော့ အဆိုပါ တေးသီချင်းဟာ ဇယားရဲ့ ပိုမိုမြင့်တဲ့နေရာတွေမှာ ရောက်ရှိခဲ့တာကိုလည်း တွေ့ရပါတယ်။


“BTS”ဟာ တောင်ကိုရီးယားတေးဂီတအဖွဲ့တွေအနက် ဘောဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်းဇယားမှာ အချိန်အကြာဆုံး ရပ်တည်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့လည်း ဖြစ်ပါတယ်။ ဒါ့အပြင် အဖွဲ့ရဲ့ ယခင်တင်ထားတဲ့ စံချိန်ကို ထပ်မံချိုးဖြတ်နိုင်ဖို့လည်း ကြိုးပမ်းနေတာ ဖြစ်ပါတယ်။ ယင်းတေးဂီတအဖွဲ့ဟာ “Love Yourself”တေး သီချင်းနဲ့ ဘောဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်းစာရင်းမှာ သီတင်းပတ် ၁၆ ပတ်ဆက်တိုက် နေရာရခဲ့ဖူးတာကြောင့် “MIC Drop (Steve Aoki Remix)”ဟာ စံချိန်ဟောင်းကို ချိုးဖြတ်နိုင်မှာလားဆိုတာကိုတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။



# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ခေါင်းဆောင်ကောင်း၁၀၀




သမိုင်းထဲမှ အရေးကြီးပုဂ္ဂိုလ်၁၀၀တို့၏ ဘဝဖြစ်စဉ် သမိုင်းဆိုင်ရာအချက်အလက်ကို စာရေးဆရာမိုးသိမ်း ဘာသာပြန်ဆိုထားသော ခေါင်းဆောင် ၁၀၀ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်အိုင်ရပ်စ်သဂရိတ်သည် ပါရှားဘုရင်ဖြစ်ပြီး ကျယ်ပြောလှသောအင်ပါယာကိုတည်ထောင်ခဲ့သူဖြစ်သည်။ ဘီစီ ၅၅၀တွင် မီဒီယန်အုပ်ချုပ်သူတို့ကိုအနိုင်ရခဲ့ပြီး အက်ဘာတာနာကိုသိမ်းပိုက်ခဲ့သည်။ နောက်ပိုင်းတွင် ပါရှားအင်ပါယာအား ကမ္ဘာပေါ်၌ အင်အားအကြီးမားဆုံး အင်ပါယာအဖြစ် ထူထောင်သည့်အနေဖြင့် သူ၏အာဏာစက်ကို လိုင်ဒီယာနှင့် ဘေဘီလုံအထိ ချဲ့ထွင်ခဲ့သည်။ဆိုင်ရပ်စ်သည် သူ၏လူထုအပေါ်စေတနာကောင်းဖြင့် ပေးကမ်းစွန့်ကြဲတတ်သောကြောင့် လူအများကသဘောကျခြင်းကို ခံခဲ့ရသည်။

ယင်းစာအုပ်သည် သမိုင်းကိုလေ့လာလိုသူများအတွက် လိုရင်း တိုရှင်းကို ဖော်ပြထားသဖြင့် လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၈၃၉၂၈၃၅နှင့် ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။

## ငါက ပွဲကြည့်သမားနှင့် ဓမ္မစာစုများ




မဟာဗောဓိမြိုင်ဆရာတော်ကြီးကို ပူဇော်သောအားဖြင့် စာရေးသူ မြဝင်း(ဒဿန) စီစဉ်ရေးသားသော ငါက ပွဲကြည့်သမားနှင့် ဓမ္မစာစုများစာအုပ် ထွက်ရှိလာသည်။

ဗုဒ္ဓဘာသာဝင် အမည်ခံသူများစွာတို့သည် အပေါ်ယံကြည်ညိုခြင်းသဘော၊ ဝတ်ပြုခြင်းသဘောတွင် သောင်တင်နေကြခြင်း၊ လာဘ်လာဘနှင့် ကိုယ်ကျိုးရှာခြင်းများ၊ အဝိဇ္ဇာနှင့်လောဘ၊ တဏှာနှင့် လာဘ်ရလိုမှုများကြောင့် ဦးဖွဂါထာမန္တန်များအပေါ် တည်မှီနေသော ကိုးကွယ်မှုဖြစ်အောင် ထင်ယောင်ထင်မှား ဖြစ်စေသလို၊ ဝိဇ္ဇာယောင်ဘိုးတော်ယောင်အဆင့်သို့ရောက်အောင် လုပ်ကိုင်နေကြသည်မှာ မြတ်ဗုဒ္ဓ၏မွန်မြတ်လှသော တရားဒေသနာများကို လျစ်လျူရှုသည်နှင့် အတူတူပင်ဖြစ်သည်။ အဆိုပါစာအုပ်သည် ဗုဒ္ဓဘာသာဝင်များအတွက်သာမက ဗုဒ္ဓဘာသာဝင် မဟုတ်သူများအတွက်ပါ မြတ်ဗုဒ္ဓ၏ ဓမ္မအနှစ်များကို ခေတ်အမြင် ခေတ်အသိနှင့် နားလည်ပြီး လူသားများကို လမ်းမှန်ပေါ်သို့ရောက်ရှိစေရန် ပို့ဆောင်ပေးသော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကိုနန်းဒေဝီစာပေ၊ အမှတ် - ၂၀၀(ပထမထပ်)၊ ၃၆ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၃၈၃၀၂၅နှင့် ၀၁ - ၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ်




သဘာဝဘေးအန္တရာယ်သည် မည်သူကမျှကြိုတင်မခန့်မှန်းနိုင်သော်လည်း မဖြစ်ခင်ကပင် ကြိုတင်ကာကွယ်နိုင်စေရန် မနောဖြူ စာတည်းအဖွဲ့က စီစဉ်သည့် ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သဘာဝဘေးအန္တရာယ်များ၊ မိသားစုနှင့်ဆက်သွယ်ရေးကြိုတင်စီစဉ်ထားနည်း၊ အရေးပေါ်ပစ္စည်းအိတ် ပြုလုပ်ထားနည်း၊ ဘေးအန္တရာယ်ကင်းရာအရပ်ဆီသွားနိုင်သောလမ်းကြောင်း၊ မြေငလျင်ဆိုတာဘာလဲနှင့် ဘယ်လိုရင်ဆိုင်ကြမလဲ၊ ဆူနာမီ ရေလှိုင်းအန္တရာယ်၊ မုန်တိုင်းနှင့် မိုးကြိုးအန္တရာယ်ကြိုတင်ကာကွယ်နည်း၊ ရေကြီးနေစဉ်နှင့် ရေလွှမ်းမိုးပြီးနောက်ဆက်တွဲအန္တရာယ်များ၊ မြေပြို၊ တောင်ပြိုခြင်းဖြစ်တော့မည့် လက္ခဏာများ၊ မီးဘေးရှောင်မလောင်ခင်တားဆီးကြ၊ မီးလောင်နေစဉ် ပြုလုပ်သင့်သည်များကို ရုပ်ပုံများနှင့်တကွဖော်ပြထားသည်။

စာအုပ်ကို မနောဖြူစာပေ၊ အမှတ် - ၂၃၅၊ ၃၇ - လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၇၃၂၄၆၉၈၀နှင့် ၀၉ ၇၃၀၄၃၈၇၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့်ဖြန့်ချိသည်။

## A Principle of Myanmar Philosophical Thought




ဒေါက်တာဆန်းထွန်းရေးသားသော မြန်မာဒဿနဆိုင်ရာ အတွေးအခေါ်၏ အခြေခံ A Principle of Myanmar Philosophical Thought စာအုပ်ထွက်ရှိလာသည်။

စာအုပ်သည်ယဉ်ကျေးမှုဒဿနပညာ (Philosophy of Culture) ဘာသာရပ် အခြေပြုရေးသားထားသည်။ ဗုဒ္ဓစာပေယဉ်ကျေးမှုရှိ အဘိဓမ္မာစာပေမှ လေ့လာတွေ့ရှိသော စေတနာ စေတသိက် အခြေပြု၍ ရေးသားထားသည်။ မြန်မာအရပ်သုံးစကားဖြစ်သော စေတနာ စကားလုံးကို ပညာရပ်သုံးအဖြစ် ရေးသားထားသည်။ စေတနာသည် လူ၏အဓိပ္ပာယ်ကို ဖွင့်ဆိုသည်ဟု ယုတ္တိနည်းကျရေးသားထားသည်။ ထို့ပြင် ပျူခေတ်တွင် တွေ့ရသော "အရာရာသည် အကြောင်းတရား အခြေခံဖြစ်လာသည်" ဟု အဓိပ္ပာယ်ရသည့် "ယေဓမ္မာ ဟေတုပ္ပဘဝါ" အား မြန်မာဒဿနဆိုင်ရာ အတွေးအခေါ်၏ အခြေခံအဖြစ် ဖော်ထုတ်ရေးသားထားသည်။ မြန်မာဒဿနသည် ကြောင်းကျိုးတရား အခြေခံထားသည်။ ကြောင်းကျိုးတရား အခြေပြု၍ လူ၏အဓိပ္ပာယ်ကို စေတနာအခြေပြု ဖွင့်ဆိုထားသည့်စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို လှိုင်းသစ်စာပေမှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိထားသည်။

## နှင်းဆီပွင့်ကဲ့သို့လည်း...နှင့်အတွေးရသစာစုများ



လူ့လောကကြီးထဲတွင် လူသားတစ်ဦးအဖြစ်ရောက်လာခွင့်ရရှိခြင်း၊ လူအဖြစ်လူ့ဘဝ၏ ကံကောင်းခြင်း၊ တန်ဖိုးကြီးလှခြင်းဖြစ်ကြောင်း ဒေါက်တာမြင့်သန်း (ညောင်လေးပင်) စီစဉ်သော နှင်းဆီပွင့်ကဲ့သို့လည်း. . . နှင့် အတွေးရသစာစုများ စာအုပ်ထွက်ရှိလာသည်။

လူသားတို့သည် လူ့ဘဝကိုရနေ၊ ရောက်ရှိနေချိန်တွင် ဘဝသံသရာအတွက်၊ လူ့လောကအတွက် အကောင်းဆုံးများကိုဖြစ်အောင် လုပ်နိုင်ကြပြီး လူ့ဘဝသည် အလွန်မာကျောသော သံကိုအလွယ်တကူဖြင့် ဖောက်နိုင်သည်၊ ထိုနည်းတူပင် အလွန်ခိုင်မာသော ကျောက်တုံး၊ ကျောက်စိုင်၊ ကျောက်သားများကိုလည်း အလွယ်တကူပင်ဖောက်ထွင်းနိုင်သည်၊ အင်မတန်ခိုင်မာသည်ထင်ရသည့် လူသားများသည် နှင်းဆီပွင့်ကလေးတစ်ပွင့်ကဲ့သို့ပင် အလွယ်ကလေး၊ အချိန်မရွေးကြွေကျသွားနိုင်သည်။ ကမ္ဘာလောကကြီးတွင် လူသားတို့ရှင်သန်ခွင့်ရနေသည်က အချိန်အကန့်အသတ်နှင့်သာဖြစ်ပြီး နေခွင့်နောက်ပိုင်းတွင် သေခွင့်က အမြဲရှိနေကြောင်းရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် - ၂၉၆၊ ၁/အနော်မာအရှေ့(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၂၂၀၀ ဖြင့် ဖြန့်ချိသည်။

## သိင်္ဂီရခံစားမှု



ရသဆိုသည်မှာ အသိနှင့်ယှဉ်၍ ဖြစ်သောခံစားမှုဖြစ်ကြောင်း စာရေးဆရာလယ်တွင်းသားစောချစ်စီစဉ်ရေးသားသော သိင်္ဂီရခံစားမှု စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်မှာ ရသဆိုင်ရာအကြောင်းအရာများကိုရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်ပြီး အသည်းချင်းထားတော့ အသည်းချင်းထိ၊ အချစ်ကုန်သည်၊ အချစ်လှေကလေး၊ အကြီးအကျယ်သေးငယ်သောသွားအချစ်၊ ယောက်ျားကြောက်သောမိန်းကလေးများ၊ သံယောဇဉ်လေး ကျန်ပါစေ၊ အခုတော့လည်း ဘာမှမဟုတ်ပါလား၊ လှည့်စားတတ်သော နှလုံးသား၊ ကံ့ကော်ပန်းနှင့် ဇာတ်လမ်းများ၊ အချစ်အိမ်ကလေးပျက်သွားပြီ၊ သူ့ချစ်သူ ချစ်ရှာလိမ့်မည်စသည့် အခန်းကဏ္ဍပေါင်း ၂၀ကျော်ပါဝင်သည့် ခံစားမှုရသစာပေများကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို ပန်းမြိုင်လယ်စာပေ၊ အမှတ် - ၅၇(က)၊ ခရေပင်လမ်း၊ ၂ - ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၁ ၆၃၅၂၆၂နှင့် ၀၉ ၅၅၀၁၈၆၉တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## အောင်နိုင်သူပွဲတိုင်းကျော် စာစီစာကုံးများ



စာရေးဆရာ ဦးရဲမြင့် (မြန်မာစာ ကထိက-ငြိမ်း) စီစဉ်ထုတ်ဝေသော အောင်နိုင်သူပွဲတိုင်းကျော် စာစီစာကုံးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ၈တန်း၊ ၉တန်းနှင့် ၁၀တန်း ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာတွင် မမေးမဖြစ်မေးလေ့မေးထရှိသော စာစီစာကုံးများဖြစ်သည့် ကုသိုလ်လည်းရ ဝမ်းလည်းဝ၊ ကိုယ်နှင့်နှိုင်းမရိုင်း၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ တပည့်မကောင်းဆရာ့ခေါင်း၊ တစ်လုတ်စားဖူး သူ့ကျေးဇူး၊ ပညာရဲရင့်ပွဲလယ်တင့်၊ ပညာရွှေအိုးလူမခိုး၊ လိုလျှင်ကြံဆနည်းလမ်းရစသည့် စာစီစာကုံးအပုဒ် ၃၀ကို လေ့လာဖတ်ရှုထားခြင်းအားဖြင့် အတုမြင် အတတ်သင်ဟူသောမြန်မာဆိုရိုးစကားအရ အတန်းတင်စာမေးပွဲတွင် အောင်မြင်ထူးချွန်သော စာစီစာကုံးများကို ကောင်းစွာ ရေးသားဖြေဆိုနိုင်စေရန် ယင်းစာအုပ်က အထောက်အကူပြုနိုင်မည်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## စာပေခရီး လမ်းမကြီးဝယ်



စာရေးဆရာတက္ကသိုလ်မြတ်သူ၏အသက်(၈၆)နှစ် စာရေးသည့်အသက်(၇၂)နှစ်ပြည့်အမှတ်တရ စာပေခရီးလမ်းမကြီးဝယ် စာအုပ်ထွက်ရှိ လာသည်။

အဆိုပါစာအုပ်တွင် စကားပြေနှင့် ကဗျာ၊ ဂုဏ်၊ ရသအလင်္ကာ ခေါင်းစဉ်ဖြင့် ရသစာပေနှင့် စာရေးနည်းအကြောင်း၊ မြန်မာစစ်လျှင် မြန်မာချစ်သည် ခေါင်းစဉ်ဖြင့် မျိုးချစ်စိတ်ဓာတ်နှင့် စာပေ၏ဆက်နွှယ်မှု၊ စာပေညီညွတ်ရေး ဝါဒစုံကြောင့်ဝေး ခေါင်းစဉ်ဖြင့် နိုင်ငံရေးဝါဒစုံကွဲ၍ စာပေလောက မညီမညွတ်ဖြစ်ရသော သမိုင်းကြောင်းများ၊ ဗဟုသုတ စာကဗျာမှရ ခေါင်းစဉ်ဖြင့် ကဗျာ၊ လင်္ကာနှင့် စကားပြေမှရရှိသော သုတအသိများအဖြစ် တက္ကသိုလ်မြတ်သူရေးသားခဲ့သော ကဗျာများ၊ တေးသီချင်းများ၊ ဝတ္ထုတိုများ၊ စာပေဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ သက်ကြီးကန်တော့ခံ စာရေးဆရာကြီးများ၏ အမှတ်တရ ပုံရိပ်များကို ဖော်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို မိုးကျော်စာပေ၊ အမှတ် - ၃၈၅/၃၈၇၊ ရွှေဘုံသာလမ်း၊ ၂၉ - လမ်းကြား၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၀၂၉၅၉၁နှင့် ၀၉ - ၇၃၂၄၅၂၅၇ တို့မှတန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။


MPT
ရွှေသို့လှမ်းနေပြီ မြန်မာပြည်
ချိုသာ
၆ ကျပ်/မိနစ်
၁၅၀၀ ကျပ်
၂၃၅ မိနစ်
*106*1*1#
(၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
"MPT ကြိုးဖုန်းနှင့်
MPT မိုဘိုင်းဖုန်းအားလုံးသို့ ခေါ်ဆိုနိုင်ပါသည်။"
၁ မိနစ် ၆ ကျပ်အတွက် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်မံပေးဆောင်ရန်လိုအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

ကြော်ငြာ

"ဓမ္မဒူတ" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

Hmwe Taunggyi Business Group Travel & Tours Co.,Ltd

သာကီနွယ် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

Hot Line - 01-200952

မြတ်မေတ္တာ ဗုဒ္ဓဂယာ အထူး Promotion

Passport

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ရှုပ်ကြူ

ကိုသန့်ဇင် CAR RENTAL

09-43117680, 09-5059821

Academic Year 2018-2019

YREC (ဖော်ထင်ပညာ)

YANGON ROYAL EDUCATION CENTRE

(မူလတန်း၊ အလယ်တန်း၊ အထက်တန်း)

Hot Line : 09-250174839

ပျူလိုင် အဆင့်မြင့်ဆံပင်ညှပ်ဆိုင်

09-43177563, 09-33363510

အမေ့အိမ် အဆင့်မြင့်ဆံပင်ညှပ်ဆိုင်

20% Discount

50% Discount

KN Air-Con

Ph: 09-400788135, 09-762276128

GW 0973226006, 0973133528, 0973077569

မဟော်

09-5156954, 09-780365890

09-43113406, 09-422163608

## အိတ်ဖွင့်တင်ဒါ(၄/၂၀၁၈)ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ရန်ကုန်ရုံးခွဲရှိ အမှတ်(၈၀)၊ ရန်ကုန်-အင်းစိန်လမ်း အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဌာနပိုင်သိုလှောင်ရုံ (၁၂)လုံးငှားရမ်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၂-၂၀၁၈ ရက်

(ခ) တင်ဒါပိတ်ရက်/အချိန် - ၂၈-၂-၂၀၁၈ ရက် ၁၄း၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို အုပ်ချုပ်ရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၂၀၉၊ ၀၆၇-၄၀၉၁၆၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

## တင်ဒါခေါ်ယူခြင်း

၁။ Myanmar ICT Development Corp.,Ltd. (MICT Park)တွင် စားသောက်ဆိုင် (Food Court) ဖွင့်လှစ်ရန်အတွက် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းမှုကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (သောကြာနေ့) ညနေ ၅း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းရယူနိုင်ပါသည်။

**MICT Park ပင်မဆောင်၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၆၅၂၂၇၂၊ ၀၁-၆၅၂၂၇၃၊ ၀၁-၆၅၂၂၇၄၊**
**ဖက်စ်-၀၁-၆၅၂၂၇၅**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနသို့ ခွဲဝေထောက်ပံ့ပေးနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဝယ်ယူမည့် ပြည်နယ်အရန် ကတ္တရာ(၅၀၀)တန်အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန် - ၁-၂-၂၀၁၈ ရက်၊ ၉း၃၀ နာရီ

(ခ) တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် - ၁၄-၂-၂၀၁၈ရက်၊ ၁၆း၃၀ နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးရက်/အချိန် - ၁၅-၂-၂၀၁၈ ရက်၊ ၁၆း၃၀ နာရီ

(ဃ) တင်ဒါ/တင်သွင်းစိစစ် ရွေးချယ်မည့်နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၊ တောင်ကြီးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်း (၀၈၁-၂၁၂၃၉၁၅) တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

**FORWARD** 09259259180~1~2

- ဖွားကော်(၂)ညအိပ် ကျိုက်ထီး နဂါးရွာ ... (၄)ရက်
- ပုဂံ ညောင်ဦး ပုပ္ပါး ... (၃)ရက်
- မန္တလေး စစ်ကိုင်း မုံရွာ အင်းဝ ... (၄)ရက်
- တောင်ကြီး ... (၄)ရက်
- မြဝတီ မဲဆောက် ... (၃)ရက်
- မြိတ်ကော်သောင်း ... (၃)ရက်

**ကားစီးလုံးငှားသည်။**

AC-Express(45,33,25), Hice (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II

Ph: 09-252522200, 09-33345545, 09-5089800

**Myanmar Culture Land** Travels & Tours

**Modern Myanmar** 09450047016,09253540004

Feb-2,9,16,23,28

**ရှေးဦး** 09421073634

Feb-2,9,16,23,28

| | |
|---|---|
| မြဝတီ၊ မဲဆောက်၊ ဘားအံ Hotel | 70000 / 95000 |
| | (40000) |
| | (60000) |
| | (12000) |
| Hotel | (20000) |

**ရွှေလင်ပိုင်** ၏ ခရီးစဉ်များ Feb 2,9,10,16,23,28

| | |
|---|---|
| | 40000 |
| | 45000 |
| | 45000 |
| | 55000 |
| | 90000 |
| | 65000 |
| | 120000 |

**NEW MOTION** Travels & Tours

| | | | |
|---|---|---|---|
| ပုဂံ ခရီးစဉ် | Feb;28, Mar;23 | မြိတ်ခရီးစဉ် | Mar;1, 24 |
| ရှမ်း ခရီးစဉ် | Feb;28, Mar;23 | မြဝတီ - မဲဆောက်ခရီးစဉ် | Feb;28, Mar;23 |
| မန္တလေး ခရီးစဉ် | Feb;28, Mar;23 | ကလော - လွိုင်ကော်ခရီးစဉ် | Feb;28, Mar;23 |
| တောင်ကြီးခရီးစဉ် | Feb;28, Mar;23 | ထားဝယ် - မော်လမြိုင်ခရီးစဉ် | Feb;28, Mar;23 |

Ph ; 09 73148922, 09 260792878, 01 527 922, 01 538 811

**Ever Clean Travel & Tour**

| | |
|---|---|
| ... | (၃ည ၄ရက်) Feb-9, 28 |
| ကလော(Trekking) ... | (၃ည ၄ရက်) Feb-9, 28 |
| ... | (၃ည ၄ရက်) Feb-9, 28 |
| ပုဂံ ... | (၃ည ၄ရက်) Jan-26, Feb-9, 28 |
| မန္တလေး-စစ်ကိုင်း-မုံရွာ ... | (၃ည ၄ရက်) Feb-9, 28 |
| ထားဝယ် ... | (၃ည ၄ရက်) Feb-28 |
| မြဝတီ-မဲဆောက် | (၃ည ၄ရက်) Feb-9, 28 |

09-33886666, 09-795185522

**21 AD @ BILLBOARD ADVERTISING**

☎ 377093 09 73043672 09 73200189 0973200201

**ထိပ်တန်း**

အိမ်ခြံ / အိမ်ရှာဖွေမှု

မြေကွက် / နယ်ငလ

09-254256969

09-971322259

**ရောင်း/ငှား (သို့) Condo နဲ့လဲမည်**

(ဂုတ်ဖြို) မျက်နှာစာ 70'×53'

ဆက်သွယ်ရန် - 09 5112830, 09 5169505

**၂၀၁၇-ခုနှစ် မလေးရှားအစိုးရ အဆင့်မြင့်ပညာရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့် "5-Star 2017" Excellent Award ရ ကြယ်ငါးပွင့်အဆင့် တက္ကသိုလ်ကြီးဖြစ်သည့် Lincoln University College မှ တိုက်ရိုက်ချီးမြှင့်ပေးအပ်မည့်...**



# Ph.D (Batch-3) MBA (Batch-14, Batch-15)

**Why Should Join Lincoln University College?**

- 5-Star 2017 Excellent Award ရရှိထားခြင်း
- Globalization of Education
- Knowledge Enrichment
- Diverse Opportunities
- Affordability
- Quality Education
- Flexible Payment
- Credit Transfer (UK, US, Canada, Australia, New Zealand & Europe)
- Global Education ...

Scholarship USD 1000 ...

@ Myanmar Campus

RIVER SAMON INSTITUTE OF MANAGEMENT

Website : http://www.lincoln.edu.my/

Enroll Now! for FEB & MAR 2018 Intake

Distributed By URANUS

# mnz®

အကောင်းဆုံး နံပါတ် (၁) ငွေရေစက် MNZ နှင့် လုံခြုံစိတ်ချရမည့် MNZ မီးခံသေတ္တာ

## DOUBLE DISCOUNT

1 - 9 , 2018 FEBRUARY

01 860 3121, 09 320 70000

/mnz.safes





**ဆရာဝန်တစ်ယောက်ဖြစ်ဖို့ မှန်ကန်သောပညာရေးလမ်းကြောင်းကို ရွေးချယ်ကြပါစို့**

**IMU** INTERNATIONAL MEDICAL UNIVERSITY MALAYSIA

Malaysia's First and Most Established Private Medical and Health Sciences University

**SPEAKER:**

Dr James Walsh
Head, Centre of Pre-University Studies
International Medical University

Venue:
Sule Shangri-La Hotel (Bago Room)

Date & Time:
3rd February 2018 (Saturday)
1pm - 5pm

O-Level ... TALK !

Partner Universities

For more information, contact our representative in Myanmar
Jenko Education (Education Malaysia Global Assist Centre)
09-5062891, 09-253086202 international@imu.edu.my www.imu.edu.my

ကြော်ငြာ


**ခရီးစိပ်မင်း** 09-444450446, 09-444450558, 09-250144709

Feb 2, 9, 16, 23, 28, Mar 1, 2, 16, 23, 30

**ကမ္ဘာကျော်** 09-422228733, 09-422228953

**မိုးမြင့်ကြယ်**

မွေစက်တော် ၄၅၀၀၀

ကျိုက်ထီးရိုး ၃၃၀၀၀

ရွှေစည်းခုံ ၃၃၀၀၀ / ၄၀၀၀၀

ရွှေဆောင် ၅၀၀၀၀ / ၃၅၀၀၀

09-5093704, 01-549380, 09-450012971

**သန်းငွေနှင့်ရောင်းရင်းများ**

Feb 2, 9, 16, 23, 28 / Mar 9, 16, 23, 30

Ph: 09-380041, 09-243863, 09-43043109, 09-73251422

**GOLDEN LIGHT** 0943197550, 421099405, 252225772

**ကိုကျော်နိုင်**

CAR RENTAL

ALPHARD, HIACE

09 25 358 2510

09 515 8803

**ရွှေမြင့်မိုရ်**

အိမ်ခြံမြေ/အိမ်ရှေ့လုပ်ငန်း

မြို့တွင်း/နယ်ပေး

Ph: 09-450093119, 09-263119919, 09-777565619

**သိန်းသန်းဆင့်**

အိမ်ခြံမြေ/အိမ်ရှေ့လုပ်ငန်း

မြို့တွင်း/နယ်ပေး

09-440390558

09-784109116

**မြတ်စေမေတ်ထင်ပွဲတော်**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

(25'x50')-(80)သိန်း၊ (25'x60')-(110)သိန်း၊ (40'x60')-(150)သိန်း၊

Ph: 09-252278945, 09-799716395


## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထွက်ရှိသည့် အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်း(၂)မျိုး၊ ဒီဇယ်ဆီနှင့် ဓာတ်ဆီတို့အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဒီဇယ်ဆီ (၁၀၀၀၀၀၀)ဂါလန် (ဂါလန်တစ်သန်းတိတိ)

(ခ) ဓာတ်ဆီ (၁၀၀၀၀၀၀)ဂါလန် (ဂါလန်တစ်သန်းတိတိ)

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၂-၂၀၁၈ရက်မှ ၉-၂-၂၀၁၈ရက် အထိ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရန်ကုန်ရုံး)၊ ရုံးအမှတ်(၇-က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊အချိန်နှင့်နေရာ - ၉-၂-၂၀၁၈ရက်(သောကြာနေ့)၊ ၁၃း၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၉-၂-၂၀၁၈ရက်(သောကြာနေ့)၊ ၁၄း၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ နှင့် ၀၆၇-၃၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**


အင်္ဂလိပ်စာဘာသာရပ်မှာ ..... အမှတ်များလိုသူများ အတွက်

**ဂုဏ်ထူး ဦးအောင်ခိုင်**

2018 English Question 5 Sets

၂၀၁၈ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

01 252 919, 09 964 252 919

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

**ပညာနန်းတော်**

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း၊ အဆူးအဆင့်မြင့်ဘော်ဒါ

၂၀၁၈ - ၁၉ ပညာသင်နှစ်အတွက်

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

All-D များ TOP TEN များ

VIP-1

pnndschool

Tel : 01-577 605, 09 782 216 338

**MOE THAUK PAN ACADEMIC CENTER**
**SUMMER ENGLISH COURSE**

Commering Date : 7.3.18

Conclusion Date : 27.5.18

Time : Monday to Friday

9:00 to 3:00

* Ferry available *

No(2), Thumingalar Street, Thingangyun Township, Yangon.

Ph : 01-571545, 09-43122883, 09-765126882,

**LCCI - EDI (UK)**

LCCI Level 1+2+3

AutoCount Computerised Accounting

2018 June Series(February)

09-5118647-73009869-73013432-73028433




သဉ္ဇာသန္တာနိုင်

တက္ကသိုလ်ဝင်တန်း၊ TopTen နှင့်ဘာသာစုံဂုဏ်ထူးရှင်များ ထွက်ရှိရာ...

ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၁

ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၂

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်

ကျောင်းအပ် လက်ခံပါပြီ

မြို့အပ်ခြင်း၊ ခြင် သေချာမှုကို ရယူပါ

TOP TEN

TOP TEN

အဆင့်မြင့် ဘော်ဒါ

KG မှ တက္ကသိုလ်ဝင်တန်းအထိ

FORWARD တာသင်ဝိုင်း

ကျောင်း (၄) ဘော်ဒါ (၄) တာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939

KMD Institute

နိုင်ငံတကာအသည်းအသေချ ISO 9001:2008 လက်မှတ်ရ

ဆရာဦးသန့်ဇော်ဦးကိုယ်တိုင်သင်ကြားသော

LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)

- Level 1 & 2 Book Keeping and accounts Course ကိုသင်ကြားပေးပါမည်။
- မေးခွန်းဟောင်းများကို အခြေခံပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တစ်ချိန်တည်းသင်ကြားပေးပါမည်။
- Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး အလုပ်သင် စာရင်းကိုင်အဖြစ် အတွေ့အကြုံပြည့်စုံပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။

KMD မှ MYOB ကျောင်းသား ကျောင်းသူများအတွက် LCCI သင်တန်းအပ်နှံပါက... 20% Discount

LCCI - I, II July Exam Series

6 - February - 2018

11:00 am - 5:00 pm (Tue Only)

မြေနီကုန်းစင်တာ ၃၃၃၊ ပြည်လမ်း၊ မဟာမြိုင်ကားမှတ်တိုင်အနီး ☎ ၅၂၇၄၃၆၊ ၅၀၂၂၇၇

"ရွှေစည်"

လူမမာရှိ ညှိနှိုင်းရွေးချယ် ဝန်ဆောင်မှုပေးသည်။

09-73122029, 09-795669534

atmifurÇtdcbjra&mif;D , f&;

ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း

အိမ်ရောက် ငွေချေပေးသည်။ ပွဲခမလို။

ဖုန်း-၀၉-၄၃၁၁၈၂၀၀၊ ၄၅၀၀၉၆၁၄၄၊ ၄၅၀၀၉၆၁၅၅

ရောင်းမည်

ဆေးရုံသုံးကုတင်

သတိုးအောင်ဝေယျမှ

ရောင်းပါမည်။

၀၉-၄၅၂၀၂၂၂၅

၀၉-၅၀၇၁၇၇၉

Facebook:hospitalbed-ttary

ရောင်းမည်

ပြည်လမ်းအနီး၊ ဂျပန်လမ်းဂုတ်

မြေ(၇၀ × ၁၀၀)၊ အိမ်(၄၅ × ၆၅)

၄ထပ်ခွဲ RC၊ 4MBR၊ Office 2 Floors၊

29 AC၊ Fully Furniture၊ အဆင့်မြင့်မြင့်ဆင်ပြီး

(တစ်လသိန်း ၇၀ ငှားခ ဝင်ငွေရှိသည်။)

Ph:09 961118777, 09 426252694

New Zealand ASEAN Scholarships 2018 selection round

NEW ZEALAND SCHOLARSHIPS




| | | |
|---|---|---|
| SCHOLARSHIP SEMINARS | 2nd Feb @ Naypyidaw | 10th Feb @ Yangon |
| 14th Feb @ Mawlamyaing | 17th Feb @ Taungyi | 24th Feb @ Mandalay |

For details information about the seminars please follow our Facebook page "New Zealand Scholarships Centre-Myanmar"

www.mfat.govt.nz/scholarships

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက် ဒါယကာကြီး
## ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း) (၈၃)နှစ်

မော်လမြိုင်မြို့နေ (ဦးဘမှန်-ဒေါ်နှင်းရွှေ)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးအောင်စစ်-ဒေါ်မေကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သဇင်မြိုင်လမ်း၊ အမှတ်(၃)နေ (ဒေါ်နီနီတင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်မောင်လွင်-ဒေါက်တာခင်ခင်ဌေး (FAME Pharmaceuticals)၊ ဗိုလ်ကြီးမင်းဇော်ဦး(ငြိမ်း)-ဒေါ်ဥမ္မာတင် (SUPER CROWN Plastic)တို့၏ ချစ်လှစွာသောဖခင်၊ မထက်ထက်အောင်၊ မောင်စိုးထက်အောင်၊ မမဥ္ဇူဝင်း၊ မမြတ်သီရိအောင်တို့၏ချစ်လှစွာအဘိုး ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၀-၁-၂၀၁၈ (အင်္ဂါနေ့) ည ၉း၄၀ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၈(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကြင်လွှမ်(ရေးမြို့)
### အသက်(၈၅)နှစ်

အမှတ်(၃)၊ ဒေသကောလိပ်၊ ရန်ကုန်တက္ကသိုလ်ကြည့်မြင်တိုင်နယ်မြေ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးရှာဖွေရေးအဖွဲ့ဝင် ကိုဝင်းမြင့်သန်း-မဖြူဖြူဦး တို့၏ ချစ်လှစွာသောမိခင်ကြီး သည် ၂၈-၁-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအကြိမ်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**R.C.3 (AA)**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက် ဒါယကာကြီး
### ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း) (၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ ခြံအမှတ်(၃)နေ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၀-၁-၂၀၁၈ ရက် ည ၉း၄၀ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်လှမြင့်-ဒေါ်ဆွေဆွေ**
**လုံခြုံရေးနှင့် ဆိုင်သောပုံနှိပ်လုပ်ငန်းများတပ်ဖွဲ့**
**အရာရှိ၊ စစ်သည်၊ ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက် ဒါယကာကြီး
### ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ ခြံအမှတ်(၃)နေ လုံခြုံရေးနှင့် ဆိုင်သောပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၀-၁-၂၀၁၈ရက် ည ၉း၄၀ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးကျော်ကျော်နိုင်-ဒေါ်ကြူကြူနိုင်**
**လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများစက်ရုံ**
**အရာရှိ၊ စစ်သည်၊ ဝန်ထမ်းမိသားစုများ**

## အထူးကြေကွဲဝမ်းနည်းခြင်း
### ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း) B.Sc(Engg)
### အသက်(၈၃)နှစ်

ချစ်ခင်၊ မြတ်နိုး၊ လေးစား အားထားရပါသော ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း) B.Sc (Engg) ကွယ်လွန်သွားခြင်းအတွက် ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးများက အထူးကြေကွဲ ဝမ်းနည်းနှမြောမိပါသည်။

**တက္ကသိုလ်စိန်တင်၊ စိမ့်(ပညာရေး)**
**နှစ်ဖက်သော ဆွေမျိုးညီအစ်ကိုမောင်နှမများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)
### ဝန်ကြီး(ငြိမ်း)
### (ဘဏ္ဍာအခွန်) (ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း)
### အသက် (၈၃)နှစ်

ဝါဇီဝန်ထမ်းဟောင်းများ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၀-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝါဇီဝန်ထမ်းဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီဦးသိန်းဇံ(ခ)ဦးဘိုနီ LL.B
### အသက်(၆၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ စန္ဒာသီရိတိုက်နေ (ဆရာကြီး ဦးမောင်ကလေး-ဒေါ်ခါတွန်)၊ (ဦးဘချစ်-ဒေါ်စိန်နက်)တို့၏မြေး၊ ဟာဂျီဦးအေးလွင် (Counselor The Diplomatic School)-ဟာဂျီမဒေါ်စန်းစန်းတင့် (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)တို့၏ ညီ/မောင်သည် ၂၆-၁-၂၀၁၈ (သောကြာနေ့) နံနက် ၂း၀၁နာရီတွင် ဗိုလ်ဆွန်ပက်လမ်း နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာနှင်းအေးကိုနှင့် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်း**

ဘုရား၊ ရဟန်း၊ ဒါယကာကြီး
## လင်ချင်ချောင်း(ခ)ဦးမြ (၉၅)နှစ်
### ဦးမြ (နာရီဆိုင်)

ပြည်မြို့၊ ဆွေးနွေးဘုရားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အမှတ်(၆၈၈)နေ ဦးခင်မောင်ဦး-ဒေါ်ဝါဝါစိန်၊ ဦးခင်မောင်လတ်-(ဒေါ်နီနီအောင်)၊ ဦးခင်မောင်ဝင်း-ဒေါ်စန္ဒာ၊ ဦးခင်မောင်ဇော်-ဒေါ်သီတာ၊ ဦးဝင်းတင်-ဒေါ်ခင်အုန်းမြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါက်တာစန္ဒာဦး၊ ဒေါက်တာခင်မြတ်မွန်၊ ဒေါက်တာမျိုးကိုကို၊ ဒေါက်တာခင်သီရိပိုင်၊ မောင်အောင်ပိုင်ဖြိုး၊ ဒေါက်တာဖြူဇင်သန့်၊ မရှင်းသန့်(ဆေး-၁)၊ ဒေါက်တာတင်အေးဝင်း၊ ဒေါက်တာမင်းသိန်းကျော်၊ မောင်ကျော်ဆွေဟန်(ဆေး-၁)၊ မမေမြတ်နိုးထက်၊ မောင်ညဏ်ဘုန်းဝင်း(အထက-၁၊ ဒဂုံ)၊ မောင်ရဲခိုင်ဝင်း(PISM)တို့၏ ချစ်လှစွာသောအဘိုးသည် ၃၁-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် အေးငြိမ်းရာသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## အရာခံဗိုလ် ဦးစိန်မောင်(ငြိမ်း) (၇၆)နှစ်

ရေစကြိုမြို့နေ (ဦးဖိုးတင်-ဒေါ်ဖွားသိုက်)တို့၏ သား၊ (ဦးထွန်းမြင့်-ဒေါ်ငွေအေး)တို့၏ သားသမက်၊ ရေစကြိုမြို့နေ (ဒေါ်ခင်တင့်)၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးရွှေသာအောင်(ငြိမ်း)-ဒေါ်အေးအေးတင့်၊ ဒုအရာခံဗိုလ်ဦးငွေအောင်-ဒေါ်အေးအေးမြင့်(ကကအင်)၊ ဦးမင်းစိန်ဦး(လ-ဝ-က)၊ ဦးလင်းစိန်လတ်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အမှတ်(၇၉၃)၊ မြဝတီမင်းကြီး(၁)လမ်း၊(၁၆)ရပ်ကွက်၊ရွှေပေါက်ကံမြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### အုပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း) ရှမ်းဗဟာဒူး(ခ)ဦးကျော်ဆန်း
### တပ်မတော်(လေ)
### အသက်(၈၉)နှစ်

နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်ဘောလုံးသမားဟောင်း တပ်မတော်(လေ) နည်းပြဟောင်း- ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့ဆိုသည့် နည်းပြဆရာထဲမှာ မပါဝင်သော ဆရာရှမ်းသည် ၂၈-၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်မတော်(လေ) ဘောလုံးသမားဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ထွန်းမေ [ကျန်းမာရေးဆရာမ-LHV-ငြိမ်း]
### အသက် (၈၅)နှစ်

မန္တလေးမြို့၊ ဟေမာဇလရပ်၊ (၂၈)လမ်းနေ ဗိုလ်မှူးကြီး ဇော်ဝင်းနိုင်(ငြိမ်း)-ဒေါ်သီဂီ(အမရာမဒီပိုးထည်တိုက်)တို့၏ မွေးသမိခင်သည် ၃၀-၁-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

# ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ရင် (၈၅)နှစ်
### ဆင်မြီးဆွဲမြို့-သဲကုန်းမြို့နယ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမင်းခိုင်-ဒေါ်ဖြူနှင်းအေးတို့၏ ဖခင်ကြီး၊ မဆုရတီမင်း၏ အဘိုးသည် ၂၆-၁-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဝန်ထမ်းများမိသားစု**
**IPG Public Co.,Ltd.**
**IGE Group**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဘိုဘိုမင်းသိုက်
### အသက်(၃၇)နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး
### (ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုမင်းသိုက်သည် ၃၀-၁-၂၀၁၈ ရက်နေ့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မြင့်**
**ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းမိသားစုများ**

နာရေး

## ဦးဝမ်ရှင် (၇၈)နှစ်
### ဌာနစုမှူး (ငြိမ်း) ဗဟိုသုတေသန

ရန်ကုန်မြို့နေ (ဦးစံရှင်-ဒေါ်မြကျင်)တို့၏ သား၊ (ဦးမောင်ခင်-ဒေါ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ (၃)လမ်း၊ အမှတ်(၁၀၁-က)နေ (ဒေါ်မာဂရက်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ထွန်းသက်-မရည်လွင်အောင်၊ မလှမြတ်သူ(UPT)၊ ကိုဝင်းထွန်းနိုင်-မနှင်းရည်ဝင်း၊ ကိုဇော်မင်း(အဆင့်မြင့်ပညာဦးစီးဌာန)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃၁-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၈ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ညို
### အသက်(၇၃)နှစ်

မန္တလေးမြို့နေ (ဦးရွှေ-ဒေါ်အုန်းစီ)တို့၏သား၊ တောင်ငူမြို့နေ (ဦးညွန့်မောင်-ဒေါ်သိန်းမြင့်)တို့၏ သားသမက်၊ ဒေါ်ညိုညိုမှာ(ခ) Peggy Nyunt Mg ၏ခင်ပွန်း၊ ဦးသီဟ-ဒေါ်ဖြူနှင်းစု ၊ ဦးပြည့်စုံ-Mrs.Yagi Akko တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၃၀-၁-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် (၁၁၈) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၈ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းသိန်းနိုင်(ထားဝယ်)
### အသက်(၇၃)နှစ်

ကရင်ပြည်နယ်၊ ဇာသပြင်ရွာနေ (ဦးကွန်ဘ-ဒေါ်စောဝင်း)တို့၏ သမီးချွေးမ၊ ထားဝယ်မြို့နေ (ဦးမောင်ရှိန်-ဒေါ်နှင်းလှ)တို့၏ သမီး၊ (ဦးဌေးလှိုင်-ဒေါ်ခင်ကြည်)၊ (ဦးမျိုးမြင့်-ဒေါ်အေးသိန်း)တို့၏ ညီမ၊ ဦးအောင်ဝင်း-(ဒေါ်ကြည်ရွှေ)၊ ဒေါ်ခင်စောဝင်း၊ ဒေါ်သန်းချို၊ ဒေါ်ခင်ခင်မြ၊ ဒေါ်လှဲ့လှဲ့ချိုတို့၏ အစ်မကြီး၊ ဦးစိန်မြ၏ ချစ်လှစွာသောဇနီး၊ (ဦးထွန်းထွန်း)-ဒေါ်တင်တင်ခိုင်၊ (ဦးအောင်အောင်)-ဒေါ်သဇင်ဦး၊ ဦးလှမင်း(မြန်မာ့မီးရထား)တို့၏ မွေးသမိခင်သည် ၃၁-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် တိုက်(၃၉)၊ အခန်း(၁)၊ ဒုတိယထပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ကျော်(ခ)ကျော်ကျော်
### (TTC ကျောင်းသူဟောင်း)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ်(၆)လမ်း၊ အမှတ်(၈)နေ (ဦးအုန်း-ဒေါ်သန်းမေ)တို့၏ သမီး၊ ဦးစိန်ဝင်း၊ (ဦးခင်ဇော်)၊ ဦးအောင်မြိုင်တို့၏ ညီမ၊ ဒေါ်အမာလေး၊ (ဦးဘိုးပါ)-ဒေါ်ပိုပိုခင်၊ (ဦးဖိုးတာ)တို့၏ အစ်မ၊ ဒေါ်သဲစုနွယ်၊ မောင်ထင်ရှားအောင်ဇော်-မဇာလီနွယ်တို့၏ကြီးကြီး ဒေါ်ခင်ကျော်(ခ)ကျော်ကျော်သည် ၃၁-၁-၂၀၁၈ ရက် နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန်
### အသက်(၈၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးချိုကုန်းကျေးရွာနေ အရာခံဗိုလ်အုန်းလွင်(ငြိမ်း)၏ ဇနီး၊ ဒေါ်ချိုချိုပြုံး၊ ဗိုလ်ကြီးခင်မောင်လွင်-(ငြိမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ လက်ထောက်အထွေထွေမန်နေဂျာ)-ဒေါ်တင်တင်နွယ် (အလယ်တန်းပြ)၊ ဒေါ်ခင်စန်းရီ(အလယ်တန်းပြ)၊ တကက/စရ ကျော်မွေး-ဒေါ်ခင်စန်းကြည်၊ ဦးတင်မောင်ကြည်-ဒေါ်ချောအိခိုင် (အလယ်တန်း-ပြ)၊ ဦးတင်မောင်စိုး၊ ဗိုလ်မှူးနေလင်းအောင်-ဒေါ်စိမ်းမြသက်တို့၏ မိခင်သည် ၃၁-၁-၂၀၁၈ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ဇီးချိုကုန်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦး အသက်(၈၀)
### ကျန်းမာရေးမှူး (ငြိမ်း)

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ (၃)ရပ်ကွက်နေ ဒေါ်ခင်စန်း၏ ခင်ပွန်း၊ သားသမီးသုံးယောက်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၁-၂၀၁၈ ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် မတ္တရာမြို့၊ ရှေးဟောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၈ (စနေနေ့)တွင် မတ္တရာမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဇင်အောင်(ငြိမ်း) (၇၈)နှစ်
### ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး
### မြောက်ပိုင်းခရိုင်ဦးစီးအရာရှိ
### ကြည်း-၁၀၄၅၄
### O.T.S (၃၁)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း(အောက်)၊ အမှတ်(၅၆)နေ ဦးလှမောင်-ဒေါ်ဖွားစိန်တို့၏သား၊ ဦးထွန်းရင်-ဒေါ်ခင်မေတို့၏သားသမက်၊ (ဒေါ်မြကြည်)၏ခင်ပွန်း၊ ဦးတင့်ဇော်(အင်းဝဘဏ်လီမိတက်)-ဒေါ်လှဲ့လှဲ့ဇင်(အင်းဝဘဏ်လီမိတက်)၊ ကိုသက်ဇင်အောင်-မလင်းလင်းထွေး၊ ကိုရဲဇင်-မအိရွှေစင်ဝင်း၊ မခက်ခက်ဇင်၊ မနှင်းနုယဉ်၊ မနှင်းယုလွင်(မြဝတီဘဏ်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မသဥ္ဇာဆုလှိုင်(အထက-၂၊ လသာ)၊ မောင်ကောင်းခန့်စည်သူ (အထက-၁၊ ဒဂုံ)တို့၏အဘိုးသည် ၃၀-၁-၂၀၁၈(အင်္ဂါနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၈ (တနင်္လာနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဆန်းမောင် (၇၄)နှစ်
### အင်/ယာ(စ)မြို့ပြ (ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဦးစိန်မှို-ဒေါ်ငွေချိန်)တို့၏ သား၊ အမေရိကန်နိုင်ငံနယူးယောက်မြို့နေ ဒေါ်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်ကျော်ဝင်း-မမြင့်မြင့်မော်၊ Mr.Laurent Casting-မဇင်မာမြင့်၊ ကိုထွန်းထွန်းဦး-မနှင်းမြမြမိုး၊ ကိုနန္ဒကျော်-မကေသွယ်ထိုက်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၇-၁-၂၀၁၈ (စနေနေ့) ည ၉ နာရီ(နယူးယောက်စံတော်ချိန်)တွင် နယူးယောက်မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းဆွေ
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ(၄)လမ်း၊ အမှတ်(၁၁၁၇)နေ (ဦးမောင်မောင်-ဒေါ်နုရီ)တို့၏သား၊ [ဦးစန်းမောင်(နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)]-ဒေါ်ခင်မြတို့၏သားသမက်၊ ဦးကျော်ဦး-ဒေါ်တင်တင်အုန်း(လွင်မဆလာ)တို့၏မောင်၊ ဒေါ်ထားထားတင့်၊ (ဦးစိုးလှ)-ဒေါ်ခင်ဖြူ (ဦးဇော်ဝင်းမြင့်)တို့၏အစ်ကို၊ မယမင်းဆွေ၊ (ကိုဝဏ္ဏဆွေ)၊ ကိုဇော်မင်းလတ် (YCDC)-မစုပိုက်ဌေး(ကညန)၊ ကိုနေလင်းတို့၏ဖခင်၊ ဒေါ်ဌေးဌေးချို၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁-၂၀၁၈ (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းလိုပါသဖြင့် ၅-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းရှိန် (၆၄)နှစ်
### သ/မ ဦးစီးဌာန(ငြိမ်း)
### (ကျောက်ဖြူမြို့)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၂၁)၊ ဒုတိယထပ်နေ (ဦးစောကံဆင့်-ဒေါ်အေးချမ်းဖြူ)တို့၏သား၊ ဒေါ်ခင်သန်းရီ၏ခင်ပွန်း၊ ဗိုလ်ကြီးကြည်သန်းဇော်-ဒေါ်အိအိစိုး၊ ကိုမျိုးဇော်တို့၏ မွေးသဖခင်၊ မောင်မြတ်ကောင်းသန့်၏အဘိုး ဦးဝင်းရှိန်သည် ၃၁-၁-၂၀၁၈ရက် နံနက် ၉း၁၅နာရီတွင် အမှတ်(၁)၊ တပ်မတော်ဆေးရုံ(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်လွင် (၆၁)နှစ်
### ရွှေလင်းဟန်ကုမ္ပဏီ (M.D)

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၁၅)၊ အခန်း(၄၀၁)၊ (၅)လမ်း၊ (A) Block နေ ဦးတင်ထွန်း-ဒေါ်ကျင်ရှိန်တို့၏ ချစ်လှစွာသောသား၊ ဒေါ်ရင်ရင်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသစ်လွင်-ဒေါ်မြင့်မြင့်သန်း၊ ရဲမှူးချုပ် သူရစန်းလွင်-ဒေါ်မာလာကျော်၊ ဦးစိုးလွင်-ဒေါ်ခင်လေး၊ ဦးလင်းဌေး-ဒေါ်လွင်လွင်မော်တို့၏ညီ၊ ဦးညီညီလွင်၏အစ်ကို၊ မောင်ဇာနည်ထွန်း-မဆုနန္ဒာလွင်၊ မောင်ဟိန်းထက်နိုင်၊ မဆုစန္ဒာထွန်းတို့၏ ချစ်လှစွာသောဖခင်သည် ၃၀-၁-၂၀၁၈ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၈ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# လအပြည့်ကြတ်မှုကို မြန်မာတစ်နိုင်ငံလုံး ထူးကဲစွာမြင်တွေ့ရ





**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်နေ့ (ဇန်နဝါရီ ၃၁ ရက်)တွင် ညနေမိုးချုပ် နေဝင်ပြီးသည်နှင့် လထွက်လာသောအခါ ကြိုတင်အသိပေးထားသော လကြတ်မှုဖြစ်စဉ်ကို မြန်မာတစ်နိုင်ငံလုံး စတင်မြင်တွေ့ကြရကြောင်း သိရသည်။

ယနေ့ည လစထွက်ပြီးနောက် ညနေ ၆ နာရီ ၁၈ မိနစ်တွင် လကြတ်စပြုပြီး ည ၇ နာရီ ၅၉ မိနစ်တွင် လအပြည့်ကြတ်ခြင်း ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ည ၉ နာရီ ၁၁ မိနစ်တွင် လကြတ်ခြင်းပြီးဆုံးသွားသည်။ ယနေ့ လကြတ်မှုဖြစ်စဉ်ကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင် ရန်ကုန်မြို့နေပြည်သူများက လာရောက်ကြည့်ရှုကြပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများကလည်း မိမိတို့နေထိုင်ရာ နေရပ်အသီးသီးမှ ကြည့်ရှုခဲ့ကြသည်။ ယခုလကြတ်မှုဖြစ်စဉ်သည် နှစ်ပေါင်း ၁၅၂ နှစ်ကြာမှ တစ်ကြိမ်ဖြစ်သည့် ကြုံတောင့်ကြုံခဲဖြစ်စဉ်တစ်ခုဖြစ်သည်။ ထိုသို့ လကြတ်မှုသည် ၁၈၆၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင်လည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်ခဲ့သည်။ လကြတ်မှုဖြစ်စဉ်တွင် Blue moon, Super moon, Blood moon အဆင့်ဆင့် ဖြစ်ပေါ်ခဲ့သည်။

လကြတ်ခြင်းမှာ နေ၊ ကမ္ဘာ၊ လတို့ တစ်တန်းတည်း တိတိပပ ကျရောက်သော အချိန်တွင် လအပြည့်ကြတ်ခြင်းဖြစ်စဉ် ဖြစ်ပေါ်သည်။ လကြတ်ခြင်းကို မြန်မာတစ်နိုင်ငံလုံး မြင်တွေ့ခဲ့ကြရပြီး အခြားနိုင်ငံများကလည်း မြင်တွေ့ခဲ့ကြကြောင်းနှင့် လကြတ်ခြင်းဖြစ်စဉ် အသေးစိတ်ကို အာကာသသိပ္ပံ နာဆာက အသေးစိတ်မှတ်တမ်းတင်ထားကြောင်း သိရသည်။

**သတင်း-ဇာဏီ၊ ဓာတ်ပုံ-ကြေးမုံအဖွဲ့**

## မြန်မာနှင့် လက်ရှိချန်ပီယံ ဖေဖော်ဝါရီ ၂ ရက်တွင် ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း အုပ်စု(ဂ)တွင် ကျရောက်လျက်ရှိသည်။

၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၁ ရက်အထိ တရုတ်(တိုင်ပေ)၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၆ သင်းကို လေးသင်းတစ်အုပ်စုခွဲ၍ အုပ်စုလေးခုဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု (ဂ)တွင် လက်ရှိချန်ပီယံ အီရန်၊ အီရတ်၊ တရုတ်အသင်းတို့နှင့် ပါဝင်နေပြီး အုပ်စု (က)တွင် အိမ်ရှင် တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ မလေးရှား၊ ဘာရိန်း၊ အုပ်စု (ခ)တွင် ဥဇဘက်ကစ္စတန်၊ ဂျပန်၊ တာဂျစ်ကစ္စတန်၊ တောင်ကိုရီးယား၊ အုပ်စု (ဃ)တွင် ထိုင်း၊ ကာဂျစ္စတန်၊ လက်ဘနွန်နှင့် ဂျော်ဒန်အသင်းတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ နည်းပြချုပ် ဦးဌေးမြင့်၊ လက်ထောက်နည်းပြ ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြ ဦးထွန်းထွန်းလတ်၊ ဂိုး ရန်ပိုင်ဟိန်း၊ ဇွဲပြည့်စုံ၊ ကစားသမား ကိုကိုလွင်၊ ဟိန်းမင်းစိုး၊ နိုင်ရဲကျော်၊ မျိုးမြင့်စိုး၊

**စာမျက်နှာ ၉ ကော်လံ ၅ သို့**

# KBZ Bank Women' League ပြိုင်ပွဲတွင် မြဝတီအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်းက တက္ကသိုလ်အသင်းကို ၁၅ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ မြဝတီအသင်းသည် သစ္စာအားမာန်အသင်းကို ဂိုးကွာခြားချက်တွင် အမီလိုက်ရန် ယခုပွဲတွင် ဂိုးများ ရသလောက်သွင်းယူခဲ့သည်။ မြဝတီအသင်းသည် ပွဲစကတည်းက ဂိုးရရန် တိုက်စစ်ဖွင့်ကစားခဲ့ပြီး တိုက်စစ်မှူး ဝင်းသီဂီထွန်းက ၇၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၄၈၊ ၆၈၊ ၇၆၊ ၈၆ မိနစ်တွင် တစ်ဦးတည်း ကိုးဂိုးသွင်းယူခဲ့ကာ ကျန်အနိုင်ဂိုးများကို ၅၂၊ ၆၀၊ ၈၁၊ ၈၈ မိနစ်တွင် ရှုပါခိုင်က လေးဂိုး၊ ၄၀၊ ၈၅ မိနစ်တွင် ခိုင်သဇင်က နှစ်ဂိုး သွင်းယူခဲ့သည်။ မြဝတီအသင်း၏ ဂိုးပြတ်အနိုင်ရလဒ်ကြောင့် သစ္စာအားမာန်အသင်းသည် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပမည့်ပွဲ၌ ဂိုးပြတ်အနိုင်ရမှသာ ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**



**မြဝတီအသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်နေစဉ်။**



**မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဝိသုဒ္ဓါရာမကျောင်းတိုက်အတွင်းမှ နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိ ရမည်းသင်းကျောင်းတော်ကြီး။**

# မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား ပြည်သူပါဝင်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းထိန်းသိမ်းပေးစေလို

**မန္တလေး ဇန်နဝါရီ ၃၁**

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စနစ်အတိုင်း ပြည်သူပါဝင်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ထိန်းသိမ်းပေးစေလိုကြောင်း မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က အကြံပြုပြောကြားသည်။

"ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနကနေ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းဖို့ ငွေကြေးအနေနဲ့လည်း မလုံလောက်ဘူး၊ နည်းပညာလည်း မလုံလောက်ဘူး၊ လူအင်အားလည်း မလုံလောက်ဘူး၊ ဒါကြောင့် အစိုးရတစ်ခုတည်း ရှုန်းနေတဲ့ဝန်ကို ပြည်သူက

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

